BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး
သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၅၂) ခရစ်နှစ် ၂၀၀၄ ခုနှစ်၊ ဇွန်လ။ ✱ မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အမှတ် (၅၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ကြေညာချက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့၏ စည်းရုံးရေးခရီးတွင် ၂၀၀၃-ခုနှစ် မေလ(၃၀)ရက်နေ့က၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ကျည်ရွာအနီး၊ ၎င်းတို့အဖွဲ့နှင့် ထောက်ခံသူများအား၊ လူစုလူဝေးဖြင့် အကြမ်းဖက်ခံရပြီးနောက်-

(၁) နေအိမ်များတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံထားကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်၊

(၂) အကျဉ်းထောင်အသီးသီးများတွင် အကျဉ်းကျခံနေကြရဆဲဖြစ်သော အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဒီမိုကရေစီအင်အားစုများကို ခြွင်းချက်မရှိ၊ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊ တောင်းဆိုလိုက်သည်။

ရန်ကုန်မြို့
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
၁၃၆၆ ခုနှစ်၊ နယုန်လဆန်း(၁၂)ရက်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၂၀၀၄ ခုနှစ်၊ မေလ(၃၀)ရက်

## ကုလအတွင်းရေးမှူးချုပ်၏ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဖြေရှင်းမှု အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူက တောင်းဆို


အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဦးလွင်

အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်ဖြစ်သည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် အတွင်းရေးမှူးဦးလွင်မှ လက်ရှိကြုံတွေ့နေရသော မြန်မာပြည်ပြဿနာ ဖြေရှင်းရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်မှ ကိုယ်တိုင်ကိုယ်ကျပါဝင်ဖြေရှင်းရေးကို တောင်းဆိုလိုက်သည်။ ကိုဖီအာနန်၏ကိုယ်စားလှယ်ဖြစ်သူ ရာဇာလီ၏ လုပ်ဆောင်ချက်များမှာ စိတ်ဝင်စားစရာမရှိကြောင်း၊ ရာဇာလီထက် ပို၍လုပ်နိုင်သော အခွင့်အာဏာရှိသူ ကိုဖီအာနန်ကိုယ်တိုင် ပါဝင်ဖြေရှင်းဆောင်ရွက်ရေးကို NLD မှ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံသို့ စာရေးတောင်းဆိုထားကြောင်း ဇွန်လ(၃)ရက်နေ့က ထုတ်ဖော်ပြောဆိုခဲ့သည်။

နအဖဝန်ကြီးချုပ် ဗိုလ်ခင်ညွန့်၏ ညောင်နှစ်ပင်ညီလာခံအား ထောက်ခံမှုရယူရေးရည်ရွယ်၍၊ အိမ်နီးနားချင်းနိုင်ငံများသို့ သွားရောက်သော ခရီးစဉ်များနှင့်စပ်လျဉ်း၍ဦးလွင်မှ ဝေဖန်ပြောကြားရာ၌ မြန်မာပြည်ပြဿနာမှာ အိမ်နီးချင်းနိုင်ငံများနှင့်သာ ပြီးမည်မဟုတ်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ကိုယ်တိုင်ပါဝင်ဖြေရှင်းရန်လိုအပ်ကြောင်းနှင့်၊ ရွေးကောက်ပွဲအနိုင်ရအဖွဲ့ချုပ်မပါဘဲ ကျင်းပနေသည့် ညီလာခံမှာ တိုင်းပြည်အနာဂတ်အတွက် အကျိုးမရှိသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှ သဘောပေါက်လက်ခံပြီးဖြစ်သည်ဟုယုံကြည်ကြောင်း အဖွဲ့ချုပ်သဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှလည်း ကုလသမဂ္ဂအထွေထွေညီလာခံအဆက်ဆက်မှ ချမှတ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်များကို နိုင်ငံတကာအသိုင်းအဝိုင်းမှ လိုက်နာအကောင်အထည်ဖော်ပါရန် အစဉ်အဆက် ပန်ကြားတောင်းဆိုခဲ့သည်။ ❖

## မြန်မာ့နိုင်ငံရေး ကုလဆုံးဖြတ်ချက်အရ သုံးပွင့်ဆိုင်ဆွေးနွေးအဖြေရှာသင့် ထောင်မှပြန်လည်လွတ်မြောက်လာသူ မွန်ခေါင်းဆောင်ပြောဆို


နိုင်ငွေသိန်း

ယခု(၄)ရက်နေ့က အကျဉ်းထောင်မှ ပြန်လွတ်မြောက်လာသည့် ရွေးကောက်ပွဲအနိုင်ရ မွန်အမျိုးသားဒီမိုကရက်တစ်တပ်ဦး ဒု-ဥက္ကဋ္ဌနိုင်ငွေသိန်း (အသက်-၈၀)က ပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံသည် ယခင်ပုံစံအတိုင်းဆက်သွားနေခြင်းသာဖြစ်ပြီး လက်ရှိနိုင်ငံရေးအခြေအနေမှာ ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့်အညီ သုံးပွင့်ဆိုင်ဆွေးနွေးဖြေရှင်းသွားဖို့သာဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုင်ငွေသိန်းကယခုညီလာခံတွင် ပြည်သူလူထု ရွေးကောက်ထားသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အစုံအလင် ပါဝင်ခြင်းမရှိသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားများတွင် အခြေခံမူရမည့်ကိစ္စရပ်များတွင် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖို့လိုအပ်ကြောင်း ပြောကြားလိုက်သည်။

ဆက်လက်၍ မြန်မာ့နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ ၎င်း၏အမြင်သဘောထားကိုပြောကြားရာတွင် ကုလသမဂ္ဂအဖွဲ့၏ဆုံးဖြတ်ချက်နှင့်အညီ သုံးပွင့်ဆိုင်ဆွေးနွေးဖြေရှင်းရေးသာ အကောင်းဆုံး ဖြစ်နိုင်မည်ဟု ဆိုသည်။

နိုင်ငွေသိန်းသည် နအဖနှင့်အပစ်အခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီနှင့် စစ်အုပ်စုတို့အကြား အထင်အမြင်လွဲမှားအောင် ပြုလုပ်သည်ဟုစွပ်စွဲ၍ ထောင်ဒဏ်(၇)နှစ်ချမှတ်ခြင်းခံခဲ့ရသူဖြစ်သည်။ ❖

## အသက်သေသည့်တိုင်၊ ကိုယ်စားလှယ်အဖြစ်မှမထွက် နအဖ၏ ခြိမ်းခြောက်မှုကို အဲန်အယ်လ်ဒီ အမတ်က တုံ့ပြန်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လားရှိုးမြို့နယ်ကိုယ်စားလှယ် ဦးသန်းငွေအား ရှမ်းပြည်မြောက်ပိုင်း ရဲမင်းကြီးက ခေါ်ယူတွေ့ဆုံပြီး၊ NLD က ဘာမှဖြစ်လာမည် မဟုတ်ကြောင်းပြောဆို၍ နှုတ်ထွက်ရန် ဖိအားပေးခဲ့ရာ ဦးသန်းငွေမှ ပြည်သူလူထုအတွက် လုပ်နေတာဖြစ်၍ မထွက်နိုင်ကြောင်း အသက်သေသည့်တိုင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ မနှုတ်ထွက်နိုင်ကြောင်း၊ နိုင်ငံသားများအပေါ် သစ္စာရှိစွာဖြင့်ရွေးကောက်ပွဲတွင် ပြည်သူလူထုအားပေးအပ်ခဲ့သော ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်ဟု သိရသည်။

ဦးသန်းငွေ၏ စီးပွားရေးလုပ်ငန်းများကိုပျက်စီးစေရန် နအဖ အာဏာပိုင်များမှ အမျိုးမျိုး ဖိအားပေးလုပ်ဆောင်လျက်ရှိသည်ဟုလည်း၊ သတင်းများအရသိရှိရသည်။ ဦးသန်းငွေပိုင်ပစ္စည်းများကို နိုင်ငံပိုင်အဖြစ်သိမ်းယူခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို ရပ်ဆိုင်းပစ်စေရန် အမျိုးမျိုးကြံစည်လုပ်ဆောင်မှုများကိုသိရှိနေကြသော ဦးသန်းငွေအား ရွေးကောက်တင်မြှောက်ခဲ့ကြသည့် လားရှိုးပြည်သူလူထုမှ နအဖ၏ မတရားလုပ်ရပ်များကိုရှုံ့မုန်းလျှက် ဦးသန်းငွေနှင့်NLD အား ပိုမိုထောက်ခံလာကြကြောင်း ဒေသခံများက ပြောဆိုလျက်ရှိသည်။

ဦးသန်းငွေကဲ့သို့သော NLD ခေါင်းဆောင်များ၏မဆုတ်မနစ် ကိုယ်ကျိုးစွန့်လျက် ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေမှုများသည်၊ မိမိတို့ တိုင်းရင်းသားအဖွဲ့အစည်းများအတွက် လုပ်ငန်းစဉ်များချမှတ်ရာ၌ များစွာထည့်သွင်းစဉ်းစားရမည့် အခြေအနေအချက်အလက်များဖြစ်ကြောင်း၊ အမည်မဖော်လိုသည့် နအဖနှင့် အပစ်အခတ်ရပ်စဲထားပြီ အမျိုးသားညီလာခံသို့ တက်ရောက်လျှက်ရှိသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတခုမှ ခေါင်းဆောင်တဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောကြားလိုက်သည်။❖

## ပြည်သူ့ကိုယ်စားလှယ်များမပါဝင်ဘဲရေးဆွဲသည့် အခြေခံဥပဒေ တိုင်းပြည်အတွက်ဘယ်လိုမှ ကောင်းမွန်မည်မဟုတ် တိုင်းရင်းသားခေါင်းဆောင်တဦး ပြောဆို


ယူအန်အေ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်
ဦးပူကျော့ရှင်းထန်

တပ်မတော် အပါအဝင် တပြည်လုံးကို ကိုယ်စားပြုသည့် နိုင်ငံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မပါဘဲ အခြေခံဥပဒေရေးဆွဲခြင်းသည် တိုင်းပြည်အတွက်ကောင်းသည့် အလားအလာမဟုတ်ဟု ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးပူကျော့ရှင်းထန်က ပြောကြားလိုက်သည်။

ယခုလ(၂၂)ရက်နေ့က နအဖ အမျိုးသားညီလာခံနှင့်ပတ်သက်၍ တိုင်းရင်းသားခေါင်းဆောင်များ၏သဘောထားကို လာရောက်မေးမြန်းခဲ့သူ ကုလသမဂ္ဂ အထူးသံမစ္စတာရာဇာလီအစ္စမေးလ်၏ ဆက်သွယ်ရေးအရာရှိ မစ္စတာလီယိုမာတင်နှင့်တွေ့ဆုံစဉ် ဦးပူကျော့ရှင်းထန်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးပူကျော့ရှင်းထန်က ဒီမိုကရေစီပေးမည်ဟု နအဖက ကတိအမျိုးမျိုးပေးနေသော်လည်း လက်တွေ့တွင် ဒီမိုကရေစီသို့ ဦးတည်သွားနေတာ မမြင်ရကြောင်း၊ နအဖ၏ရတ်မက်အရကြည့်လျှင်လည်း ပြည်ထောင်စုအခြေခံမည့်ဥပဒေကို ဦးတည်မည့်ပုံမတွေ့ရဘဲ တပြည်ထောင်စနစ်နှင့်သာသွားမည့်ပုံပေါ်လွင်နေကြောင်း ဆိုခဲ့သည်။ ထို့အပြင် တတိုင်းပြည်လုံး၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်မှန်သည့်ပြည်သူ့ကိုယ်စားလှယ်များမပါဘဲရေးဆွဲမည့် အခြေခံဥပဒေသည် တိုင်းပြည်အတွက် ဘယ်လိုမှကောင်းမွန်လိမ့်မည်ဟု မထင်ကြောင်း၊ မစ္စတာ လီယိုမာတင်ကို ပြောကြားခဲ့သည်။

မစ္စတာ လီယိုမာတင်သည် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ရုံး တာဝန်ခံတဦးဖြစ်ပြီး ကုလသမဂ္ဂ အထူးသံ မစ္စတာ ရာဇာလီအစ္စမေးလ်နှင့် တိုင်းရင်းသားခေါင်းဆောင်များအကြားတွင် ဆက်သွယ်ရေးအရာရှိအဖြစ် ပူးတွဲတာဝန်ယူထားသူဖြစ်သည်။ ❖

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ယနေ့ကာလ လက်ငင်း နှင့် အဓိကတာဝန်

နအဖ ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်၏ အချက်(၇)ချက်ပါ လမ်းပြမြေပုံ၏ နံပါတ်(၁) အဆင့်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မှော်ဘီ ညောင်နှစ်ပင်ကွင်း အမျိုးသား ညီလာခံကျင်းပနေသည်မှာ အချိန်အားဖြင့် တလကျော်ခန့်ရှိပြီဖြစ်သည်။

ညီလာခံတွင် နအဖနှင့် အပစ်အခတ်ရပ်စဲထားသော ငြိမ်းချမ်းရေးအဖွဲ့ (၂၈)ဖွဲ့ တက်ရောက်နေသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ အမှန်မှာ နအဖ၏ သွေးခွဲအုပ်ချုပ်ရေး ပေါ်လစီကြောင့် ဤမျှ အဖွဲ့များနေရခြင်းဖြစ်ပြီး၊ အချို့အဖွဲ့များမှာ နအဖ အလိုကျ ဖောင်းတော်ညိတ် စိတ်တော်သိကြရသည့် အဖွဲ့အစည်းများဖြစ်ပေသည်။ ညီလာခံတက် ရောက်ရသော ငြိမ်းချမ်းရေးအဖွဲ့များအတွင်း အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြု ရေးဆိုင်ရာ အကြံပြုစာတမ်းများတင်သွင်းရာ၌ အမျိုးမျိုးကွဲပြားနေသည်ဟု ကြားသိနေရ ပေသည်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့(၁၅)ဖွဲ့က အာဏာခွဲဝေရေးနှင့်စပ်လျဉ်း၍ ဖက်ဒရယ် မူကို တောင်းဆိုခဲ့ပြီး၊ ကိုးကန့် ဝသပနှင့် (ဂ၁၅) ဦးစိုင်းလင်းတို့အဖွဲ့မှ သီးခြားပြည်နယ် ခွဲထွက်ခွင့် တောင်းဆိုခဲ့သည်ဟု သိရသည်။ ဖဒိုအောင်ဆန်း၏ ဘုရားကုန်းအထူးဒေသနှင့် ဦးအောင်ခမ်းထီ၏ပအို့ဝ်ဖြူအဖွဲ့တို့ကမူ နအဖ၏တင်ပြချက်များကို ထောက်ခံကြသည်ဟု ဆိုသည်။ ဤအချက်ကပင် နအဖ၏ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ မည်မျှအောင်မြင်သည်ကို ပြဆိုနေသည်။ ၁၉၄၇ ခုနှစ်ကလည်း ဗိုလ်နေဝင်းက (၃၃)ဦး အကြံပေးကော်မတီကို ဖွဲ့စည်း၍ အနာဂတ်မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံရေးဆွဲရန် အကြံပြုစာတမ်းများ တင် သွင်းစေခဲ့သည်။ ဦးနုနှင့်ဗိုလ်မှူးအောင်က တော်လှန်ရေးကောင်စီဖျက်သိမ်းရေး အာဏာပြန်အပ်ရေး စာတမ်းတစောင်၊ ဦးကျော်ငြိမ်းတို့တည်မြဲအဖွဲ့က ဖက်ဒရယ်ဆန့် ကျင်ရေး စာတမ်းတစောင် ၊ ပမညတ လက်ဟောင်းများက စာတမ်းတစောင် မတူကွဲပြား ခြားနားစွာ တင်သွင်းခဲ့ကြသည်။ နောက်ဆုံး၌ စာတမ်းပါအကြံပြုချက်အားလုံးကို ပယ်ချ၍ စစ်အာဏာရှင်စနစ် တည်မြဲရေးဖွဲ့စည်းပုံ ပေါ်ပေါက်ရေးကိုသာ လိမ်လည်လှည့်ဖျား အကောင်အထည် ဖော်ခဲ့သည်။ ၁၉၄၇ ခုနှစ် (၃၃)ဦးအကြံပေးအဖွဲ့၏ ကံကြမ္မာမျိုးကိုသာ ညီလာခံတက်ရောက်နေသည့် ငြိမ်းချမ်းရေးအဖွဲ့များ ကြုံတွေ့ရမည်ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ဗိုလ်ခင်ညွန့်၏ရတ်မက်ပါ အဆင့်(၁)ဖြစ်သည့် အမျိုးသားညီလာခံကို နအဖမှ မည်သည့်အခက်အခဲတွေ့စေကာမူ ရည်မှန်းချက်များအတိုင်း အကောင်အထည် အောင်မြင်ရန် ကြိုးပမ်းမည်ပင်ဖြစ်သည်။ ယခုကာလမှာပင် ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီက တချို့သောအစုအဖွဲ့များမှတင်ပြသော စာတမ်းများကို ကျင်းပရေး ကော်မရှင်မူများနှင့်ကွဲလွဲသည်ဟုဆို၍ ရုတ်သိမ်းရန်တောင်းဆိုနေကြောင်း သိရှိရပေသည်။

ဗိုလ်ခင်ညွန့်ရုတ်မက်၏ နံပါတ်(၂)အဆင့်တွင် စည်းကမ်းရှိသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းစေရေးအတွက် လိုအပ်သောဆောင်ရွက်ဖွယ် အဆင့်ဆင့်ကို တဆင့်ပြီးတဆင့် ဆောင်ရွက်မည်ဟုဆို၏။ အဓိပ္ပာယ်မှာ အပစ်အခတ်ရပ်စဲထားသောအဖွဲ့များအား တရား ဝင်နိုင်ငံရေးပါတီအဖြစ်ပြောင်းလဲစေ၍ လက်နက်ဖြုတ်ခြင်း၊ သို့မဟုတ် တပ်ဖွဲ့များကို ရဲတပ်ဖွဲ့ဝင်အဖြစ်ပြောင်းခြင်း၊ NLD အား လုံးဝနလန်မထူနိုင်အောင်ချေမှုန်းခြင်း၊ KNU, KNPP, SSRC စသောအဖွဲ့များအားစစ်ရေးအရ အမြစ်ပြတ်ချေမှုန်းခြင်းတို့ကိုလုပ်ဆောင် လာနိုင်သည်။ တပြိုင်တည်းတွင် တစညအား သွယ်ဝိုက်ထောက်ခံမှုများကို ပိုမိုတိုးမြှင့်ခြင်း၊ ကြံ့ဖွံ့အား ပိုမိုခိုင်ခံ့အားကောင်းအောင်ပြင်ဆင်ခြင်းနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အတွက် ၎င်း၏ဒေါက်တိုင်များအား ခိုင်မာအောင် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်လာနိုင်သည်။ ဆိုလို သည်မှာ နအဖသည် ဒီမိုကရေစီအင်အားစုများအပေါ် အဆုံးသတ်ချေမှုန်းရေးတိုက်ပွဲကို ဆင်နွှဲလာတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ဤအခြေအနေတွင် တိုက်ပွဲ၏ပုံသဏ္ဌာန်ကို အာဏာရှင်တို့ကသာ ပြဋ္ဌာန်းမည်ဖြစ် သဖြင့် အတိုက်အခံအင်အားစုများမှလည်း ဘဝအရ တရားသောတိုက်ပွဲကို မလွဲမရှောင် သာ ဆင်နွှဲရမည်မှာ သမိုင်းပေးတာဝန်ဖြစ်ပေသည်။ ဤအဆုံးအဖြတ်တိုက်ပွဲ၌ လွှတ်တော် ကိုယ်စားပြုကော်မတီသည် တော်လှန်ရေးဝင်ရိုးသဖွယ် ဦးဆောင်မှုကိုရယူပြီး လက်တွေ့ နှင့်ပကတိအခြေအနေများအပေါ်မူတည်၍ ပြည်သူလူထုကို ရှေ့ဆောင်ရန် လိုအပ်လျက် ရှိသည်။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး တိုက်ပွဲစဉ်တလျှောက် ပြည်သူလူထုကို ဦးဆောင်လျက် အမျိုးသားသွေးစည်းညီညွတ် ရေးအင်အားဖြင့် အောင်ပွဲကိုအရယူခဲ့သည့် ပြည်တွင်းနိုင်ငံရေးအင်အားစု၏ စွမ်းအားမှာ သမိုင်းတွင်အထင်အရှားဖြစ်သည်။ ပြည်တွင်းနိုင်ငံရေး အင်အားစု၏ စွမ်းအားထက်မြက် လေလေ တော်လှန်ရေးအောင်ပွဲနှင့် နီးကပ်လေလေဖြစ်သည်ကို သတိမူမိရာ၏။ အဆုံး အဖြတ်ပိုင်းဆိုင်ရာဦးဆောင်မှုမှာ CRPP တွင်ပါဝင်မည့် NLD၊ UNA နှင့် ULND တို့ ထံတွင်သာရှိနေသည်ကို လူထုကြီးက သိရှိပြီးဖြစ်သည်။ သို့ပါ၍ CRPP ခေါင်းဆောင် များအနေနှင့် ပိုမိုစူးရှထက်မြက်သော ကိုယ်ကျိုးစွန့် အနစ်ခံတတ်သောစိတ်ဓာတ်ဖြင့် သက်ဆိုင်ရာသူအားလုံး ပါဝင်တိုက်ပွဲဝင်နိုင်သည့် စစ်အုပ်စုဖျက်သိမ်းရေးအနိမ့်ဆုံး ဘုံလုပ်ငန်းစဉ်ကို ချမှတ်အကောင်အထည်ဖော်ရန် အချိန်ကျရောက်ပြီဖြစ်ပါကြောင်း နှိုးဆော်တိုက်တွန်းရပေသည်။ ❖

# နအဖ အတုအယောင်ညီလာခံတွင် စာတမ်း(၄)စောင် ထွက်ပေါ်လာ စစ်အစိုးရအကြပ်ရိုက်နေ





နအဖညီလာခံတက်ရောက်နေသည့် တိုင်းရင်းသား ကိုယ်စားလှယ်အဖွဲ့များ

နအဖစစ်အုပ်စုက လက်ရှိကျင်းပနေ သည့် အတုအယောင်အမျိုးသားညီလာခံတွင် အပစ်အခတ် ရပ်စဲရေးအဖွဲ့များနှင့် လက် နက်ချအခွင့်အရေးရ လက်နက်ကိုင်အဖွဲ့များ မှ ပူးပေါင်းတင်သွင်းသည့် စာတမ်းများနှင့် အခြားပညာရှင်အဖွဲ့များမှ တင်သွင်းသည့် စာတမ်း(၄)စောင် ထွက်ပေါ်လာခြင်းကြောင့် နအဖစစ်အစိုးရအနေနှင့် အကြီးအကျယ် အကြပ်ရိုက်လျက်ရှိနေကြောင်း အပစ်အခတ် ရပ်စဲရေးအဖွဲ့နှင့်နီးစပ်သော သတင်းရပ် ကွက်မှ သိရှိရသည်။

၎င်းစာတမ်းများမှာ အပစ်အခတ်ရပ်စဲ ရေးအဖွဲ့အချို့နှင့် လက်နက်ချအခွင့်အရေးရ လက်နက်ကိုင်အုပ်စုများမှ ပူပေါင်းရေးဆွဲ တင်သွင်းသည့် ဖက်ဒရယ်ပြည်ထောင်စုမူ စာတမ်း၊ ၁၉၇၉– ခုနှစ်မှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီမှ ခွဲထွက်သွားခဲ့သည့် ဗကပ ဟောင်းများဖြစ်သည့် ဝ၊ ကိုးကန့်နှင့် မိုင်းလား ဒေသအခြေစိုက် ယခင်(ဂ၁၅)စစ်ဒေသမှ စိုင်းလင်းခေါင်းဆောင်သည့်အဖွဲ့များက ပူးပေါင်းတင်သွင်းသည့် ရှမ်းပြည်နယ်တွင် မပါဝင်သည့် သီးခြားပြည်နယ်ရရှိရေးစာ တမ်း၊ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီ၏ ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်နှင့် ယခင် ကေအဲင်န်ယူ မှ လက်နက်ချသွားသည့် ဖဒိုအောင်ဆန်း ဦးဆောင်သည့် ဘုရားကုန်းအထူးဒေသအဖွဲ့ တို့ ပူးပေါင်းတင်သွင်းသည့် စာတမ်းနှင့်သမိုင်း ပညာရှင် ဦးထွန်းအောင်ရှိန် ခေါင်းဆောင် သည့်အဖွဲ့မှတင်သွင်းသည့် စာတမ်းများ ဖြစ် သည်။

ပေါက်ယူချန် ဦးစီးသည့် ဝပြည်သွေး စည်းညီညွတ်ရေး တပ်မတော်သည် အပစ် အခတ်ရပ်စဲရေးအဖွဲ့များတွင် အင်အား အကြီးမားဆုံးဖြစ်သည်။ အမြဲတန်းတပ်ဖွဲ့ အင်အားမှာ နှစ်သောင်းကျော်ခန့်ရှိပြီးဒေသတပ် ဖွဲ့များနှင့် အချိန်ပိုင်းပြည်သူ့စစ်အင်အားများ နှင့်ပါဆိုလျှင် အင်အား သိန်းဂဏန်းထိ တိုးချဲ့နိုင် သည့်အနေအထားမှာပင် ရှိကြောင်း ယခင်လုပ်ဖော် ကိုင်ဖက် တပ်မှူးဟောင်း တဦးက မိုးကြိုးသတင်းစာ သို့ ပြောကြားခဲ့သည်။ ထို့ ပြင် ၎င်းတို့သည် ဗကပမှ ခွဲထွက်လာကတည်းကပင် သီးခြား ဝပြည်နယ်ရရှိ ရေးကို အစဉ်တစိုက် တောင်းဆိုခဲ့ပြီး ဒေသ အပိုင်းအခြားမှာ သံလွင် အရှေ့ခြမ်း ရှမ်းပြည်နယ် ဒေသတခုလုံးပင် ဖြစနိုင် ကြောင်း ထပ်လောင်း သုံးသပ် ပြောဆိုခဲ့သည်။

ဤအရေးမှာ နအဖ စစ်အစိုးရအတွက် အကြီး အကျယ် ခေါင်းခဲရမည့် တောင်းဆိုချက်တခုပင် ဖြစ်နေကြောင်း၊ ညီလာခံ တွင် မည်သို့မည်ပုံဖြေရှင်းလို့မှ မရနိုင်မည့် အကျပ် အတည်းဖြစ်ကြောင်း ၎င်းကပင် ထပ်လောင်းသုံးသပ်ပြခဲ့သည်။

ဤသို့သောအခြေအနေများတွင်ပင် ညီလာခံကိုယ်စားလှယ်များနှင့် နီးစပ်သည့် နေရာမှ သတင်းတခုထွက်ပေါ်လာသည်မှာ စာတမ်း (၄)စောင်တင်သွင်းခဲ့သည့် သတင်း အပတ်၌ ညီလာခံကိုယ်စားလှယ်များအားလုံး အပတ်စဉ် ရန်ကုန်ပြန်ခွင့် အပိတ်ခံလိုက်ရ ကြောင်းပင်ဖြစ်သည်။

ညီလာခံသို့မတက်ရောက်သည့်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အခြေခံမူ (၁၀၄)ချက်သည် ဆွေးနွေးစဉ်းစားဖို့သာ ဖြစ်ထိုက်ပြီး၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ချည်နှောင်ထားမည့်အခြေခံ မူများမဖြစ်သင့်ဟု (၂၀၀၄)ခု၊ မေ(၁၄)ရက် နေ့စွဲနှင့် ကြေညာချက်တွင်ဖော်ပြခဲ့သည်။

ထို့ပြင် ဤအခြေခံမူများထဲ၌ စစ်မှန် သည့် ဒီမိုကရေစီနိုင်ငံတစ်ခု၏မူများနှင့် လိုက် လျောညီထွေမှုမရှိသည်များ ပါဝင်နေသည် ဟု အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်ကလည်း(၁၉၉၅)ခုနှစ်၌ ရှင်းလင်း ပြတ်သားစွာ ထောက်ပြခဲ့သည်။

ဤသို့သော အကျပ်အတည်းအခြေအနေ များအောက်တွင် စစ်အစိုးရဘက်မှအမျိုးသား ညီလာခံကို ဇူလိုင်လထဲတွင်ခေတ္တရပ်နားရန် ရှိကြောင်းလည်း သတင်းများထွက်ပေါ်နေ သည်။❖

# မွန်အတိုက်အခံခေါင်းဆောင် သုံးဦး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်

ဇွန်၊ (၄)ရက်။

မတရားဖမ်းဆီးခံထားရသည့် မွန်အမျိုးသားဒီမိုကရေစီတပ်ဦးမှ ဒုဥက္ကဋ္ဌ နိုင်ငွေသိန်း၊ မုဒုံ အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းကြည်ဝင်းနှင့် ရေးမြို့နယ်အမှတ်(၁)ကိုယ်စားလှယ် ဒေါက်တာ မင်းစိုးလင်းတို့သည် ယခုလ(၄)ရက်နေ့က မော်လမြိုင် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

အဆိုပါပုဂ္ဂိုလ်များကို မွန်အမျိုးသားနေ့ကျင်းပခဲ့မှုဖြင့် ၁၉၉၇–ခုတွင် ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ်(၇)နှစ်စီ ချမှတ်ခဲ့သည်။ အကျဉ်း ကျခံနေရစဉ် ၎င်းတို့အားလုံး၏ ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးနေသည့်အတွက် လူ့အခွင့်အရေးအဖွဲ့များက အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုခဲ့ပြီးနောက် ယခုလိုလွတ်မြောက်လာခြင်း ဖြစ်သည်။❖



# မန္တလေးတိုင်းအဖွဲ့ချုပ်ဝင်များ သက်ဝင်လှုပ်ရှားမှုများစဉ်ဆက်မပြတ်ပြုလုပ် (၅) မြို့နယ် ပုံမှန်အစည်းအဝေး လစဉ်ကျင်းပနေ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပျက်ပြားသွားစေရေးနှင့် လူထုထောက်ခံမှုလျော့နည်းကျဆင်းသွားစေရေးအတွက် နအဖအာဏာပိုင်များက နည်းမျိုးစုံကြိုးပမ်းနေသော်လည်း နိုင်ငံတဝှမ်းလုံးရှိ အဖွဲ့ချုပ်ဝင်များက အဖွဲ့ချုပ်၏ သက်ဝင်လှုပ်ရှားမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေရန် ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မန္တလေးတိုင်းအတွင်းရှိ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည် စသည့်မြို့နယ်များရှိ အဖွဲ့ချုပ်ဝင်များက အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ရေး လစဉ်ပုံမှန်အစည်းအဝေးများ ပြုလုပ်လျက်ရှိရာ ယခုလ(၁)ရက်နေ့ ကမိတ္ထီလာမြို့တွင်(၅)မြို့နယ်ပုံမှန်အစည်း အဝေးကျင်းပခဲ့ကြသည်။

ထိုအစည်းအဝေးသို မန္တလေးတိုင်းအတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ ကျောက်ပန်းတောင်းအတွင်းရှိ မြို့နယ်(၅)မြို့နယ်တို့မှ ကိုယ်စားလှယ်များအပြင် တောင်သာ၊ မလှိုင်၊ မြင်းခြံနှင့် ရမည်းသင်းမြို့နယ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ထို့အပြင်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဝမ်းတွင်းအမှတ်(၂)ကိုယ်စားလှယ် ဒေါက်တာလှအောင်၊ မိတ္ထီလာအမှတ်(၂)ကိုယ်စားလှယ် ဒေါက်တာသိန်းလွင်နှင့် သာစည်အမှတ်(၂)ကိုယ်စားလှယ် ဦးမောင်မောင်လေးတို့ပါ တက်ရောက်ခဲ့သည့်အပြင် မြို့နယ်အသီးသီးမှအဖွဲ့ချုပ်ဝင်(၅၀)ကျော်တို့ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုအစည်းအဝေးတွင် အဖွဲ့ချုပ်၏မူဝါဒရပ်တည်ချက်များနှင့်အညီ ရှေ့လုပ်ငန်းစဉ်များချမှတ်ခဲ့ကြသည်။ ယခုလို အစည်းအဝေးပြုလုပ်ခြင်းကို မြို့နယ်အာဏာပိုင်များက ဟန့်တားနှောင့်ယှက်ခြင်း မပြုလုပ်ခဲ့သော်လည်း အစည်းအဝေးကျင်းပခွင့်မရှိကြောင်း အသိပေးထားသည်ဟု ဆိုသည်။ သို့ရာတွင် လစဉ်အစည်းအဝေးများ ပုံမှန်ကျင်းပနိုင်ရေးအတွက် အဖွဲ့ချုပ်ဝင်များက ညီညီညွတ်ညွတ်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။❖

# ရေဘူးရှိရှိ၊ မရှိရှိ ရေပါဖို့လို၊ ထိုစိတ်ဓာတ်နှင့်ပြည်နယ်တိုင်းများမှ အဖွဲ့ချုပ်ဝင်များ အဖွဲ့ချုပ်လှုပ်ရှားမှုများရပ်တန့်မသွားရန် ကြိုးပမ်းနေ

ဇွန်၊ (၂၅ )ရက်။

မြန်မာပြည်တဝှမ်းလုံးရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများအား စစ်အုပ်စုအာဏာပိုင်များက ပိတ်ပင်ထားသလို၊ အဖွဲ့ချုပ်ဝင်များ၏လှုပ်ရှားမှုများကို စောင့်ကြည့်ကန့်သတ်ခံနေရသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများ ရပ်တန့်မသွားစေရန် ပြည်နယ်တိုင်းများမှ ဒေသဆိုင်ရာအဖွဲ့ချုပ်ဝင်များက တတ်နိုင်သမျှစည်းရုံး၍ ကြိုးစားလုပ်ဆောင်နေကြောင်း သိရသည်။

ထိုသို့လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ မကွေးတိုင်း ရေနံချောင်းမှူးဦးမောင်မောင်က ဗွီအိုအေနှင့် တွေ့ဆုံမေးမြန်းခန်းတွင် "ကျွန်တော်တို့ခေါင်းဆောင်ကို ဖမ်းထားတယ်၊ ကျနော်တို့ရဲ့ မြို့နယ်ရုံးတွေ၊ တိုင်းရုံးတွေပိတ်ထားတယ်။ အဖွဲ့ချုပ်ရုံးတစ်ခုပဲ ဖွင့်ထားတယ်ပေါ့ဗျာ။ ကျွန်တော်တို့ကို ဖိအားတွေများနေတဲ့အခါမှာ ကျွန်တော်တို့က သိနေတဲ့အခါမှာ တုံ့ပြန်ရဲဖို့လိုတယ်"ဟု ပြောကြားခဲ့သည်။ ဆက်လက်၍ အဖွဲ့ချုပ်လှုပ်ရှားမှုများအဖြစ် နေ့ထူးနေ့မြတ် အခမ်းအနားများ လုပ်ဆောင်ခြင်း၊ ဘာသာရေးဒါနများ စုပေါင်းလုပ်ဆောင်ခြင်း၊ လူငယ်စာဖတ်ဝိုင်းများလုပ်ဆောင်ပေးခြင်း စသည့်လှုပ်ရှားမှုများအား တပြည်လုံးရှိအဖွဲ့ချုပ်ဝင်များက ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းလိုက်သည်။

ထို့အပြင် အဖွဲ့ချုပ်၏အားကို ဗဟိုတွင်ချည်းစုမနေဘဲ တပြည်တဝှမ်းလုံး အနှံ့အပြားမှာပါ အားတွေရှိနေကြောင်းကို ပြသရန် လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့ပြီး ရေဘူးပေါက်တာကိုမလိုချင်၊ ရေပါတာကိုသာလိုချင်သည့် စစ်တပ်နှင့်ယှဉ်ပြိုင်နေရချိန်တွင် ရေဗူးရှိရှိ မရှိရှိ ရေပါဖို့သာ အဓိက ဆိုသည့်စိတ်ဓာတ်နှင့် ရင်ဆိုင်သွားပါက ပန်းတိုင်ကို မြန်မြန်ရောက်မည်ဖြစ်ကြောင်း ဆက်လက်ပြောဆိုသွားသည်။

ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဝင်များသည် အမြဲလိုလို ပင်နီဝတ်ဆင်၍ပြီး လူထုစည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နေခြင်းအပါအဝင် မကွေးတိုင်းအတွင်းရှိ အခြားမြို့နယ်များကိုပါ ပင်နီအင်္ကျီများဝတ်ဆင်၍ လူထုလှုပ်ရှားမှုဖြစ်လာစေရန် ကြိုးပမ်းနေကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့သည်။

ဦးမောင်မောင်သည် (၅)နှစ်ကျော်ကြာ အာဏာပိုင်များ၏ဖမ်းဆီးမှုကို ခံခဲ့ရသူဖြစ်ပြီး၊ အကြိမ်ပေါင်းများစွာ မကြာခဏထိန်းသိမ်းခံခဲ့ရဖူးသူလည်း ဖြစ်သည်။❖

ရတ်မက်ကို ဆန့်ကျင်
သုံးပွင့်ဆိုင်ကို မြှင့်တင်

# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၅၉)နှစ်ပြည့်မွေးနေ့အခမ်းအနားနှင့် မြန်မာအမျိုးသမီးများနေ့အခမ်းအနား ရန်ကုန်၊ မန္တလေးမြို့ကြီးများသာမက တပြည်လုံးအနှံ့မြို့ကြီးများတွင် ကျင်းပပြုလုပ်

ဇွန်လ(၁၉)ရက်နေ့တွင် ကျရောက်သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၅၉)နှစ်ပြည့် မွေးနေ့အခမ်းအနားနှင့်မြန်မာ နိုင်ငံအမျိုးသမီးများနေ့ အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီရုံးချုပ်တွင် အဖွဲ့ချုပ်ဗဟိုအမျိုးသမီးအဖွဲ့ကဦးစီး၍ အနှစ်သာရပြည့်ဝစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ထိုနေ့ နံနက်ပိုင်း(၇း၀၀)နာရီအချိန်တွင် ရဟန်းသံဃာတော်များကို အာရုဏ်ဆွမ်း ဆပ်ကပ်လှူဒါန်းမှုများ ပြုလုပ်ခဲ့ပြီး နံနက် (၁၀း၀၀)နာရီအချိန်ခန့်တွင် အခမ်းအနားကို စတင်ခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးအဖွဲ့ချုပ်ဝင်များ၏ လုပ်ငန်းအစီရင်ခံစာများ တင်သွင်းခဲ့ကြပြီး တက်ရောက်လာသူ ပြည်နယ်နှင့်တိုင်း အမျိုးသမီးကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေး သုံးသပ်ညှိနှိုင်းခဲ့ကြသည်။

ထိုအခမ်းအနားသို့ အဖွဲ့ချုပ်ဗဟိုအလုပ် အမှုဆောင်ကော်မတီ ဦးလွင်တက်ရောက်၍ ဒီမိုကရေစီရေးအတွက်တိုက်ပွဲဝင်ခဲ့သည့် (၁၆)နှစ်တာကာလအတွင်း ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်ဗိုလ်ချုပ်အောင်ဆန်းနည်းတူ စွန့်လွှတ်အနစ်နာခံမှုအမျိုးမျိုးနှင့် တိုင်းပြည်အပေါ်ထားရှိသည့် စေတနာများ၊ လုပ်ဆောင်ချက်များ၊ မျှော်လင့်လိုလားချက်များကို ပြောကြားသွားခဲ့သည်။ အခမ်းအနားတက်ရောက်လာသူ ပြည်နယ်တိုင်းများမှ အဖွဲ့ချုပ်ဝင် အမျိုးသမီးများကလည်း ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့အခါသမယတွင် မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မျှော်မှန်းရည်ရွယ်ချက်များအတိုင်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

ထိုအခမ်းအနားအပြီး နေ့ ၁၂း၀၀ နာရီ ခန့်အချိန်တွင် အခမ်းအနားတက်ရောက်လာသူ (၃၀၀)ကျော်ခန့်သည် ရွှေတိဂုံဘုရားသို့ စီတန်းချီတက်ခဲ့ပြီး ဘုရားရင်ပြင်ပေါ် တွင်စုရုံး၍ အင်္ဂါထောင့်တွင် ပန်း၊ ဆီမီး၊ ရေချမ်းများလှူဒါန်းပူဇော်၍ ဒေါ်အောင်ဆန်းစုကြည်ကျန်းမာရေးနှင့် နေအိမ်အကျယ်ချုပ်မှ ချက်ချင်းလွတ်မြောက်ရေးတို့အတွက် ဆုတောင်းမေတ္တာများ ပို့သခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ရန်ကုန်တိုင်း တိုင်းစည်းရုံးရေးကော်မတီက နိုင်ငံရေးလှုပ်ရှားမှုဖြင့် အကျဉ်းကျခံနေရသည့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၏သားသမီး များအား ပညာရေးထောက်ပံ့ကြေးငွေအဖြစ် ကျပ် ၅,၀၀၀ စီ ပေးအပ်ထောက်ပံ့ကူညီခဲ့ ကြောင်း သိရသည်။

အလားတူအခမ်းအနားများကို မန္တလေး၊ မကွေး၊ ကျောက်ပန်းတောင်း၊ ချောက်၊ စစ်ကိုင်း၊ ကလေး၊ ချင်းပြည်နယ် ဟားခါးနှင့် တနင်္သာရီတိုင်း ထားဝယ်၊ ရှမ်းပြည်နယ် နန်းစမ်မြို့တို့တွင်လည်း တပြိုင်တည်းပြုလုပ်ခဲ့ ကြောင်းသိရသည်။❖

# အဖွဲ့ချုပ်ဝင် မြန်မာအမျိုးသမီးတဦး ဂျပန်မှချီးမြှင့်သည့် အမျိုးသမီးသူရဲကောင်းဆုနှင့် နိုက်တင်ဂေးဆုတို့ရရှိ

မြန်မာ့ဒီမိုကရေစီရေးအတွက် ယနေ့တိုင် မဆုတ်မနစ်နှင့် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် မေ(၃၀)ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဒဏ်ရာရထားသူချင်းဖေးမကူညီမှုပေးခဲ့သည့် အဲန်အယ်လ်ဒီအဖွဲ့ဝင် မြန်မာအမျိုးသမီးတဦးအား ဂျပန်အမျိုးသမီးအဖွဲ့က အမျိုးသမီးသူရဲကောင်းဆုနှင့် နိုက်တင်ဂေးဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါဆု(၂)ကိုရရှိသူမှာ မန္တလေးတိုင်း အနောက်မြောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အမျိုးသမီးလုပ်ငန်းအဖွဲ့တာဝန်ခံ ဒေါ်ခင်အေးမြင့်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ ဒီမိုကရေစီရေးအတွက် တစိုက်မတ်မတ် ကြိုးစားလုပ်ကိုင်နေသူဖြစ်သည်။ ထို့အပြင် မတရား ပိတ်ပင်ခံခဲ့ သည့် အဖွဲ့ချုပ်ရုံးများပြန်ဖွင့် နိုင်ရေးနှင့် ဖြုတ်ချခံခဲ့ရသော အဖွဲ့ချုပ် ဆိုင်းဘုတ်များ ပြန်တင်နိုင်ရေးတို့အတွက် အမျိုးသမီးထုအကြား စည်းရုံးလှုပ်ရှားမှုများ ကြံ့ကြံ့ခံ၍လုပ်ဆောင်ခဲ့သည့်အပြင် ယမန်နှစ်မေလ ဒီပဲယင်းအကြမ်းဖက်လုပ်ကြံမှုကြီးအတွင်း ကိုယ်တိုင် ဒဏ်ရာရနေသည့်ကြားမှ အခြားဒဏ်ရာရနေသူများ၊ သတိလစ် မေ့မျောနေသူများကို ကူညီဖေးမကူညီခဲ့သည့်အတွက် အမျိုးသမီးသူရဲကောင်းဆုနှင့် နိုက်တင်ဂေးဆုတို့ ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။

အလားတူ မြန်မာ့ဒီမိုကရေစီရေးတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြသူ မြန်မာအမျိုးသမီးများဖြစ်ကြသည့် ဒေါ်မေဝင်းမြင့်၊ ဒေါ်အေးမြင့်သန်း၊ ဒေါ်ဓမ္မာစာရီ၊ ဒေါ်မာလာရီ (အားလုံး အကျဉ်းကျနေဆဲ) နှင့် အကျဉ်းကျခဲ့ဖူးသော အမျိုးသမီးနိုင်ငံရေးအကျဉ်းသား ဒေါ်မေနှင်းကြည်၊ ဒေါ်နန်းခင်ထွေးမြင့်၊ ဒေါ်နော်အုန်းလှ၊ ဒေါ်လဲ့လဲ့၊



ဆုရရှိသူ ဒေါ်ခင်အေးမြင့်

ဒေါ်ဝင်းမြမြနှင့် မြတ်မိုမိုထွန်း(ခ)မြကြေးမုံတို့(၁၀)ဦးကို အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှု အမျိုးသမီးအဖွဲ့ (WOMB)ကလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသက်(၅၉)နှစ်မြောက်မွေးနေ့အခမ်းအနားနှင့်အတူ ဂုဏ်ပြုပွဲတရပ် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။❖

# ဂျွန် (၆) "စိတ်ဓာတ်"

မောင်အတိတ်
(စိတ်ပညာ)

အလုပ်သမားတွေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ပြီးတဲ့နောက် ပထမဦးဆုံး ဆင်းရဲမွဲတေမှုကိုခံစားရတဲ့ မြန်မာလူမှုဘဝတခု ဖြစ်ခဲ့တယ်ဆိုရင် မမှားဘူးလို့တောင် ပြောလို့ရပါတယ်။

၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့မှာ စစ်တပ်က အာဏာသိမ်းကြောင်း ကြေညာလိုက်တော့.... ပထမ တော်လှန်ရေးကောင်စီဖွဲ့တယ်။ နောက်ပြီးတော့ မဆလလမ်းစဉ်ပါတီ.... အဲ့ဒီတုန်းက စစ်တပ်တွေအာဏာသိမ်းတာခေတ်စားတယ်။ အရှေ့တောင်အာရှမှာ ပေါ်ပြူလာ ဖြစ်နေတယ်ပေါ့။

ကွန်မြူနစ်ပါတီတွေတချို့ကလည်း အာဏာရ အောင်ပွဲခံတဲ့ကာလ။ တရုတ်ပြည်တော်လှန်ရေးဟာ တရုတ်ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုနဲ့ အောင်ပွဲခံခဲ့တဲ့ကာလပါပဲ။

ဗီယက်နမ်မှာလည်း ဗီယက်ကောင်းတွေက အားကောင်းနေတယ်။ ကမ္ဘောဒီးယားမှာလည်း ခမာနီတွေက တိုက်စွမ်းရည်တွေမြင့်နေတဲ့အချိန်ပေါ့။

စစ်တပ်က ဒီအထာကိုယူပြီး သူလည်း ဆိုရှယ်လစ် အရောင်ဆိုးတော့တာပဲ။ တရုတ်ပြည်ကွန်မြူနစ်ပါတီကည်း အားကောင်းမောင်းသန်နေတဲ့အချိန်မို့ ....

သူက မြန်မာပြည်ကွန်မြူနစ်ပါတီ သစ္စာဖောက်တချို့ ကွန်မြူနစ်ပါတီ ဗမာပြည်က ဖောက်ပြန်သူတချို့နဲ့ ပေါင်းပြီးတော့ ဆိုလိုတာက အလံနီအလံဖြူလို့ခေါ်တဲ့ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေကြတဲ့လူတန်းစားပြဿနာကို အဓိကထားပြီး တိုက်ပွဲဝင်နေကြတဲ့ပါတီတွေက ထွက်လာပြီး သူတို့နဲ့ ပူးပေါင်းတဲ့လူတွေဆီက နိုင်ငံရေးသဘောတရားတွေ သင်တန်းတွေပေးပြီးတော့ မဆလရဲ့ 'လူနဲ့ပတ်ဝန်းကျင်တို့ရဲ့ အညမညသဘောတရား' စာအုပ် အပြာမျက်နှာဖုံးနဲ့ထုတ်ပြီး မြန်မာ့နည်းမြန်မာ့ဟန်နဲ့ မြန်မာ့ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး အောင်ရမည်ဆိုပြီး ကြွေးကြော်ချီတက်နေတဲ့အချိန်။ အရှိန်လေးရလာတဲ့အချိန်။

အလုပ်သမား လယ်သမားလူတန်းစားကို အခြေခံအတုအယောင် ဆိုရှယ်လစ်တိုင်းပြည်ကို ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်မယ်ဆိုတဲ့ ဝါဒဖြန့်ကြွေးကြော်မှုနဲ့ လက်တွေ့မှာတော့လမ်းစဉ်ပါတီကို အားသွန်ခွန်စိုက်လုပ်နေတဲ့အချိန်မှာပေါ့။

မြို့ပေါ်မှာရှိတဲ့ အခြေခံကျတဲ့ အလုပ်သမားမိသားစုတွေဟာ စားဝတ်နေရေး ဆင်းရဲလာတယ်၊ ငတ်မွတ်လာတယ်။ လူထုဆန္ဒခံယူပွဲတွေနဲ့ ပုပ္ပါး၊ အုန်းတော၊ ဒူးယား၊ ခပေါင်းဆိုတဲ့နယ်မြေတွေမှာ လယ်သမားအလုပ်သမားထုကြီးတွေနဲ့ နှီးနှောဖလှယ်ပွဲတွေလုပ်ပြ၊ စာတန်းတွေတင်နဲ့ .... ဒို့မြန်မာပြည်ကြီးတိုးတက် အောင်မြင်နေပြီ၊ အလုပ်သမားလယ်သမား နိုင်ငံတော်ကြီးတည်ဆောက်နေပြီဆိုတာကို လုပ်ပြနေတဲ့အချိန်တွေမှာပဲ ကုန်ဈေးနှုန်းတွေတက်လာတယ်။ လခတွေတိုးမြှင့်ပေးတာလည်း မရှိတော့ဘူး။

အလုပ်ရုံဝင်းတွေတခုပြီးတခု စစ်တပ်က ပိတ်ပြီးဖမ်းဆီးနေကြပါပြီ။ တချို့ အလုပ်သမားခေါင်းဆောင်တွေကို ဆွေးနွေးဖို့ဆိုပြီး စက်ရုံအပြင်ထုတ်ပြီး ဆွေးနွေးပြီး၊ ပြီးတော့ အင်းစိန်ထောင်ထဲကို ခေါ်သွားကြတော့တာပါပဲ။ အင်းစိန်ထောင်တိုက်တွေထဲ ထည့်ထားပြီးတော့ စစ်ခုံရုံးကို အင်းစိန်ထောင်အတွင်းမှာပဲဖွင့်ပြီး သူတို့ဘာသာအကျဉ်းရုံး စစ်ဆေးပြီး ထောင်ချလိုက်တော့ပါပဲ။

အထူးသဖြင့်တော့ ပြည်သူပိုင်သိမ်းတဲ့ စက်ရုံတွေမှာ အခြေခံအလုပ်သမားထုကြီးက ဆင်းရဲမွဲတေကျပ်တည်းလာပြီး ဒီအခက်အခဲတွေကိုဖြေရှင်းပေးဖို့တောင်းဆိုရင်း အလုပ်သမားသပိတ်ကြီး စလာခဲ့တော့တာပါပဲ။

မြစ်ငယ်မီးရထားစက်ရုံက ဒီအလုပ်သမားသပိတ်ကြီးကို စတင်ခဲ့တယ်လို့လည်း သိရပါတယ်။ တကယ်တော့ မြို့ပြကြီးတွေမှာရှိတဲ့ အလုပ်သမားထုကြီးဟာ ကြိတ်မှိတ်ခံနေရပြီး ဒီ အုံကြွပေါက်ကွဲမှုကြီးကို စောင့်နေတာပါပဲ။

၁၉၇၄ ခုနှစ် မေလ(၁)ရက်နေ့ ကမ္ဘာ့အလုပ်သမားနေ့ကျင်းပရင်းနဲ့ ဒီလို စုမိကြတာလို့လည်း ဆိုပါတယ်။ မြစ်ငယ် မီးရထားစက်ရုံက အလုပ်သမားကြီးတွေဟာ တိုးတက်တဲ့ အတွေးအခေါ်တွေနဲ့ အတွေ့အကြုံတွေရှိကြတယ်။ နိုင်ငံရေးအသိတွေလည်း ရှိကြတယ်။ အလုပ်သမား ခေါင်းဆောင်တွေဟာ ဒီလိုတောင်းဆိုမှုနဲ့တော့ မရနိုင်တော့ဘူးဆိုပြီး သူတို့နဲ့ဘဝတူ ချိတ်မိသမျှ အလုပ်သမားတွေ ကိုစည်းရုံးတော့တာပဲ။

မြစ်ငယ်ကစပြီး ဆန္ဒပြတောင်းဆိုမှုတွေဟာ ရန်ကုန်အင်းစိန် မီးရထားစက်ရုံ၊ သံမဏိစက်ရုံ၊ ဘီပီအိုင်၊ သမိုင်းချည်မျှင်စက်ရုံ အခြားသော ဆပ်ပြာချက်စက်ရုံ၊ ပြည်သူပိုင်သိမ်းထားတဲ့စက်ရုံတွေအပြင် သံလျှင်ရေနံချက်စက်ရုံ .... နောက်ဆုံး အလုံသင်္ဘောကျင်းက ဆင်မလိုက်သင်္ဘောကျင်းအထိ အကုန်ပြန့်သွားတယ်။ ရန်ကုန်မြို့ကြီးက စက်ရုံတွေအားလုံး သပိတ်မှောက်ကြတယ်။ စက်ရုံတရုံနဲ့တရုံ ပိတ်ထားပြီးတာတောင်မှ ဥဩတွေဆွဲပြီး အဆက်အသွယ်ပြုကြတယ်။ ကြွေးကြော်သံတွေကတော့ ....

၁။ ဆန်ဈေးနှုန်းကျဆင်းရေး .... ဒို့အရေး

၂။ လစာနှုန်းများတိုးပေးရေး .... ဒို့အရေး

၃။ အလုပ်သမားများညီညွတ်ရေး .... ဒို့အရေး

၄။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် .... အောင်ရမည်

တခါတရံ

၅။ ဗိုလ်ချုပ်ကြီးတင်ဦး သက်တော် ရာကျော်ရှည်ပါစေလို့တောင် ပါတယ်။

.... တချို့ဟာတွေတောင် မမှတ်မိတော့ပါဘူး။ အဲဒီထဲမှာ ထူးခြားတာက နံပါတ်(၄)နဲ့ (၅)ကြွေးကြော်သံပါပဲ။ အလုပ်ရုံတွေ ပိတ်ပြီးနေကြပေမယ့် အချင်းချင်းဆက်သွယ်မှုတွေရှိနေကြတယ်။

တက္ကသိုလ်တွေ မပိတ်သေးပါဘူး။ စက်မှုတက္ကသိုလ်၊ ဝိဇ္ဇာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်နဲ့ ဆေးတက္ကသိုလ်(၂)ဟာ အဲ့ဒီအသံတွေကို အဆောင်ဝင်းထဲက တိုက်ရိုက်ကြားနေရပါတယ်။

ကျောင်းသားတချို့ကသွားပြီး ပူးပေါင်းကြပါတယ်။ ညဘက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဒဂုံဆောင်ရှေ့ရောက်လာပြီး လာရောက်ပူးပေါင်းကြဖို့တောင် ခေါ်ကြပါတယ်၊ တက္ကသိုလ်ဝင်းတွေထဲမှာလဲ အခြေအနေကြည့်ပြီး အုံတကြိတ်ကြိတ်ရှိနေကြတယ်။ တက္ကသိုလ်ဝင်းတွေထဲမှာလည်း လမ်းစဉ်လူငယ်အဖွဲ့ဝင်တွေ၊ MI ထွေ SB တွေနဲ့ ရှုပ်နေကြတယ်၊ ကျောင်းသားအလုပ်သမား ပေါင်းမိမှာစိုးလို့။ အဲ့ဒီအချိန်မှာတော့ ဂျွန်လထဲ ရောက်လာပါပြီ။

အလုပ်ရုံဝင်းတွေတခုပြီးတခု စစ်တပ်ကပိတ်ပြီးဖမ်းဆီးနေကြပါပြီ။ တချို့ အလုပ်သမားခေါင်းဆောင်တွေကို ဆွေးနွေးဖို့ဆိုပြီး စက်ရုံအပြင်ထုတ်ပြီး ဆွေးနွေးပြီး၊ ပြီးတော့အင်းစိန်ထောင်ထဲကို ခေါ်သွားကြတော့တာပါပဲ။ အင်းစိန်ထောင်တိုက်တွေထဲ ထည့်ထားပြီးတော့ စစ်ခုံရုံးကို အင်းစိန်ထောင်အတွင်းမှာပဲဖွင့်ပြီး သူတို့ဘာသာအကျဉ်းရုံး စစ်ဆေးပြီး ထောင်ချလိုက်တော့ပါပဲ။

အင်းစိန်လမ်းမကြီးမှာ စစ်တပ်က ဘယ်မြှင့် အသင့်အနေထားနဲ့ စက်ရုံတွေကို ဖမ်းပြီးတော့ နေရာယူထားတယ်။ အထဲက အလုပ်သမားတွေနဲ့အပြင်ကသူတွေ သတင်း၊ ရိက္ခာ ဆက်သွယ်မှုတွေ ဖြတ်တောက်သွားအောင်လုပ်ထားကြပါတယ်။ စက်ရုံတရုံချင်းလိုက် သိမ်းကြတယ်။ စက်ရုံထဲက ထွက်ခိုင်းတယ်။ ခေါင်းဆောင်ထင်တဲ့သူတွေနဲ့ အခြားသူတို့သတင်းရထားတဲ့သူတွေကို ဖမ်းခေါ်သွားတယ်။ (၂)ရက် (၃)ရက်လောက် စစ်ဆေးပြီးမှပြန်လွှတ်တယ်။ တချို့ တော်တော်များများ ခံဝန်ချက်တွေနဲ့လွှတ်ပေးကြတယ်။

အင်းစိန်ကစပြီး သမိုင်းလမ်းမကြီးထိ စက်ရုံတွေတရုံပြီးတရုံ လိုက်သိမ်းကြတယ်။ ပိတ်ထားတဲ့တံခါးတွေကို အတင်းရိုက်ချိုးပြီးတော့ ဆန္ဒပြနေတဲ့အလုပ်သမားတွေကို ခေါ်ထုတ်သွားကြတယ်။ စက်ရုံတွေက အလုပ်သမားတွေဟာ စက်ရုံရဲ့ဥဩတွေ အဆက်မပြတ်ဆွဲကြပြီးနေကြတယ်။ ဆက်သွယ်ရေးစနစ်လုပ်ကြတယ်။ စက်ရုံတရုံ ဥဩဆွဲသံတိတ်သွားရင် စက်ရုံတရုံဟာ မဆလစစ်တပ်ထဲကျသွားပါပြီ။ အလုပ်သမားတွေအဖမ်းခံရပါပြီ။ ထောင်ကျသွားပါပြီ။ မေးမြန်းစစ်ဆေးမှုတွေ၊ ရိုက်နှက်ပြီး ဖြောင့်ချက်တွေ အတင်းတောင်းတော့မယ်ဆိုတာသေချာသွားပါပြီ။ ကျွန်တော်တို့မီလိုက်တာကတော့ ဂျွန်(၆)ရက်နေ့ ညနေခင်းပဲ ဖြစ်ပါတယ်။ ကျောင်းသားတွေကို ဆရာတွေက မသွားဖို့တားရင်းနဲ့ ကျနော်တို့က စုရောက်သွားကြပါတယ်။ မှတ်မှတ်ရရ သမိုင်းချည်မျှင်စက်ရှေ့။ အဲ့ဒီရှေ့မှာ ကတ္တရာလမ်းမကြီးပေါ်မှာ မြေဖြူနဲ့ ပဲထင်ပါရဲ့၊ စည်း(၃)ခုတား ထားတယ်။

ပထမစည်း၊ ဒုတိယစည်း၊ တတိယစည်းပေါ့။ တတိယစည်း ကျော်ရင်ပစ်မယ့်သဘောပါပဲ။ အလုပ်သမားအလံကိုင်ထားတဲ့ လူငယ်တစုက ဦးဆောင်နေတယ်။ အဲ့ဒီထဲမှာကျွန်တော်တို့ပါသွားကြတယ်။ အလုပ်သမားတွေကို လွှတ်ပေးပါ။ သူတို့ခံစားခွင့်ကို တရားမျှတစွာနဲ့ တောင်းတာပါ။ စစ်တပ်က အကြမ်းဖက်မှု အလိုမရှိ စသဖြင့် အသံမျိုးစုံထွက်ပြီး လူအုပ်ကြီးက တဖြည်းဖြည်းကြီးလာတယ်။ ပထမစည်းကို ကျော်တယ်။ သူတို့ မပစ်ကြပါဘူး။ ဒုတိယစည်းကျော်ပြီး တဝက်လောက်ရောက်မှာတော့ အမိန့်ပေးသံက ပေါ်လာတယ်။ အသင့်ချိန်၊ ပစ်လို့ အမိန့်လည်းပေးလိုက်ရော ဂျီသရီး သေနတ်သံတွေက အတွဲလိုက်ပေါ်လာပါတယ်။ အပေါ်က အောက်ကို ဘယ်မြှင့်ကနေပြီး ပစ်ခတ်တာကြောင့် လူတချို့ ထိကြပါတယ်။ တချို့က ကျည်လမ်းကြောင်းကြောင်းက လွတ်သွားပါတယ်။

သေနတ်သံကြောင့် ကျွန်တော်တို့ နီးစပ်ရာ လမ်းဘေးမြောင်းထဲ လှိမ့်ချလိုက်ပါတယ်။ သူတို့လိုက်မပစ်ကြပါဘူး။ "ရပ်"လို့ အမိန့်ပေးသံကြားပြီးတော့ သေနတ်ပစ်တာငြိမ်သွားပါတယ်။ ယမ်းငွေ့တွေ ဝေနေပြီး နောက်ထပ်အမိန့်မပေးခင် ပြေးခဲ့ရပါတယ်။ နောက်ပိုင်းမှာ သေနတ်ပစ်ခတ်သံ မကြားရတော့ပါဘူး။ အရပ်သားအချို့နဲ့ ကျောင်းသား လူငယ်အချို့ကတော့ လမ်းမပေါ်မှာ၊ သွေးအိုင်ထဲမှာ လဲနေပါပြီး၊ အသက်ကို အတင်းလုပြီး ပြေးလာတဲ့ကြားက ဆဲဆိုပြီး တောက်ခေါက်တဲ့အသံတွေ ကြားရပါတယ်။ "ခွေးမသားတွေ အတော်ကိုရက်စက်တယ်" တဲ့။

.... ဒီလိုနဲ့ပဲ စက်ရုံတွေ တရုံပြီးတရုံ ဥဩသံတွေ တိတ်သွားပါတယ်။ အလုံ ဆင်မလိုက်သင်္ဘောကျင်းကတော့ သံတံခါးကြီးတွေလည်းရှိ၊ လူတွေလည်းများပြီးတော့ အလုံမြစ်ဘက်က ထွက်ပေါက်လည်းရှိတော့ တောင့်ခံထားနိုင်ပုံရပါတယ်။ သူ့ဥဩသံက ရင်ထဲမှာ ခံပြင်းစရာ၊ နာကျည်းစရာ၊ တိုက်ပွဲခေါ်သံပမာ နောက်ဆုံးပိတ်တိုက်ပွဲကို အပြတ်တိုက်တော့မယ့် "ဂျွန်(၆) စိတ်ဓာတ်"သန္နိဋ္ဌာန်ချထားသလို ခံစားရပါတယ်။ ကြားရ၊ နားထောင်ရ၊ တွေ့မြင်ခဲ့ရတဲ့သူတွေ ကျွန်တော်တို့တတွေရဲ့ရင်ထဲမှာတော့ ရက်စက်မှု၊ အကြမ်းဖက်မှုတွေနဲ့ ခါးသည်းစွာ အဆုံးသတ်ခံရတော့မယ့်ပွဲ။ ရဲရင့်သူတွေရဲ့ နောက်ဆုံးနှုတ်ဆက်ပွဲလို့ ထင်မှတ်မိတော့ပါတယ်။ ရင်ထဲမှာဟာနေတယ်။ ဆူလောင်နေတယ်။ သူတို့ကို အကူအညီပေးချင်တယ်။ သူတို့နဲ့အတူ တိုက်ပွဲဝင်ချင်တယ်။ စိတ်ကူး ခွန်အားသာရှိပြီး လက်တွေ့ဘဝမှာ ကျွန်တော်တို့ တက္ကသိုလ်က ကျောင်းသားတွေဟာ ဘာများတတ်နိုင်ကြဦးမှာလဲလို့။ ဆွေးတမြေ့မြေ့နဲ့ လှိုက်ဖိုမောဟိုက် ခံစားနေရပါတယ်။

ဂျွန်(၇)ရက် နံနက်ပိုင်း(၄)နာရီကျော်ကျော်လောက်မှာပါပဲ။ ဆင်မလိုက်သင်္ဘောကျင်းကဥဩဆွဲသံဟာ ပိုပြီးကျယ်လောင်လာတယ်လို့ထင်ရပါတယ်။ တခြားရုံက အသံတွေတိတ်သွားသလောက်ရှိပါပြီ။ အဲ့ဒီအချိန်မှာပဲ ဂျီသရီး၊ ဂျီဖိုးအသံတွေက အတွဲလိုက်ပစ်ခတ်သံတွေကြားရပါတော့တယ်။ ဒီသင်္ဘောကျင်းကြီးမှာ သံမဏိသံထည်တွေအများကြီးမို့ သံထည်ကြီးတွေကို ကျည်ဆံတွေနဲ့ ထိသံတွေဟာ ညံနေပါတော့တယ်။ တကယ့်ကို ကြီးမားတဲ့တိုက်ပွဲကြီးတခု ဖြစ်နေသလိုလို့ စခန်းတခု၊ တောင်ကုန်းတခုကို သိမ်းထားတဲ့ပုံစံမျိုး။

ကျွန်တော်တို့သိလိုက်ပါပြီ။ ရက်ရက်စက်စက်ချေမှုန်းပစ်ခတ် သိမ်းယူလိုက်ခြင်းပါပဲ။ သမဂ္ဂအဆောက်ကြီးကို ဗုံးနဲ့ခွဲသလို ခွဲဦးမှာလားလို့တောင် ထင်မိပါတယ်။

ကျွန်တော်တို့အဆောင်၊ ဒဂုံဆောင်က ကမာရွတ်လမ်းဆုံ၊ အနီးဆုံးနေရာတဆောင်လုံး ကျောင်းသားတွေ ထွက်ကြည့်ကြတယ်လို့ထင်ပါတယ်။ အပေါ်ဆုံးထပ်မှာနေတဲ့ ကျွန်တော်တို့တတွေက တပြိုင်နက်တည်း အပြင်ထွက် နားထောင်မိသလို ဖြစ်သွားကြပါတယ်။

စိတ်ပညာတတိယနှစ် ကျောင်းသားကြီးတဦးဖြစ်တဲ့ ကိုတင်စိုးကြီး (ရဟိုင်ကတို့ရွာ) ကဆိုရင် အသံထွက်ပြီးတော့ ငိုသံပါကြီးနဲ့ပြောလိုက်တာ ကြားလိုက်ရပါတယ်။ "သွားပြီး .... သွားကြပြီး .... သူတို့သွားကုန်ကြပြီ ကျွန်တော်တို့ကျောင်းသားတွေ ဘာတတ်နိုင်ကြဦးမှာလဲဗျာ ...." တဲ့။

သေချာသွားပါပြီ။ လက်နက်မဲ့ အကြမ်းမဲ့ဆန္ဒပြ အခွင့်အရေးတောင်းနေတဲ့ အဲ့ဒီဆင်မလိုက်သင်္ဘောကျင်းက နောက်ဆုံးကျန်တဲ့ အလုပ်သမားတစု။ နီစွေးတဲ့ ရဲရင့်မှုတွေနဲ့အသက်ပေးကာကွယ် ဆန္ဒပြသွားခဲ့ကြပါပြီ။ တယောက်မှ အသက်ရှင်ကျန်ခဲ့မှာမဟုတ်သလို၊ သူတို့ရဲ့မိသားစု၊ မိတ်ဆွေ၊ ဆွေမျိုးနဲ့ ဘဝတူ အလုပ်သမားတွေတောင် သူတို့ရဲ့ခန္ဓာကိုယ် ရုပ်အလောင်းတွေ တွေ့ရမှာ မဟုတ်တော့ပါဘူး။ အလုံမြစ်ထဲကို သွေးတွေဆေးချပြီး ရုပ်အလောင်းတွေကို အခြားနေရာတွေမှာ တိတ်တဆိတ် သွားမြှုပ်ရင်မြှုပ်၊ မမြှုပ်ရင် မီးသင်္ဂြိုလ်ဖြစ်ကြမှာပဲ။ သူတို့လုပ်နေကြ ဖြစ်စဉ်တွေကိုး။

အံကြိတ်ကြတယ်။ တောက်ခေါက်ကြတယ်။ တချို့က မျက်နှာသေလေးတွေဖြစ်သွားတယ်။ တချို့ကတော့ သက်ပြင်းချကြတယ်။ တချို့ကတော့ မျက်နှာမဲ့ပြုံးတွေနဲ့ .... အားလုံးရဲ့မျက်နှာကတော့ တင်းမာခက်ထန်သွားကြပါတယ်။ ....'မပြီးဆုံးသေးပါဘူး။ တကွေ့ကွေ့တွေ့ရဦးမယ်'လို့ စိတ်ကူးထဲ ပေါ်မိပါသေးတယ်။

ဂျွန်(၆)စိတ်ဓာတ်ဟာ အနိုင်ယူရဲ့တဲ့ စိတ်ဓာတ်ပါလားလို့ ထပ်တွေးမိပါသေးတယ်။ အဲ့ဒါနဲ့ပတ်သက်တဲ့ သီချင်းတပုဒ်ကိုတော့ ထောင်ထဲမှာ ရလိုက်ပါတယ်။ ဘယ်သူရေးတယ်လို့တော့ မမှတ်မိတော့ပါဘူး။ အဲ့ဒါကို ABSDF ကျောင်းသားတပ်မတော်က "နေဝန်းနီနီ"စီးရီးနဲ့ ထုတ်ထားပါတယ်။

စာမျက်နှာ(၁၅ )ကော်လံ (၃)သို့ ❍

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးကို လွှတ်ပေးရန် အမေရိကန် ထပ်မံတောင်းဆို

ဇွန်၊ (၁၉)ရက်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့ကို နေအိမ်အကျယ်ချုပ်မှ ချက်ချင်းပြန်လွှတ်ပေးရန် အမေရိကန်အစိုးရက ထပ်မံ တောင်းဆိုလိုက်သည်။

အဆိုပါ တောင်းဆိုချက်ကို ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံခြားဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်၍ တောင်းဆိုခဲ့ခြင်းဖြစ်ပြီး၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားအားလုံးကိုပါ ပြန်လွှတ်ပေးရန်လိုကြောင်း နိုင်ငံခြားဝန်ကြီးဌာန လက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် အာဒမ်အီရီလီက ပြောဆိုသည်။ အတိုက်အခံ ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ် တယ်ရီလင်းမယ်လိုနီကလည်း မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအရေးအတွက် မြန်မာအမျိုးသမီးများ စွမ်းစွမ်းတမံတိုက်ပွဲဝင်နေမှုကို ချီးကျူးပြောဆိုလိုက်ပြီး ၎င်းတို့အနေဖြင့် ဒီမိုကရေစီထွန်းကားလာမည့် မြန်မာနိုင်ငံ၌ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မွေးနေ့ပွဲကျင်းပနိုင်မည့်နေ့ကို မျှော်လင့်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အလားတူ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီး ဖာစတတ်မိုလာကလည်း ကမ္ဘာကြီးတခုလုံး၏ လွတ်လပ်ရေးနှင့်ဒီမိုကရေစီသင်္ကေတဖြစ်နေသည့် ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်အကျဉ်းချထားသည်မှာ မတရားသည့်လုပ်ရပ်ဖြစ်ကြောင်း ပြောကြားလိုက်ပြီး (၅၉)နှစ်ပြည့်မွေးနေ့တွင် ၎င်းနှင့်တကွ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် စစ်အုပ်စုကို တောင်းဆိုလိုက်သည်။❖

# ၂၀၀၆ ခုနှစ်တွင် မြန်မာပြည် အပြောင်းလဲကြီးပြောင်းလဲသွားလိမ့်မည်ဟု သြစတြေးလျနိုင်ငံခြားရေးဝန်ကြီးဟောကိန်းထုတ်



သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒြားဒေါင်နာ

သက္ကရာဇ်၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏အနာဂတ်သည် ကြီးမားစွာပြောင်းလဲသွားလိမ့်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံသို့ (၂)ရက်ကြာ အလည်အပတ်ရောက်ရှိလာသည့် သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒြားဒေါင်နာက ယခုလ(၁၁)ရက်နေ့က ဟောကိန်းထုတ်လိုက်သည်။

မစ္စတာဒေါင်နာက မြန်မာနိုင်ငံတွင် ၂၀၀၆ ခုအမီ နိုင်ငံရေးအပြောင်းအလဲများ မလုပ်ပါက စစ်အုပ်စုအနေဖြင့် ပြင်းထန်သောဖိအားပေးမှုများနှင့် ရင်ဆိုင်ရနိုင်သည်ဟု သတိပေးပြောဆိုသည်။ ဆက်လက်၍ ပြောဆိုရာတွင် ၂၀၀၆ ခုနှစ်တွင် မြန်မာစစ်အုပ်စု အာဆီယံသဘာပတိ ဖြစ်လာလျှင် အနောက်နိုင်ငံများက အခြားအာဆီယံနိုင်ငံများကိုပါ ဖိအားများပေးလာမည်မှာ သေချာကြောင်း မလေးရှား၊ ထိုင်း၊ စင်္ကာပူတို့လို အင်အားကြီး အာဆီယံနိုင်ငံများက ထိုဖိအားပေးမှုကို ဂရုမပြုဘဲနေ၍မရကြောင်း၊ ထိုနိုင်ငံများအနေဖြင့်လည်း မြန်မာစစ်အုပ်စုအပေါ် ဖိအားပေးရမည်သာဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်သည် (၂၀၀၆)ခုနှစ်တွင် အပြောင်းလဲကြီးပြောင်းလဲလိမ့်မည်ဟု သြစတြေးလျနိုင်ငံခြားရေးဝန်ကြီးက နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံချိန်တွင် ပြောကြားခဲ့သည်။❖

# မြန်မာပြည်အရေး ကုလသမဂ္ဂဆက်လက်ကြိုးပမ်းနေ

နအဖစစ်အုပ်စုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့အကြား ဆွေးနွေးပွဲများပြန်လည်စတင်နိုင်ရေးအတွက် ကုလသမဂ္ဂ၏လုပ်ကိုင်ဆောင်ရွက်မှုများကို ကုလသမဂ္ဂ ရန်ကုန်ရုံးခွဲကိုယ်စားလှယ် လီယိုမာတင်ကအဖွဲ့ချုပ်ရုံးသို့ ဇွန်(၂၃)ရက်နေ့က လာရောက်ရှင်းပြခဲ့သည်။

အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်၏အဆိုအရ ကုလသမဂ္ဂလက်အောက်ရှိ နိုင်ငံရေးဌာနမှအရာရှိများနှင့် ရာဇာလီပင်ဟေးရိုးတို့သည် မြန်မာပြည်အရေးကို ပဏာမညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုဆွေးနွေးပွဲကို ရာဇာလီကဦးဆောင်ခဲ့သော်လည်း တစုံတရာ အဖြေမထွက်ခဲ့ကြောင်း သိရှိရသည်။

မစ္စတာရာဇာလီနှင့် ပင်ဟေးရိုးတို့သည် ရန်ကုန်လာနိုင်ရေးအတွက် အကြိမ်ကြိမ်ကြိုးစားနေသော်လည်း နအဖက ပြည်ဝင်ခွင့်မပေးခြင်းကြောင့်ယခုချိန်ထိ ဘာမျှမလုပ်နိုင်ဘဲဖြစ်နေသည်ဟုလည်း သိရသည်။

ကုလသမဂ္ဂဆိုင်ရာ အမျိုးသားညွန့်ပေါင်းအစိုးရကိုယ်စားလှယ် ဒေါက်တာသောင်းထွန်း၏အဆိုအရ ကုလသမဂ္ဂအဖွဲ့ကြီးသည် မြန်မာပြည်အရေးနှင့်ပတ်သက်၍ အရေးပါသည့်အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်သွားမည်ဟု သိရှိရသည်။❖

# မြန်မာနိုင်ငံဒီမိုကရေစီပြောင်းလဲရေး အီးယူ ဥရောပသမဂ္ဂနှင့် ဗြိတိန် ပိုမိုပူးပေါင်းဆောင်ရွက်မည်



ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မိုက်အိုဘရိုင်ယန်

မြန်မာနိုင်ငံဒီမိုကရေစီ ပြောင်းလဲလာရေးအတွက် အီးယူ–ဥရောပသမဂ္ဂနှင့် ပိုမိုပူးပေါင်းဆောင်ရွက်၍ ဖိအားပေးတိုက်တွန်းမှုများ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဟု ဗြိတိန်အစိုးရက ဇွန်(၇)ရက်နေ့တွင် ပြုလုပ်သည့် မြန်မာ့အရေးဆွေးနွေးပွဲတွင် ပြောကြားလိုက်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဗြိတိသျှနိုင်ငံခြားရေးရုံးဝန်ကြီး မိုက်အိုဘရိုင်ယန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး မစ္စက်ဗီမိစ်ဘော်မင်တို့က မြန်မာ့နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် မိုက်အိုဘရိုင်ယန်က အမျိုးသားညီလာခံနှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ဆုံးဖြတ်ချက်သည့် မှန်ကန်သည့်အတွက် နှစ်နှစ်ကာကာ ထောက်ခံကြောင်းပြောကြားခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးတို့ကို ယနေ့တိုင် ပြန်လွှတ်မပေးသေးသည့် မြန်မာ့နိုင်ငံရေးအခြေအနေအတွက် အလွန်စိုးရိမ်မိကြောင်း ပြောဆိုခဲ့သည်။ ထို့အပြင် မြန်မာ့နိုင်ငံရေးအခြေအနေသည် အရှေ့တောင်အာရှဒေသတခုလုံးကိုပါ ထိခိုက်နေကြောင်းပြောကြားလိုက်ပြီး လက်ရှိအခြေအနေမှ မြန်မာနိုင်ငံကိုဆယ်ယူကာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများရရှိလာရေးကိုဗြိတိန်က ဆက်လက်လုပ်ဆောင်သွားမည်ဟုဆိုသည်။

ထိုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ လန်ဒန်အခြေစိုက်အဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)မှ ဒေါက်တာဝင်းနိုင်၏အဆိုအရ Christin Solidarity World Wide ခရစ်ယာန်အဖွဲ့ကလည်း မြန်မာစစ်အုပ်စုကို ASEM အဖွဲ့မှထုတ်ပယ်ပစ်ရန် တိကျသောအချိန်စာရင်းပေး၍ ဖိအားအမြန်ဆုံးပေးရန် တောင်းဆိုခဲ့သည်ဟု သိရသည်။❖

# သတင်းစာနယ်ဇင်းသမားများအား အမြန်ဆုံးပြန်လွှတ်ပေးရန် ကမ္ဘာ့သတင်းစာအဖွဲ့ကြီးက တောင်းဆို

မြန်မာနိုင်ငံတွင် မတရားဖမ်းဆီးခံနေရသူ သတင်းစာဆရာ စာနယ်ဇင်းသမားအားလုံးကို ချက်ချင်းပြန်လွှတ်၍ သတင်းလွတ်လပ်ခွင့်ပေးရန် ပြင်သစ်အခြေစိုက် ကမ္ဘာ့သတင်းစာဆရာများအဖွဲ့ Wold Assciation of News paper (WAN) က တောင်းဆိုလိုက်သည်။

အဆိုပါတောင်းဆိုချက်ကို မေ–၃၀မှ ဇွန် ၂ရက်အထိ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင်ကျင်းပခဲ့သည့် နိုင်ငံတကာသတင်းစာများအဖွဲ့ညီလာခံတွင် တောင်းဆိုလိုက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့် အချိုးဖောက်ဆုံး စာရင်းဝင်နိုင်ငံ တနိုင်ငံဖြစ်ကြောင်း အဖွဲ့၏ဘုတ်အဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ၎င်းအဖွဲ့က စစ်အုပ်စုသည် တင်းကျပ်သည့်ဆင်ဆာဥပဒေများနှင့် လွတ်လပ်စွာရေးသားခွင့် ထုတ်ဖော်ပြောဆိုခွင့် အားလုံးကို ဘက်ပေါင်းစုံမှ ထိန်းချုပ်ထားပြီး၊ သတင်းများကိုလည်း အပြည့်အစုံထုတ်လွှင့်ခွင့်မပေးဘဲ အားလုံး ဆင်ဆာလုပ်ထားကြောင်း ပြောဆိုခဲ့သည်။

အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံအသီးသီးရှိသတင်းစာတိုက်များမှ အယ်ဒီတာနှင့်သတင်းသမား ၁၃၀၀ ကျော်တက်ရောက်ခဲ့ပြီး ဆုံးဖြတ်ချက်များ တောင်းဆိုချက်များ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အကျဉ်းကျခံနေရသည့် သတင်းစာဆရာကြီးဦးဝင်းတင် အပါအဝင် စာနယ်ဇင်းသမားအားလုံးကို အမြန်ဆုံးပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

(WAN)အဖွဲ့သည် ကမ္ဘာတဝှမ်းရှိ သတင်းစာတိုက်ပေါင်း ၁၈၀၀၀ ကျော်ပါဝင်ပြီးအကျဉ်းကျခံ စာနယ်ဇင်းသမားများ အားလုံးလွတ်မြောက်ရေးနှင့် ဒီမိုကရေစီ အစိုးရတရပ် ပြောင်းလဲလာရေးအတွက် အာဆီယံနိုင်ငံများအား စည်းရုံးလှုပ်ရှားသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောဆိုသွားခဲ့သည်။❖

# မြန်မာပြည်လွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေ (၁)နှစ်သက်တမ်း ထပ်တိုးတော့မည်

ဒီပဲယင်း နိုင်ငံတော်လုပ်ကြံသတ်ဖြတ်မှုကြီးကြောင့် မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုက အရေးယူချမှတ်ခဲ့သည့် "၂၀၀၃ကို (၁)နှစ်သက်တမ်းထပ်မံတိုးမြှင့်ရန် အထက်အောက်လွှတ်တော် နှစ်ရပ်လုံးက မဲခွဲဆုံးဖြတ်ပြီးဖြစ်သည့်အတွက် မကြာခင် သမတဘုရှ်က လက်မှတ်ထိုးအတည်ပြုရန်သာ ကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါဥပဒေကို နောက်ထပ်သက်တမ်း (၁)နှစ်တိုးရန် အောက်လွှတ်တော်၌ ဇွန် (၁၄)ရက်နေ့တွင် မဲခွဲဆုံးဖြတ်ခဲ့ကြရာ ထောက်ခံမဲ(၃၇၂)မဲ၊ ကန့်ကွက်မဲ(၂)မဲဖြင့် လည်းကောင်း၊ ဇွန်(၂၄)ရက်နေ့ အထက်လွှတ်တော်မဲခွဲပွဲတွင် (၉၆)မဲ၊ (၁)မဲဖြင့်လည်းကောင်း၊ ထပ်မံအနိုင်ရရှိပြီး အတည်ပြုပြီးဖြစ်သဖြင့် သမတက လက်မှတ်ထိုးအတည်ပြုရန်သာကျန်တော့ကြောင်း သိရသည်။

ထိုဥပဒေသည် ယမန်နှစ်ကဖြစ်ပွားခဲ့သည့် မေ(၃၀) နိုင်ငံတော်လုပ်ကြံမှုကြီးအပြီး အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံကို အရေးယူသည့်အနေဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေအရ မြန်မာပြည်မှသွင်းကုန်အားလုံး အမေရိကန်ပြည်ထောင်စုသို့ တင်သွင်းခွင့်ကိုပိတ်ပင်တားဆီးလိုက်ပြီး နအဖစစ်ဗိုလ်ချုပ်ကြီးများနှင့် ၎င်းတို့၏မိသားစုဝင်များနှင့် ကြံ့ဖွံ့အဖွဲ့ဝင်များအပါအဝင်စီးပွားရေးပူးပေါင်းလုပ်ကိုင်နေသည့် အသိုင်းအဝိုင်းများကို ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်ခဲ့သည်။

❖

# မြန်မာ့ဒီမိုကရေစီရရှိရေးမလေးရှားလွှတ်တော်ကော်မတီက ညွန့်ပေါင်းအစိုးရနှင့်တွေ့ဆုံလို

ဇွန်၊ (၁၅)ရက်။

မလေးရှားတွင် မကြာခင်ကဖွဲ့စည်းလိုက်သည့် မြန်မာပြည် ဒီမိုကရေစီရရှိရေးကော်မတီက ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရနှင့် တွေ့ဆုံ၍မြန်မာ့ဒီမိုကရေစီရေးဆွေးနွေးရန် ကမ်းလှမ်းလိုက်ကြောင်းသိရသည်။

ယခုလိုကမ်းလှမ်းခဲ့ခြင်းနှင့် ပတ်သက်၍ကော်မတီကို ဦးဆောင်ဖွဲ့စည်းခဲ့သူ အတိုက်အခံပါတီဥက္ကဋ္ဌ မစ္စတာလင်မ်ကစ်တ်ဆင်းက ကော်မတီ၏ သဘောတူဆုံးဖြတ်ချက်အရဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်ရုံး ဝန်ကြီးဒေါက်တာစန်းအောင်က တွေ့ဆုံနိုင်ရေးအတွက်ကြိုးပမ်းသွားမည်ဟု တုံ့ပြန်ခဲ့သည်။

အဆိုပါကော်မတီသည် မြန်မာပြည်ရေးအတွက် အာဆီယံနိုင်ငံများအပြင် တရုတ်၊ ဂျပန်၊ ဥရောပ၊ အမေရိကန်နိုင်ငံတို့နှင့်ပါ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။

ထိုကော်မတီကို မလေးရှား လက်ရှိအာဏာရ လွှတ်တော်အမတ်များနှင့် အတိုက်အခံဒီမိုကရက်တစ်အက်ရှင်ပါတီမှ အမတ်များစုပေါင်း၍ ယခုလ(၈)ရက်နေ့က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများထဲတွင် မြန်မာ့ဒီမိုကရေစီရေး ဆောင်ရွက်မည့် ပထမဆုံးသော လွှတ်တော်ကော်မတီဖြစ်သည်။ ထိုကော်မတီစတင်ဖွဲ့စည်းသည့်နေ့မှာပင် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို လွတ်လပ်သည့် နိုင်ငံရေးလှုပ်ရှားခွင့်များပေးရန် မြန်မာစစ်အုပ်စုကို တောင်းဆိုထားသည်။❖

## အဓမ္မစေခိုင်းမှုများ နိုဝင်ဘာအထိဆက်လက်ကျူးလွန်လျှင် နအဖကို ပြင်းထန်စွာအရေးယူရန် အိုင်အယ်လ်အိုဆုံးဖြတ်



အိုင်အယ်လ်အိုရုံးခွဲ တာဝန်ခံ ရစ်ချဒ်ဟိုဆေး

လာမည့်နိုဝင်ဘာလအထိ နအဖက အဓမ္မလုပ်အားပေးမှုများ ဆက်လက်ကျူးလွန်နေမည်ဆိုပါက အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အိုက ပြင်းထန်စွာအရေးယူသွားမည်ဟု ယခုလ(၅)ရက်နေ့တွင် ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

ဇွန်လဆန်းပိုင်းက ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ကျင်းပသည့် အိုင်အယ်လ်အိုခေါ်အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးတွင် မြန်မာနိုင်ငံဒေသအနှံ့အပြား၌ ဖြစ်ပွားနေသည့် အဓမ္မလုပ်အားစေခိုင်းမှုများကိစ္စကို အပြင်းအထန် ဆွေးနွေးခဲ့ကြပြီးနောက် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ထိုညီလာခံသို့ ရန်ကုန်အိုင်အယ်လ်အိုရုံးခွဲတာဝန်ခံ ရစ်ချဒ်ဟိုဆေးကိုယ်တိုင် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် အဓမ္မလုပ်အားခိုင်းစေမှုများကိစ္စကို တင်ပြအစီရင်ခံခဲ့ခြင်း ဖြစ်သည်။ ဟိုဆေးက မြန်မာနိုင်ငံသည် အိုင်အယ်လ်အိုနှင့် ၂၀၀၃ ခုမတ်လက သဘောတူညီမှုများ ထားရှိခဲ့ပြီး အဓမ္မလုပ်အားပေးခိုင်းစေမှု တိုက်ဖျက်ရေးကော်မတီကို ပူးတွဲဖွဲ့စည်းခဲ့သော်လည်း ပြည်နယ်နှင့်တိုင်းများတွင် အဓမ္မလုပ်အားစေခိုင်းမှုများအား စုံစမ်းရေးနှင့် ပြည်နယ်တိုင်းအသီးသီးတွင် အိုင်အယ်လ်အို ရုံးခွဲများထားရှိရေးကို နှောင့်နှေးကြန့်ကြာစေခဲ့သည်ဟုဆိုသည်။

ထို့အပြင် အိုင်အယ်လ်အိုနှင့် ဆက်သွယ်ခဲ့သူ(၃)ဦးကို နိုင်ငံတော်လုပ်ကြံမှုဖြင့်တရားစွဲဆို၍ သေဒဏ်ချမှတ်ခဲ့သည့်အတွက် စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင်ရထားလမ်း၊ ကားလမ်းဖောက်လုပ်သည့် နေရာများနှင့် စစ်တပ်စခန်းဆောက်လုပ်ရေး လုပ်ငန်းများ၊ အရပ်သားများကို ပေါ်တာခိုင်းစေမှုများ ဆက်လက် ရှိနေဆဲဖြစ်ပြီး ကလေးသူငယ်များကို အဓမ္မစစ်မှုစေခိုင်းမှုများလည်း ရှိနေကြောင်းတင်ပြခဲ့သည်။

အကယ်၍ စစ်အာဏာပိုင်များအနေဖြင့် ယခုလိုအဓမ္မစေခိုင်းစေမှုများ ဆက်လက်ကျူးလွန်နေပါက လာမည့်နိုဝင်ဘာတွင် ပြုလုပ်မည့် အိုင်အယ်လ်အို ဦးဆောင်ကော်မတီ အစည်းအဝေးတွင် ထိရောက်ပြင်းထန်သည့် အရေးယူမှုများ ပြုလုပ်သွားမည် ဖြစ်သည်။ ထိုအရေးယူမှုများတွင် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လုံးဝရပ်တန့်သွားသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။❖

## အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ဆက်လုပ်သွားမည် နအဖ၏အမျိုးသားညီလာခံနှင့်လုံးဝမသက်ဆိုင် ဟု ကေအဲန်ယူဆို



ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒို မန်းရှာလဖန်း

ဇွန်၊ (၂၀)ရက်။

နှစ်ပေါင်း(၅၀) ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်စေရေးအတွက်နအဖနှင့် ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးတို့ကြား ပြုလုပ်နေသည့် ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားရဦးမည်ဟု ကေအဲန်ယူထိပ်ပိုင်းခေါင်းဆောင်တဦးက ပြောကြားလိုက်သည်။

အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကတည်းက စတင်၍ ပြုလုပ်လာခဲ့ရာ နှစ်ဖက်အကြားနှုတ်ကတိဖြင့် အပစ်အခတ် ရပ်စဲထားခဲ့သော်လည်း အခက်အခဲပဋိပက္ခ အများအပြား ရှိနေသေးသည့်အတွက် အပြီးသတ်သဘောတူ ညီမှုရရှိရန် ဆွေးနွေးညှိနှိုင်းမှုများ မဖြစ်မနေ ပြုလုပ်ရဦးမည်ဖြစ်ကြောင်း ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒို မန်းရှာလဖန်းက ပြောဆိုလိုက်သည်။

ထိုတွေ့ဆုံပွဲများမှာ နှစ်ဖက်အဆင်ပြေမည့် မကြာခင်ကာလအတွင်း ဖြစ်လာနိုင်သော်လည်း နအဖ၏အမျိုးသားညီလာခံနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိဟု အလေးအနက်ထည့်သွင်းပြောဆိုခဲ့သည်။

ယခုနှစ် ဇန်နဝါရီလကစတင်ခဲ့သည့် နှစ်ဖက်ဆွေးနွေးပွဲရလဒ်များအရ နှစ်ဦးနှစ်ဖက်ကြား အပစ်အခတ်ရပ်ဆိုင်းထားခဲ့သော်လည်း၊ ထိုကာလမှစ၍ ပြီးခဲ့သည့်မေလကုန်အထိ တိုက်ပွဲပေါင်း(၂၀၀)ကျော် ဖြစ်ပွားခဲ့သည်ဟုသိရသည်။ တိုက်ပွဲဖြစ်ပွားမှုနှုန်း တလပျမ်းမျှ(၁၂၀)ခန့် ဖြစ်ပွားနေရာမှ ယခုအချိန်တွင် တိုက်ပွဲ(၃၀)ခန့်အထိ လျော့ကျသွားကြောင်း၊ သို့သော်နအဖစစ်တပ်က ဒေသစိုးမိုးရေးလှုပ်ရှားမှုများ ဆက်လက်ပြုလုပ်နေသည့်အတွက် ကေအဲန်ယူထိန်းချုပ်နယ်မြေရှိတပ်မဟာအားလုံးနီးပါးတွင် တိုက်ပွဲများဖြစ်ပွားနေသေးကြောင်း၊ ဆက်လက်ပြောကြားသွားပြီး အဓမ္မလုပ်အားခိုင်းစေမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း သထုံခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်၊ ကြာအင်း၊ တနင်္သာရီတိုင်းတခုလုံးနှင့် ဖားပွန်၊ ဘားအံ၊ ကော့ကရိတ် စသည့် ဒေသအနှံ့အပြားတွင် ဆက်လက်ဖြစ်ပွားနေသေးကြောင်း ပြောဆိုသွားသည်။ ထို့ကြောင့် ခိုင်မာသည့် အပစ်အခတ်ရပ်စဲရေးဖြစ်မြောက်လာရန် ဆွေးနွေးညှိနှိုင်းမှုများ အသေအချာပြုလုပ်ရဦးမည်မှာ ထင်ရှားနေသည်ဟု ဖဒို မန်းရှာလဖန်းက ပြောဆိုသွားခဲ့သည်။❖

## စတုတ္ထအကြိမ်မြောက် ဥရောပရောက်မြန်မာများ ဆွေးနွေးပွဲ

ဘယ်လဂျီယံ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမဏီ၊ အင်္ဂလန်၊ နယ်သာလန်နှင့် ပိုလန်တို့တွင် ရောက်ရှိနေသော မြန်မာများက စတုတ္ထအကြိမ်မြောက် ဥရောပ မြန်မာများအစည်းအဝေးကို ဒေါ်အောင်ဆန်းစုကြည်၏ (၅၉)နှစ်မြောက်မွေးနေ့နှင့် တိုက်ဆိုက်၍ ဂျာမဏီနိုင်ငံ ဖရန့်ဖွတ်မြို့တွင် ဇွန်လ(၁၉၊ ၂၀)ရက်များ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ယင်းဆွေးနွေးပွဲကြီးက ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအောက်ရှိ NLD နှင့် CRPP အား အပြည့်အဝ ထောက်ခံကြောင်း ဆုံးဖြတ်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဒီပဲယင်းအရေးအခင်းအား စုံစမ်းစစ်ဆေးသင့်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးမှလည်း တာဝန်ရှိသူများကို ဖော်ထုတ်သင့်ကြောင်းတို့ကို ဆုံးဖြတ်ခဲ့ပြီး၊ နအဖ အမျိုးသားညီလာခံအား ပြတ်သားစွာ ပယ်ချခဲ့သည်ဟု သိရသည်။ ထို့ပြင် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးကို အခိုင်အမာတောင်းဆိုခဲ့ပြီး၊ မြန်မာ့ဒီမိုကရေစီအရေးကို အထောက်အကူပြုစေမည့် ဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ကြောင်း ညီလာခံကို ဦးဆောင်ကျင်းပခဲ့သည့် ဘားမားဗျူရိုမှ ဦးနွယ်အောင်က မိုးကြိုးသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖



## ဒီပဲယင်းလုပ်ကြံမှုကြီး အမှုမှန်ဖော်ထုတ်ရေး နိုင်ငံတကာ အဆင့်မီ စုံစမ်းစစ်ဆေးရေးကော်မရှင်တခုဖွဲ့ ရန် ပင်ဟေးရိုးကတိပေး



မစ္စတာ ပေါ်လိုဆာဂျီယိုပင်ဟေးရိုး

ယမန်နှစ် မေလ(၃၀)ရက်နေ့က ဖြစ်ပွားခဲ့သည့် ဒီပဲယင်းနိုင်ငံတော်လုပ်ကြံမှုကြီးကို တရားနည်းလမ်းကျစွာ ဖော်ထုတ်နိုင်ရေးအတွက် နိုင်ငံတကာလက်ခံနိုင်သည့် စုံစမ်းရေးကော်မရှင်တရပ်ဖွဲ့စည်းနိုင်ရန် မိမိကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ ပေါ်လိုဆာဂျီယိုပင်ဟေးရိုး ပြောကြားလိုက်သည်။

ယခုလ(၁)ရက်နေ့က ထိုင်း–မြန်မာနယ်စပ်အခြေစိုက် ဒီပဲယင်းစုံစမ်းရေးကော်မရှင်နှင့် ဘန်ကောက်မြို့၌တွေ့ဆုံစဉ် ထိုစုံစမ်းရေးကော်မရှင်၏ တောင်းဆိုချက်ကို ၎င်းကသဘောတူ ကတိပေးခဲ့ခြင်းဖြစ်သည်။

ထိုကော်မရှင်သည် မစ္စတာ ပင်ဟေးရိုးနှင့်တွေ့ဆုံစဉ် ဒီပဲယင်းဖြစ်စဉ်နှင့်တွေ့ရှိချက်များကို ဦးစွာတင်ပြခဲ့ပြီးနောက် ဥပဒေနှင့်မညီသည့်ဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု၊ သံသယနှင့်ဖမ်းဆီးချုပ်နှောင်ခံရမှု၊ အတင်းအကျပ်ပြုခံခဲ့ရမှုများ အပါအဝင်၊ ဒီပဲယင်းအရေးအခင်းအတွင်းပျောက်ဆုံးနေသူများအမှု၊ အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်နေမှုများကို တင်ပြခဲ့ကြသည်။

အဆိုပါတင်ပြချက်များကို မစ္စတာ ပင်ဟေးရိုးက သဘောထူလက်ခံခဲ့ပြီးနောက် ကမ္ဘာကလက်ခံသည့် နိုင်ငံတကာအဆင့်မီ ဒီပဲယင်းအမှုမှန်ပေါ်ပေါက်ရေး စုံစမ်းရေးကော်မရှင်တရပ် ပေါ်ထွန်းလာရန် ကြိုးစားပေးမည်ဟု ကတိပေးခဲ့ကြောင်း ဒီပဲယင်းနိုင်ငံတော် လုပ်ကြံသတ်ဖြတ်မှုကြီးတနှစ်ပြည့်မြောက်နှစ်ပတ်လည်နေ့တွင် ထုတ်ပြန်သည့် နယ်စပ်အခြေစိုက် ဒီပဲယင်းအမှုမှန်ပေါ်ပေါက်ရေး စုံစမ်းရေးကော်မရှင်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။❖

## နအဖညီလာခံကို သပိတ်မှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များ ဖိအားပေးအကျပ်ကိုင်ခံနေရ

နအဖက ပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေသူကြံ့ဖွံ့များအပါအဝင် အခြားကိုယ်စားလှယ်များအား အာဏာပိုင်များက ထောက်ပံ့မှုအမျိုးမျိုးပေးနေသော်လည်း ညီလာခံကို သပိတ်မှောက်ခဲ့သူ အဖွဲ့ချုပ်ကိုယ်စားလှယ်များအပါအဝင် ပြည်သူ့ကိုယ်စားလှယ်များကို ဖိအားအမျိုးမျိုးပေး၍ ခြိမ်းခြောက် အကျပ်ကိုင်ကာ ပါတီမှနှုတ်ထွက်ခိုင်းခြင်း၊ မိသားစုပိုင်စီးပွားရေးလုပ်ကိုင်ခွင့်မရစေရန် တားမြစ်ပိတ်ပင်ခြင်းများပြုလုပ်နေကြောင်း သိရသည်။

ယခုလဒုတိယပတ်အတွင်းက ပဲခူးတိုင်း၊ မင်းလှအဖွဲ့ချုပ် ကိုယ်စားလှယ်ဒေါ်လှလှမိုးထံမှ ခတ်ပုံ(၄)ပုံနှင့် ကိုယ်ရေးရာဇဝင်ကို အာဏာပိုင်များက အကြောင်းမဲ့တောင်းယူသွားခြင်း၊ ထို့အတူ ရှမ်းပြည်နယ် လားရှိုးအဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ် ဦးသန်းဌေးကို ပြည်နယ်ရဲမှူးကြီး ကိုယ်တိုင်က နှစ်ကြိမ်တိုင်တိုင်ခေါ်ယူတွေ့ဆုံ၍ အဖွဲ့ချုပ်မှနှုတ်ထွက်ရန် ဖိအားပေးအကျပ်ကိုင်ခြင်း နှင့်စီးပွားရေးလုပ်ငန်းများကို ပိတ်ပင်ခြင်းတို့ကိုပြုလုပ်ခဲ့ပြီး၊ ယခုနောက်ဆုံး ရန်ကုန်၊ သင်္ဃန်းကျွန်းအဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ် ဦးသိန်းညွန့်၏ ကိုယ်ရေးရာဇဝင် တောင်းယူသွားပြီး မိသားစုအမွေပိုင်နေအိမ်ကို အမွေဆိုင်အိမ်အဖြစ် ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တရားရုံးက ပြောင်းလဲသတ်မှတ်ပြီး လေလံတင် ရောင်းချရန် အမိန့်ချမှတ်ပြီး နေထိုင်စရာမရှိအောင် ပြုမူနေကြောင်း သိရသည်။

အလားတူ မကွေးတိုင်း ချောက်မြို့နယ်မဲဆန္ဒနယ်(၁)မှ အဖွဲ့ချုပ်ပြည်သူ့ ကိုယ်စားလှယ် ဦးမြင့်သိန်းကို ညီလာခံတက်ရောက်ရန် အာဏာပိုင်များက ဖိတ်စာပို့ခဲ့သော်လည်း မတက်ရောက် သည့်အတွက် လက်ရှိနေထိုင်သည့် ရေနံလုပ်ငန်းဝန်ထမ်းအိမ်ယာမှ နှင်ထုတ်ခဲ့ကြောင်း သိရသည်။

ဦးမြင့်သိန်း၏နေအိမ်သည် မြို့နယ်အဖွဲ့ချုပ်ရုံးဖွင့်ထားခဲ့ရာ ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားပြီးနောက် ချိတ်ပိတ်ခံထားရသည့်အတွက် ညီဖြစ်သူနေထိုင်သည့် ရေနံဝန်ထမ်းအိမ်ရာတွင် ယာယီသွားရောက်နေထိုင်စဉ် ယခုလို နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။

ယခုလ(၆)ရက်နေ့ကလည်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဒု–ဥက္ကဋ္ဌ ဦးစိုင်းထွန်းအောင်( ရှမ်းပြည်နယ် လင်းခေးကိုယ်စားလှယ်)သည် အာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် SNLD မှ နှုတ်ထွက်သွားကြောင်း သိရသည်။❖

# ဝနွဲ့ သင့်ပြီ...

ဗည

“ ဗမာပြည် ပြည်သူလူထုဟာ တိုက်ပွဲဝင်စရာရှိရင် မီးဖိုကမီးကို သတ်၊ အိမ်တံခါးကို သော့ခတ်၊ မတ်တပ်ရပ်နိုင်သူမှန်သမျှ လက်ယပ်ခေါ်လို့ လမ်းပေါ်ထွက်တဲ့ လူတွေဖြစ်တယ်။ အခုဖြစ်နေတာက သူတို့ကို တိုက်ပွဲဝင်ရေးအတွက် ဘဝင်ကျအောင် မလုပ်နိုင်တာဖြစ်တယ် ... ”

ဒီနေ့ဗမာပြည်အခြေအနေဟာ ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေမဟုတ်။ ရှေ့တိုးရမယ့်အချိန်ဖြစ်တယ်။ ကိုယ်ကမတိုးနိုင်ရင် သူကနင်းဝင်တော့မယ်။ ကိုယ်က ဘယ်လိုတိုးမယ်ဆိုတာကို စဉ်းစားကြ၊ ပြင်ဆင်ကြ၊ အကောင်အထည် ဖော်ကြသင့်ပြီ။

ပြည်သူလူထုကြီးရဲ့ အခြေအနေဟာ ကြောက်နေကြတာ၊ စီးပွားရေးထဲနစ်နေကြတာ မဟုတ်ဘူး။ ၁၉၈၈ တုန်းကလည်း စီးပွားရေးအတွက် အသေအလဲ လုံးပမ်းနေရတာပဲ။ ဗမာပြည် ပြည်သူလူထုဟာ တိုက်ပွဲဝင်စရာရှိရင် မီးဖိုကမီးကိုသတ်၊ အိမ်တံခါးကိုသော့ခတ်၊ မတ်တပ်ရပ်နိုင်သူမှန်သမျှ လက်ယပ်ခေါ်လို့ လမ်းပေါ်ထွက်တဲ့ လူတွေဖြစ်တယ်။ အခုဖြစ်နေတာက သူတို့ကို တိုက်ပွဲဝင်ရေးအတွက် ဘဝင်ကျအောင် မလုပ်နိုင်တာဖြစ်တယ်။ ပြောရရင် သူတို့ဟာ သူတို့ကို တိုက်ပွဲလမ်းမဆီ ဦးဆောင်သွားမယ့် အင်အားစု၊ လူပုဂ္ဂိုလ်စတာတွေကို တောင့်တနေကြတယ်။ ရေဒီယို အပါအဝင် ပြည်ပကနေပြောနေတာတွေဟာ လှုံ့ဆော်တဲ့ အဆင့်ပဲရှိတယ်။ ပညာပေးတာလုပ်နိုင်တယ်။ ဒါပေမယ့် သူတို့လိုအပ်နေတာက သူတို့နဲ့အတူ သူတို့ရှေ့က လမ်းမှန်ကို ဦးဆောင်သွားမယ့် အင်အားတွေဖြစ်တယ်။ အခုအချိန်ဟာ အဲဒီလိုအင်အားတွေ တည်ဆောက်ကြ၊ ပြင်ဆင်ကြရမယ့် အချိန်ဖြစ်တယ်။

နအဖမှာ ဆုတ်လမ်း မရှိဘူး။ သူတို့အဖို့ ဆက်တိုးမှသာ အသက်ရှင်ရပ်တည်နိုင်မယ်၊ ဆိုလိုတာက သူတို့ရဲ့ လက်ရှိခေါင်းဆောင်ထုနဲ့လက်ရှိမူဝါဒတွေကိုပြောတာ။ လက်ရှိမူဝါဒတွေကိုစွန့်မယ်– ဒါဟာလည်း လက်ရှိခေါင်းဆောင်စုကို ဖယ်ရှားမှလိုဖြစ်နေတယ်– ဆိုရင် နိုင်ငံတော်သစ်မှာ သူတို့အတွက် နေရာရှိတာပေါ့။ ဒါပေမယ့် အခုတွေ့နေရတာက သူတို့ဟာ စစ်အာဏာရှင်စနစ်ကို မျိုးဆက် အဆက်ဆက် လက်လွှဲသယ်ဆောင်သွားဖို့ဆုံးဖြတ်ထားတာ ရှင်းနေတယ်။ အခုလုပ်နေတာတွေဟာ ဒီပဲယင်းကျိန်စာကရှန်းထွက်ဖို့ဖြစ်တယ်။ သူတို့လုပ်နေတာတွေအားလုံးဟာ ပြည်တွင်းကလူထုကို လိမ်လည်ဖို့မဟုတ်ဘူး၊ လိမ်လို့မရမှန်း သူတို့သိတယ်။ အဓိကဟာအေစီယံအပါ အိမ်နီးနားချင်းတွေကို မီးစိမ်းပြစေချင်တာဖြစ်တယ်။ အေစီယံထဲက တချို့ကလည်း မဆွတ်ခင်ကတည်းက ညွတ်ချင်တဲ့ပုံပဲ။

ငြိမ်းအဖွဲ့တွေကတော့ တကယ့်ကို ရှေ့မတိုးသာနောက်မဆုတ်သာပဲ။ သမိုင်းတရားခံဖြစ်မယ်ဆိုတဲ့ဖိအားနဲ့ လက်ရှိအနေအထား– ဥစ္စာစည်းစိမ်အပါ– ပျောက်ပျက်သွားနိုင်တယ်ဆိုတဲ့အကြားမှာ ပိတ်မိနေတယ်။ သဘာဝကျစွာပဲ သူတို့အထဲမှာ ကွဲလွဲတာ၊ မတူတာတွေ ပေါ်လာတယ်။ နောင်လည်းပေါ်ဦးမယ်။ နအဖကလည်း အဲဒီလိုပေါ်အောင်လုပ်နေတယ်။ ဒီအဖွဲ့တွေ အခုလိုဖြစ်တာဟာ သူတို့အကြောင်းရင်းနဲ့ သူတို့ဖြစ်တာပဲ။ လောလောဆယ် ဘယ်သူမှတားလို့၊ ကယ်လို့ မရဘူး။ ဖြစ်နိုင်ရင် သူတို့တတွေ ပြည်သူလူထုကြီးကို သတိရအောင် အတတ်နိုင်ဆုံး လုပ်ပေးဖို့ပဲ။

ပြည်ပရောက် အင်အားစုတွေအနေနဲ့ ဆေးမြီးတိုတွေရှာပြီး ဖော်မြူလာချပေးတာချည်း လုပ်နေလို့မပြီးတော့ဘူး။ အခုအခါမှာ ပြည်တွင်းကို အဓိကထားရမယ်ဆိုတာကတော့ ဝိဝါဒမကွဲကြတော့သလောက်ပဲ။ ဒါပေမယ့် တချို့လူတွေအဖို့ ဒါဟာ ကြောင်ကြီးရဲ့လည်ပင်းကို ခြူဆွဲတာမျိုးဖြစ်နေကြဟန်တူတယ်။ ဒီတကွေ့မှာ ကိုယ့်ကို ပြည်သူက ဒီလူတွေဟာ အပြောသက်သက်ပဲလို့ အထင်ခံလို့ မဖြစ်ဘူး။ အားလုံး အတွေ့အကြုံမနည်းတဲ့လူတွေပဲ၊ အတွေ့အကြုံကိုပြန်သုံးသပ်၊ ရှေ့ခြေလှမ်းကို လက်တွေ့ကျကျ စဉ်းစားတီထွင်ကြရမှာပဲ။

အတိုက်အခံတွေ အားလုံးတူညီနိုင်တဲ့ အငြင်းပွားစရာမရှိတဲ့ အချက်တွေအများကြီးရှိတယ်။ အဲဒါတွေအပေါ်မှာ လက်တွဲလုပ်ဖို့စဉ်းစားရမယ်။ ပြည်ပရောက် အင်အားတွေအဖို့တော့ ယူဂျီပဲလုပ်ရမှာ ရှင်းနေတယ်။ ယူဂျီစည်းကမ်းဆိုတာ နှစ်ပေါင်း ၅၀ ကျော် ပြည်တွင်းစစ်ဖြစ်နေတဲ့ နိုင်ငံမှာအထူးသင်နေ၊ ပြောနေဖို့မလိုဘူး။ ယူဂျီနဲ့ အိုဂျီ (မြေပေါ်လုပ်ငန်း) မရောရဘူး ဆိုတာလည်း အားလုံးသိတယ်။ အရေးကြီးတာ ပိုင်းဖြတ်မှုပဲ။ ဒါပေမယ့် အရမ်းပြုံတိုးလို့တော့မဖြစ်ဘူး။ တကယ်က လုပ်မယ်ဆိုရင် နယ်ပယ်တွေက အများကြီး။ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသား၊ တတ်သိပညာရှင်၊ စာပေအနုပညာသည်၊ သံဃာ၊ တပ်ပြုပြင်ပြောင်းလဲရေး၊ ရှစ်လေးလုံးကာလကို ပြန်တွေးလိုက်ပါ။ ထိုးဖောက်ဝင်ရောက်ရမယ့် နယ်ပယ်တွေက ကိုယ့်ရှိတဲ့အင်အားထက် အများကြီး ပိုနေသေးတယ်။

ဒီနေရာမှာ အခြားနည်းနာ (alternative) ဆိုပြီးပြောလာတာတွေထဲက နအဖရဲ့ ညီလာခံကမူ ၆ ခုနဲ့ ၁၀၄ ချက်တို့ကိုလက်ခံလိုက်ဖို့ဆိုတာကတော့ လုံးဝမဖြစ်ဘူး။ ရှင်းရှင်းပြောရင် ဒါဟာ လက်နက်ချနည်းတမျိုးပဲ။ တချို့ကတော့လည်း ဒီချုပ်ကို တင်းခံမနေပါနဲ့၊ နည်းနည်းလျှော့ပေးလိုက်ပါလို့ ပြောတာလည်း ကြားရတယ်။ မြွေအပတ်ခံနေရတာက မယ်ထွေးပဲ၊ မယ်ထွေးကို တပတ်လောက် လျှော့လိုက်ပါလို့ ပြောတာတော့ မမှန်ဘူးထင်တယ်။ မူတွေလျှော့ပြီး စေ့စပ်ခိုင်းတာ စဉ်းစားစရာကောင်းတယ်။ ဒီပွဲမှာ ဒီချုပ်လည်း သူ့ခြေလှမ်းနဲ့သူ ပါမယ်၊ အစီအစဉ်တွေရှိမယ်လို့မျှော်လင့်တယ်။ သူတို့အခက်အခဲကို တခြားလူတွေက နားလည်သလိုတခြားလူတွေရဲ့ မျှော်လင့်ချက်ကိုလည်းသူတို့နားလည်ဖို့ လိုတယ်။

တစည်းမဟုတ်တဲ့ ကျန်တရားဝင်နိုင်ငံရေးပါတီတွေဟာ ဘာပဲပြောပြော ဒီချုပ်ခြေလှမ်းကိုကြည့်ပြီး လှုပ်ရှားတာဖြစ်ဖို့ များတယ်။

ဒီနေ့ကာလမှာ ဘောလုံးဟာ ဘယ်သူ့ကွင်းထဲမှာလဲ ဆိုတာချည်းပြောနေလို့ မပြီးဘူး။ သူ့ဘက်ကွင်းထဲရောက်နေတာဖြစ်စေ၊ ကိုယ့်ဘက်ကွင်းထဲရောက်နေတာဖြစ်စေ၊ တခြားကွင်းတွေထဲ ရောက်နေတာဖြစ်စေ၊ ကိုယ်လုပ်စရာရှိတာကို လုပ်ကြဖို့ပဲ။ နအဖဟာ သူ့အစီအစဉ်နဲ့ သူလုပ်နေတာ။ ကိုယ်ကဘာလို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် မလုပ်နိုင်ရမှာလဲ။ မီးစင်ကြည့်ကတဲ့ ပေါ်လစီဆိုတာ လူညံ့တွေရဲ့ ပေါ်လစီပဲ။

နိုင်ငံတကာအခြေအနေက ဗမာပြည်အရေးကို ဘယ်သူမှ သိပ်စိတ်မဝင်စားဘူး။ ကိုယ့်ကိုယ်ကို ပိုမတွက်ပါနဲ့။ ဒီလိုစိတ်မဝင်စားကြတာကိုက တမျိုးကောင်းတယ် အောက်မေ့ရမယ်။ ကိုယ့်ခြေကိုယ့်လက်ချည်း လုပ်ကြတာပေါ့။ ရှစ်လေးလုံးကာလလို စစ်အစိုးရအဖို့ နေ့လားညလား ကိုယ့်ခေါင်းကိုယ် စမ်းနေရတဲ့ကာလမှာ ဝင်မလာတဲ့ အမေရိကန် စစ်တပ်ကြီးကို အခုမှမျှော်မနေသင့်ဘူး။ အိမ်နီးနားချင်းတွေကလည်း အားလုံးလိုလို ဖွင့်ပြောပြီးကြပြီ။

ယူဂျီလုပ်ကြမယ့်သူတွေအဖို့ လျှို့ဝှက်လုပ်စရာတွေ အများကြီး။ ဒါပေမယ့် နောက်ဆုံးပန်းတိုင်နဲ့ ဒါကို အကောင်အထည်ဖော်တဲ့ အဓိကနည်းလမ်းကိုတော့ ဖုံးကွယ်ထားဖို့မလိုဘူးထင်တယ်။

နောက်ဆုံးပန်းတိုင်က စစ်အာဏာရှင်စနစ်အမြစ်ဖြုတ်ရေး။ ဒါကို အဓိက အကောင်အထည်ဖော်တဲ့နည်းက လူထုအုံကြွမှုပဲ။

❖

# မြန်မာ့ဒီမိုကရေစီရေးအပေါ် အိန္ဒိယ အစိုးရအဖွဲ့သစ်မှ ထက်သန်စွာထောက်ခံဖော်ပြလိုက်ခြင်း



ကွန်ဂရက်အိုင်ပါတီ ဥက္ကဋ္ဌ
ဆိုနီယာဂန္ဒီ

ပြီးခဲ့သည့်လရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးအစိုးရဖြစ်လာသည့် ကွန်ဂရက်အိုင်ပါတီ ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအဖွဲ့သစ်မှနိုင်ငံခြားရေးဝန်ကြီး နာတဝပ်ဆင်း က ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေး၍ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံး ကျင်းပပေးရန် တောင်းဆိုလိုက်ပြီး မြန်မာ့ဒီမိုကရေစီရေးအပေါ် စိတ်ဝင်စားစွာထုတ်ဖော်ပြသလိုက်သည်။

ယခင်ဘီဂျေပီပါတီအစိုးရ၏ သဘောထားနှင့်မတူဘဲ ကွန်ဂရက်အိုင်ပါတီ အစိုးရသစ်မှ မြန်မာ့ဒီမိုကရေစီရေးအပေါ် ယခုကဲ့သို့ထုတ်ဖော်ပြောဆိုမှုနှင့်ပတ်သက်၍ အာအက်ဖ်အေမှ အိန္ဒိယရှိညွန့်ပေါင်းအစိုးရဝန်ကြီးတဦးဖြစ်သူဒေါက်တာတင့်ဆွေအား ဆက်သွယ်မေးမြန်းခဲ့ရာတွင် ဒေါက်တာတင့်ဆွေကအိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ ပြောဆိုချက်သည် နိုင်ငံခြားရေးပေါ်လစီနှင့် ပတ်သက်လျှင်အလွန်အရေးကြီးကြောင်း၊ အိန္ဒိယမီဒီယာများကလည်းယခုလိုပြောဆိုမှုသည် ပေါ်လစီအပြောင်းအလဲဟုပင် သုံးသပ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့ပြင် ဤအပြောင်းအလဲနှင့် ပတ်သက်၍ ဂျာဝါလာဟာနေရူးတက္ကသိုလ်မှ မြန်မာ့အရေးလေ့လာသူ ပါမောက္ခ ဂန်ဂနက်ဂျားအား ဒီဗွီဘီမှ မေးမြန်းခဲ့ရာတွင်လည်း ၎င်းက ကွန်ဂရက်အိုင်ပါတီဦးဆောင်သည့် ညွန့်ပေါင်းအစိုးရသည် နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်ပြီး ၎င်း၏ အကြီးဆုံးမဟာမိတ်ပါတီဖြစ်သော အိန္ဒိယကွန်မြူနစ်ပါတီထံမှ အကြံဉာဏ်များ ရယူရခြင်းဖြစ်ကြောင်းနှင့် အိန္ဒိယကွန်မြူနစ်ပါတီသည် မြန်မာပြည်ဒီမိုကရေစီရေးကို လက်တွေ့ကျကျ အားပေးနေသည့်အပြင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အလွန်ပင်လေးစားကြောင်း ပြောဆိုခဲ့သည်။

ကွန်ဂရက်အိုင်ပါတီသည် အိန္ဒိယတွင် အာဏာရစဉ်တလျှောက်လုံး မြန်မာ့ဒီမိုကရေစီရေးကို တရားဝင်ထောက်ခံခဲ့ပြီး ငွေအားစိတ်ဓာတ်အား ပံ့အောကူညီခဲ့သည့် သမိုင်းရှိခဲ့ကြောင်း သိရှိရသည်။ ယခုရင်းပါတီကဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအနေဖြင့်မူ မည်ကဲ့သို့ ဆက်လက်ရှိမည်ဆိုသည်ကိုမူ စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း လေ့လာသူများက ပြောဆိုနေကြသည်။❖

# ကရင်နီပြည်သူများ ကျေးရွာစွန့်၍ ထွက်ပြေး တိမ်းရှောင်နေရဆဲ





နအဖစစ်တပ်များ၏ လူမဆန်စွာရမ်းကားမှုများကို အစဉ်အမြဲ စိုးရိမ်ထိတ်လန့်နေရသော ကရင်နီပြည်သူများသည် ယနေ့တိုင် ကျေးရွာများကို စွန့်ခွာထွက်ပြေးနေရဆဲဖြစ်ပြီး၊ တောတွင်း၌ ပုန်းအောင်းနေကြရသဖြင့် များစွာအတိဒုက္ခရောက်လျက်ရှိကြောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

သက္ကရာဇ်(၂၀၀၄)ခုနှစ် ဇွန်လ(၂၅)ရက်နေ့တွင် နအဖ ခြေလျင်တပ်ရင်း အမှတ်(၁၃၅)မှ ကရင်နီနှင့် ကရင်ပြည်နယ်စပ်ရှိ ဖားဘိုရွာအတွင်း ဝင်ရောက်လာသောကြောင့်၊ ရွာလုံးကျွတ် ထွက်ပြေးပုန်းရှောင်လျက်ရှိသည်။ ထွက်ပြေးပုန်းရှောင်နေသော ရွာသားများအား ကရင်နီဒုက္ခသည်ကူညီရေးအဖွဲ့မှ လိုအပ်သော အကူအညီများ ပံ့ပိုးလျက်ရှိသည်။ ❖

# အဖွဲ့ချုပ်ဝင် မိသားစုများ နှိပ်ကွပ်ခံနေရ

မန္တလေးတိုင်း၊ မိတ္ထီလာမြို့မှ မနွယ်နီစိုးဆိုသူသည် မူကြိုကျောင်းဆရာမအဖြစ် တာဝန်ပေးအပ်ကြောင်း ပညာရေးဌာန၏ ခန့်အပ်စာရရှိသည့်အတွက် ထိုနေ့မှာပင် ကျောင်းသို့ သတင်းပို့ရန် သွားရောက်ခဲ့ရာ၊ နယ်မြေအာဏာပိုင်များက အကြောင်းပြချက် တစုံတရာ မရှိဘဲ အလုပ်မှနေ့ချင်း ဖြုတ်ပစ် လိုက်ကြောင်း သိရသည်။

ယခုလို အလုပ်မှ နေ့တွင်းချင်းဖြုတ်ပစ်ခံရခြင်းမှာ ၎င်း၏မိခင်ဒေါ်သန်းသန်းမြင့်သည် မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်အမျိုးသမီး လုပ်ငန်းအဖွဲ့ဝင်အဖြစ် တက်ကြွစွာဆောင်ရွက်နေခြင်းကြောင့်ဖြစ်နိုင်ကြောင်း မြို့ခံ များက ယူဆနေကြသည်။❖

# မြန်မာနိုင်ငံ၏လက်ရှိအခြေအနေကြောင့် အီးယူက အာဆီယံအစည်းအဝေး ၂ခုဖျက်သိမ်း

မြန်မာနိုင်ငံကို အာဆီယံ(ဥရောပအာရှ) အဖွဲ့ဝင်ဖြစ်လာစေရန် အာဆီယံနိုင်ငံများက တိုက်တွန်းနေသော်လည်း မြန်မာနိုင်ငံတွင် ဥရောပသမဂ္ဂ၏ ဦးတည်ချက်အတိုင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအခြေအနေများ တိုးတက်ပြောင်းလဲလာခြင်း မရှိသေးသည့်အတွက် ဖိအားပေးသည့်အနေဖြင့် ရှေ့လများတွင် ကျင်းပရန်ရှိသော်လည်း အာဆီယံဝန်ကြီးများ အဆင့်ဆွေးနွေးပွဲ(၂)ခုကို ဥရောပသမဂ္ဂဘက်ကဖျက်သိမ်းခဲ့သည်။

အာဆီယံအစည်းအဝေးနှစ်ခု ဖျက်သိမ်းလိုက်ခြင်းနှင့်ပတ်သက်၍ ဥရောပသမဂ္ဂအလှည့်ကျဥက္ကဋ္ဌ အိုင်ယာလန်ဝန်ကြီးချုပ် ရှီမန်ဒိုပရိုဒီက အီးယူ၏ရပ်တည်ချက်အတိုင်း နိုင်ငံတကာကို ဆက်ဆံခဲ့သည်နှင့်အညီ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ တိုးတက်ပြောင်းလဲလာသည်အထိ ဆက်လက်ဖိအားပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကိုအီဇုမိနှင့်အတူ ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတရပ်တွင် ပြောကြားခဲ့သည်။

အီးယူက ဖျက်သိမ်းလိုက်သည့် အဆိုပါအစည်းအဝေးနှစ်ရပ်မှာ ဇူလိုင်(၆)ရက်နေ့တွင် ဘရပ်ဆဲလ်မြို့တွင်ကျင်းပမည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် စက်တင်ဘာတွင်ကျင်းပရန်ရှိသည့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးများဖြစ်သည်။

ယခုလို အစည်းအဝေးနှစ်ခုပျက်ပြားသွားသည့်အတွက် မလေးရှားနှင့်အာဆီယံအဖွဲ့ဝင်သစ်အဖြစ် မြန်မာနှင့်အတူ အဆိုပြုထားခံရသည့် ကမ္ဘောဒီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများက အီးယူကို ပြစ်တင်ဝေဖန်ပြောကြားခဲ့ကြသည်။

အခြားသတင်းများအရ နှစ်ဖက်အကြားဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေများအရ ဗီယက်နမ်တွင် အောက်တိုဘာလ၌ကျင်းပရန်ရှိသည့် အာဆီယံထိပ်သီးအစည်းအဝေးကိုပါ ထိခိုက်သွားနိုင်ဖွယ်ရှိနေကြောင်း သိရသည်။❖

# ကလေးစစ်သားများအသုံးပြုမှုချက်ချင်းရပ်ဆိုင်းရန် နအဖကို တောင်းဆို

နအဖစစ်တပ်အတွင်း ကလေးစစ်သားများ(၂၀)ရာခိုင်နှုန်းအထိ ဆက်လက်အသုံးချနေခြင်းကို ချက်ချင်းရပ်ဆိုင်းရန် နယူးယောက်အခြေစိုက် နိုင်ငံတကာလူ့အခွင့် အရေးစောင့်ကြည့်ရေးအဖွဲ့က တောင်းဆိုလိုက်သည်။

၂၀၀၂–ခုနှစ် စစ်တမ်းများအရ မြန်မာစစ်အုပ်စုသည် ကလေးစစ်သားများကို ကျယ်ကျယ်ပြန့်ပြန့်ဆက်လက် အသုံးချနေဆဲဖြစ်ပြီး နအဖစစ်တပ်တွင် စစ်သား ၄ သိန်းခန့်ရှိသည့်အနက်(၂၀)ရာခိုင်နှုန်းသည် ကလေးစစ်သားများဖြစ်သည်ဟု ထိုအဖွဲ့ကဆိုသည်။

ထို့အပြင် ထိုသို့ ကလေးစစ်သားများ အသုံးချနေခြင်းသည် နိုင်ငံတကာကလေးအခွင့် အရေးဥပဒေကို ချိုးဖောက်ခြင်းဖြစ်၍ လုံးဝလက်ခံနိုင်စရာမရှိဟု အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ဂျိုးဘက်ကာက ပြောဆိုခဲ့သည်။

အဖွဲ့၏ကြေညာချက်တွင် နအဖ စစ်သားများသည် ကလေးများအား ဈေး၊ ပန်းခြံ၊ ဘူတာရုံ၊ ကားဂိတ်နှင့် အခြားလူစည်ကားရာနေရာများတွင် စောင့်ဖမ်း၍စစ်တပ်ထဲမပါဝင်ပါက ထောင်ထဲပို့မည်ဟု ခြိမ်းခြောက်ကာ၊ အဓမ္မစစ်မှုထမ်းဆောင် စေခိုင်းနေကြောင်း ဖော်ပြထားသည်။❖

# ကလေးငယ်များအဓမ္မခိုင်းစေမှုတားဆီးသည့် ဥပဒေပြဋ္ဌာန်းရန် နအဖကို ကုလအရာရှိတိုက်တွန်း

မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား အဓမ္မခိုင်းစေခြင်းမှတားဆီးသည့် ဥပဒေတရပ် တရားဝင်ပြဋ္ဌာန်းပေးရန်လိုကြောင်း ကုလသမဂ္ဂကလေးအခွင့်အရေးဆိုင်ရာ ကော်မတီက နအဖစစ်အုပ်စုကို ပြောဆိုလိုက်သည်။

ကုလသမဂ္ဂ ကလေးအခွင့်အရေးဆိုင်ရာကော်မတီအရာရှိ မစ္စနဇန်နာဘိုနာဇစ်ကဇွန်(၁၂)ရက်တွင် ကျရောက်သည့် တကမ္ဘာလုံးဆိုင်ရာ ကလေးအလုပ်သမား ဆန့်ကျင်ရေးနေ့တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာကလေးငယ်များသည် နိုင်ငံ့စီးပွားရေး ကျဆင်းမှုကြောင့် အရွယ်မတိုင်မီ ကျောင်းမှထွက်၍ လုပ်ငန်းခွင်များတွင် ဆင်းဆင်းရဲရဲလုပ်ကိုင်နေရသည့်အတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း ပြောဆိုခဲ့သည်။

ထို့အပြင် အစိုးရသည် တိုင်းပြည်၏ ဘတ်ဂျက်ကို ပညာရေးကဏ္ဍတွင် သုံးစွဲမှုနည်းပါးပြီး အခြားနေရာများတွင် ပိုမိုသုံးစွဲနေသဖြင့် ကလေးငယ်များပညာရေးနိမ့်ကျနေကြရကြောင်း ထောက်ပြဝေဖန်ခဲ့သည်။

၎င်းက ကလေးငယ်များအား အဓမ္မခိုင်းစေမှုကို အမှန်တကယ် တားဆီးနိုင်ရန် အစိုးရက စီမံကိန်းများချမှတ်လုပ်ဆောင်ရန် လိုအပ်ပြီး၊ ဥပဒေချိုးဖောက်သူများကိုလည်း တိကျစွာအရေးယူအပြစ်ပေးရန် လိုအပ်သည်ဟုပါ ထပ်လောင်းကြားခဲ့သည်။

လေ့လာသူများအဆိုအရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့်အရှေ့အာရှတွင် မူလတန်းအရွယ် ကလေးကျောင်းထွက်နှုန်း အမြင့်မားဆုံးစာရင်းဝင်နိုင်ငံဖြစ်ပြီး ထိုင်း–မြန်မာနယ်စပ်ရောက် ကလေးများ၏အခြေအနေမှာပိုမိုဆိုးဝါးနေသည်ဟု ဆိုသည်။

ထို့အပြင် ကျောင်းစရိတ်မြင့်မားလွန်းသည့်အတွက် တနှစ်ထက်တနှစ် မူလတန်းအဆင့် ကျောင်းထွက်နှုန်း မြင့်တက်လာနေပြီး အထူးသဖြင့် မိန်းကလေးများဖြစ်ကြောင်း သိရသည်။

လူ့အခွင့်အရေးလေ့လာသူတဦးအဆိုအရ မြန်မာနိုင်ငံမှ ကလေးသူငယ် အများအပြားသည် အခြားနိုင်ငံများတွင် ဆင်းရဲပင်ပမ်းစွာ အလုပ်လုပ်ကိုင်နေကြရကြောင်းသိရသည်။❖

# လွတ်လပ်ရေးတိုက်ပွဲဝင်ဝါရင့်နိုင်ငံရေးသမားကြီး၂ဦး ကျန်းမာရေးအခြေအနေ စိုးရိမ်နေရ


ဝါရင့်နိုင်ငံရေးသမားကြီး
ဝိဓူရသခင်ချစ်မောင် နှင့် သခင်သိန်းဖေ

လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများဖြစ်ကြသည့် သခင်သိန်းဖေနှင့် ဝိဓူရသခင်ချစ်မောင်တို့၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရှိနေကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။

အသက်(၉၀)နီးပါးအရွယ်ရှိ သခင်သိန်းဖေသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း သွေးတိုးရောဂါဝေဒနာ အပြင်းအထန်ခံစားခဲ့ရ၍ အရေးပေါ်ကုသမှုကို ခံယူနေရကြောင်း သိရသည်။ ထို့အတူ အသက်(၉၀)ကျော်အရွယ်ရှိ ဝါရင့်နိုင်ငံရေးသမားကြီး ဝိဓူရသခင်ချစ်မောင်မှာ နုလုံးသွေးတိုးရောဂါကြောင့် အိပ်ရာတွင် အနားယူနေရသည်မှာ ကြာမြင့်နေပြီဖြစ်သည်။

အဆိုပါသခင်ကြီးများသည် လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ မြန်မာ့လွတ်လပ်ရေး အဆက်ဆက်တွင် သက်စွန့်ကြိုးပမ်းပါဝင်ခဲ့ကြသူများဖြစ်ကြပြီး လက်ရှိနိုင်ငံရေးပေါ်တွင်လည်း အရေးပါသည့် အခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်လှုပ်ရှားနေသူများဖြစ်သည်။ ဝါရင့်နိုင်ငံရေးသမားကြီးများသည် မြန်မာနိုင်ငံရေးအခက်အခဲအကျပ်အတည်းများအား သုံးပွင့်ဆိုင်ဆွေးနွေးခြင်းအားဖြင့်ဖြေရှင်းရန် တိုက်တွန်းထားပြီး အားလုံးသဘောတူညီချက်အရ ယာယီကြားဖြတ်အစိုးရဖွဲ့စည်းရေးကို နအဖစစ်အုပ်စုနှင့် အတိုက်အခံများကိုပါ အဆိုပြုခဲ့ကြသည်။

အခြား ဝါရင့်နိုင်ငံရေးသမားကြီးများက လာမည့်(၄)ရက်နေ့တွင် ယနေ့နိုင်ငံရေးအပေါ်သုံးသပ်သည့် ကြေညာချက်တစောင် ထုတ်ပြန်မည်ဟု သိရသည်။ ❖

# ထောင်အတွင်း ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် နိုင်ငံရေးအကျဉ်းသားတဦး ရှေ့နေတဦး သေဆုံးရပြန်

၁၉၈၈ ခုနောက်ပိုင်း ထောင်တွင်းနှိပ်စက်ညှဉ်းပမ်းခံရမှုဒဏ်ကြောင့် နိုင်ငံရေးအကျဉ်းသားရှေ့နေတဦး ယခုလ (၁၃)ရက်နေ့တွင် အင်းစိန်ဆေးရုံကြီး၌ ထပ်မံသေဆုံးသွားကြောင်း သိရသည်။

ကွယ်လွန်သူ အသက်(၅၀)အရွယ်ရှိရှေ့နေ ဦးမင်းသူသည် ၁၉၉၄ ခုဧပြီလ(၂၈)ရက်နေ့တွင် ကျောင်းသားလှုပ်ရှားမှုသမိုင်းစာအုပ်ရေးသားရာတွင် ပါဝင်ခဲ့သဖြင့် စစ်ထောက်လှမ်းရေး၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ထောင်ဒဏ်(၇)နှစ် ချမှတ်ခံခဲ့ရသည်။

ဦးမင်းသူသည် အကျဉ်းကျနေစဉ် နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့်ကျည်းပေါင်းတက်ရောဂါတို့ ခံစားနေခဲ့ရကြောင်း၊ ၎င်းနှင့် အကျဉ်းထောင်အတွင်း အတူနေခဲ့ရသူ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုရဲမွန်ထူးကပြောဆိုခဲ့သည်။ သို့ရာတွင်ထိုရောဂါများမှာသေလောက်သည့်ရောဂါ များမဟုတ်သော်လည်း အကျဉ်းထောင်အတွင်း လုံလောက်သည့် ဆေးဝါးကုသမှုကို မရခဲ့သဖြင့် ယခုလိုသေဆုံးသွားခြင်းသာဖြစ်ကြောင်း ထပ်လောင်းပြောဆိုခဲ့သည်။

ဦးမင်းသူ၏ ဇနီးဖြစ်သူဒေါ်ညွန့်ညွန့်အေးကလည်းဆေးရုံမတက်ခင်နောက်ဆုံး ထောင်ဝင်စာသွားတွေ့ချိန်အထိခင်ပွန်းဖြစ်သူ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း၊ ပြောကြားသွားခဲ့သည်။ ဆက်လက်၍ ပြောကြားရာတွင် အာဏာပိုင်များသည် ဦးမင်းသူ ဆေးရုံတက်နေစဉ် မိသားစုကို လုံးဝအကြောင်းကြားခြင်း မရှိခဲ့ကြောင်း၊ သေဆုံးပြီး ရေဝေးအအေးတိုက်သို့ ရောက်မှသာ မိသားစုကို လာရောက်အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုသည်။

စစ်ထောက်လှမ်းရေးများသည် ဦးမင်းသူမသေဆုံးမီ တပတ်အလိုလောက်တွင် ဒေါ်ညွန့်ညွန့်အေးထံ လာရောက်တွေ့ဆုံပြီး ဦးမင်းသူ ပြန်လည်လွတ်မြောက်ရေးအတွက် ဝန်ကြီးချုပ်ထံ အသနားခံစာတင်ရန် လာရောက်အကြောင်းကြားခဲ့သေးကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားခဲ့သည်။

ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားစောင့်ရှောက်ရေးအသင်း၏ အဆိုအရ ၁၉၈၈ ခုနှစ်နောက်ပိုင်း အကျဉ်းထောင်အတွင်းသေဆုံးခဲ့သူ နိုင်ငံရေးအကျဉ်းသား (၈၀)ကျော် ရှိသွားပြီဖြစ်ကြောင်း သိရပြီး လောလောဆယ်တွင် ကျန်းမာရေးဆိုးဝါးနေသူ(၅၀)ခန့် ထောင်တွင်းတွင်ရှိနေသေးဟုဆိုသည်။ ထို့အပြင် မြန်မာနိုင်ငံအသီးသီးရှိ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား(၁၃၀၀)ခန့် ရှိနေသေးသည်ဟု ဆိုခဲ့သည်။

ကွယ်လွန်သူ ဦးမင်းသူတွင် ဇနီးဒေါ်ညွန့်ညွန့်အေးနှင့် သားသမီး(၃)ဦးကျန်ရစ်ခဲ့သည်။ ❖

# လေမုန်တိုင်းကြောင့်ပြုတ်ကျခဲ့သည့် အဖွဲ့ချုပ်ပြည်နယ် / မြို့နယ်ရုံးဆိုင်းဘုတ်များပြန်တင်ခွင့် ရွေးကောက်ပွဲကော်မရှင်က တားမြစ်နေ


ပြန်လည်တင်ခွင့်မရသေးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်များ

ပြီးခဲ့သည့်မေလက ရခိုင်ပြည်နယ်တွင် ကျရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် မြေပေါ်ပြုတ်ကျခဲ့သည့် စစ်တွေမြို့ရှိ အဖွဲ့ချုပ်ပြည်နယ်ရုံး ဆိုင်းဘုတ်နှင့် မြို့နယ်ရုံးဆိုင်းဘုတ်များအား အဖွဲ့ချုပ်ဝင်များက ပြန်တင်ရန်ကြိုးစားနေစဉ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ကလာရောက် တားမြစ်ခဲ့သည့်အတွက်ယခုတိုင် တင်ခွင့်မရသေးကြောင်းသိရသည်။

မေလ(၁၉)ရက်နေ့က ရခိုင်ပြည်အနှံ့အပြားတွင် ပြင်းထန်သည့်လေမုန်တိုင်း တိုက်ခတ်ခဲ့ရာလူ(၂၀၀)ကျော်သေဆုံးပြီး ပျက်ဆီးဆုံးရှုံးမှုများ အများအပြားဖြစ်ခဲ့ရသည်။ ထို့အပြင် စစ်တွေမြို့လည်ရှိ ပြည်နယ်အဖွဲ့ချုပ်ရုံးဆိုင်းဘုတ်နှင့် မြို့နယ်အဖွဲ့ချုပ်ရုံးဆိုင်းဘုတ်(၂)ခုလုံးပါ ပြုတ်ကျသွားခဲ့သဖြင့် ဆိုင်းဘုတ်များပြန်တင်ရန် အဖွဲ့ချုပ်ဝင်များက ကြိုးစားနေစဉ်စစ်တွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်က လာရောက်တားမြစ်ခဲ့သည့်အတွက် ယခုတိုင်တင်ခွင့်မရသေးကြောင်း မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးသာကျော်ကဆိုသည်။

အဆိုပါဆိုင်းဘုတ်များသည် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်နယ်စည်းရုံးရေးခရီးစဉ်များအတွင်း ရခိုင်ပြည်နယ်သို့ရောက်ရှိစဉ် ၂၀၀၂ခု ဒီဇင်ဘာ(၁၉)ရက်နေ့၌ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ချုပ်ဒု ဥက္ကဋ္ဌဦးတင်ဦးတို့ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည့်အတွက် အာဏာပိုင်များကနှိမ်လိုသည့်သဘောဖြင့် ယခုလိုအမိန့်ပေးတားမြစ်ထားပုံ ရကြောင်း ဒေသခံများက ယူဆနေကြသည်။❖

# တဖက်အဖွဲ့အစည်းများလိုက်နာရန် ...

ဂါမဏိ

ဒါပေမယ့် တဖက်ကပြောရရင်တော့ ပီအင်အိုနဲ့ ရလလဖ၊ ကလလတနဲ့ ကေအင်ပီပီ၊ ကေအင်ဂျီနဲ့ ကေအင်အယ်လ်ပီ(ကယန်းပြည်သစ်)၊ ဒီကေဘီအေနဲ့ ကေအင်ယူတို့ကြား ပဋိပက္ခတွေဟာ ဆယ်စုနှစ်နဲ့ချီတာ မဟုတ်တောင် မနည်းမနော နှစ်တွေနဲ့ချီတဲ့ နောက်ခံအကြောင်းတရားတွေလည်း ရှိနေကြတယ်။

အကြွင်းမဲ့လက်နက်ချ နှစ်ဖွဲ့ကို စာရင်းထဲထည့်ထားပေမယ့်အင်အားအတော်အတန်ရှိတဲ့ တခြား'ငြိမ်းချမ်းရေး'အဖွဲ့နှစ်ဖွဲ့ဖြစ်တဲ့ ဒီကေဘီအေနဲ့ အက်စ်အက်စ်အင်အေ(အမ်တီအေခွဲထွက်)တို့ကိုတော့ တရားဝင် ၁၇ ဖွဲ့စာရင်းထဲမထည့်တာ၊ ဒါမှမဟုတ် ၁၉ ဖွဲ့အဖြစ်စာရင်းမပြတာ ထူးဆန်းနေသလိုပါဘဲ။ ဒီအဖွဲ့တွေဟာ မိခင်အဖွဲ့ကြီးတွေက ခွဲထွက်လာတဲ့ ဂိုဏ်းခွဲတွေဖြစ်လို့ မထည့်တာဖြစ်မယ်လို့ တချို့လေ့လာသူတွေ တွက်ဆကြတယ်။ ဒါပေမယ့် ကယန်းပြည်သစ်ကခွဲထွက်တဲ့ ကေအင်ဂျီ၊ ကေအိုင်အေကခွဲထွက်တဲ့ ကေဒီအေတို့ကိုတော့ စာရင်းထဲထည့်ပြထားပြန်တယ်။ တရားဝင်စာရင်းထဲ ထည့်မပြပေမဲ့လဲ တခြားဝါဒဖြန့်လှုပ်ရှားမှုတွေမှာ ကျထည့်ပြနေပြန်တယ်။ အပစ်အခတ်ရပ်စဲရေးကို ခွဲထွက်ခါစအခြေအနေရှုပ်ထွေးနေဆဲမှာ ကမန်းကတန်းလုပ်ရတာဖြစ်လို့ တရားဝင်အခမ်းအနားတွေ ဘာတွေမလုပ်လိုက်ရတာလဲတကြောင်း ဖြစ်မယ်ထင်ပါတယ်။ အခြေခံကတော့ တခြားလျှို့ဝှက်အကြောင်းတရားတခုခုကြောင့်ထက် ထုံးစံအတိုင်း မြန်မာစစ်တပ်ရဲ့ လဘော်ကျမှုသာဖြစ်ဖို့များပါတယ်။

နိုင်ငံရေးအရ ပိုတက်ကြွတဲ့ အပစ်အခတ်ရပ်စဲရေး'ညီနောင် ၇ ဖော်'(အဖွဲ့ ၈ ဖွဲ့) က ထုတ်ပြန်တဲ့ ၁၇ ဖွဲ့စာရင်းမှာတော့ အမ်တီအေနဲ့ ရခိုင်ဗကပ ကိုဖယ်ထားပြီး ဒီကေဘီအေနဲ့ အက်စ်အက်စ်အင်အေကို ထည့်ထားတယ်။ ဒ့ါအပြင် ဒီ ၁၇ ဖွဲ့ကို အတန်းအစားနှစ်ခု ခွဲထားတယ်။ ပထမအမျိုးအစားကို 'အပစ်အခတ်ရပ်စဲရေး'အဖွဲ့များလို့သတ်မှတ်ပြီး ကေအိုင်အေ၊ ပီအက်စ်အယ်လ်အေ(ပလောင်)၊ မူလလက်ဟောင်း အက်စ်အက်စ်အေ၊ အက်စ်အက်စ်အင်အေ၊ ရလလဖ၊ ကယန်းပြည်သစ်၊ ကလလတနဲ့ မွန်ပြည်သစ်တို့ပါဝင်ကြတယ်။ (ရှမ်းနှစ်ဖွဲ့ဟာ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ အက်စ်အက်စ်ပီစီအဖြစ် ပူးပေါင်းဖွဲ့စည်းထားလို့'ညီနောင် ၇ ဖော်'အဖွဲ့ ၈ ဖွဲ့ ဖြစ်နေတာပါ။) သူတို့ကကျန်တဲ့အဖွဲ့အားလုံးကိုတော့ 'ငြိမ်းချမ်းရေး' အဖွဲ့လို့သတ်မှတ်ထားတယ်။ ပထမအမျိုးအစားအဖွဲ့တွေဟာ အပစ်ရပ်သဘောတူချက်တွေကို ပြီးပြည့်စုံတဲ့ နောက်ဆုံးအထွေထွေအဖြေရှာမှုကြီးဆီ သွားဖို့ရှေ့ပြေးအနေနဲ့သာ မြင်ကြတယ်။ ဒုတိယအမျိုးအစားဝင်အဖွဲ့တွေကတော့ ပြီးပြည့်စုံတဲ့ နိုင်ငံရေးအရဖြေရှင်းမှုကို စိတ်မဝင်စားကြဘဲ ကိုယ့်စီးပွားရေးကိုသာ လုံးဝအဓိကထားကြသူတွေဖြစ်တယ်။ ပထမ ၈ ဖွဲ့ထဲမှာလဲ တချို့ခေါင်းဆောင်များနဲ့ ကေဒါကြီးများဟာ ဒုတိယအမျိုးအစား အနေအထားဘက်အတော့်ကို တိမ်းညွတ်နေတာတွေလဲရှိတယ်။ ဒုတိယအမျိုးအစား'ငြိမ်းချမ်းရေး'အဖွဲ့တွေနဲ့စစ်အစိုးရကြား သဘောတူညီချက်တွေကိုနှစ်ဖက်စလုံးက နောက်ထပ်ဆွေးနွေးစရာသိပ်မလိုတော့တဲ့ အပြီးအပြတ် သဘောမျိုးယူဆကြတယ်။ ဒီနှစ်မျိုးထဲ မပါသေးတဲ့ ၁၇ ဖွဲ့စာရင်းပါ တခုတည်းသောခြွင်းချက်ကတော့ ၁၉၉၅ ခုအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီး သုံးလအကြာမှာ အစိုးရနဲ့စစ်ပြန်ဖြစ်ခဲ့တဲ့ ကေအင်ပီပီ(ကရင်နီ)ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်အစိုးရကတော့ ၁၇ ဖွဲ့စလုံးနဲ့ တကယ့်လက်တွေ့အားဖြင့် အပြီးသတ်ငြိမ်းချမ်းရေး သဘောတူညီချက်ရထားတဲ့ပုံ ဖမ်းနေတယ်။

> **ဆု ဆိုတာကတော့ မြက်မြက်ကလေးစားရတဲ့ လိုင်စင်တွေပါမစ်တွေ ဒုစရိုက်စီးပွားရေး လုပ်ခွင့်တွေဖြစ်ပြီး ဒါဏ်ကတော့ စစ်အင်အားနဲ့ ပြောင်ပြောင်တင်းတင်း ခြိမ်းချောက်တာဖြစ်ပါတယ်။ ၁၉၉၈ ခုမှာ အပစ်ရပ်အဖွဲ့ ၄ ဖွဲ့ရဲ့ စီအာပီပီ ထောက်ခံရေးလှုပ်ရှားမှုပေါ်လာတော့ စစ်ဗိုလ်ချုပ်ကြီးများဟာ ဒေါသတကြီးနဲ့ စီးပွားရေးအခွင့်အရေးတွေ ရုပ်သိမ်းပစ်လိုက်ပြီး စစ်စတိုက်ဖို့ပြင်ခဲ့တယ်။**

ရှေ့ပိုင်းအပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို 'အထူးရဲ' လို့ သတ်မှတ်ပေးခဲ့ပြီး ရာထူးလစာတွေ၊ ရာရှင်ရိက္ခာတွေ အကန့်အသတ်နဲ့ထုတ်ပေးခဲ့တယ်။ အဖွဲ့အစည်းခေါင်းဆောင်တွေကိုလဲ'အထူးရဲမှူးကြီး'တွေအဖြစ် သတ်မှတ်ခန့်အပ်ခဲ့တယ်။ သို့ပေမဲ့ ကေအိုင်အေကစပြီးနောက်ပိုင်း အပစ်ရပ်အဖွဲ့တွေကတော့ ဒီကမ်းလှမ်းချက်ကို လက်မခံကြဘဲ လွတ်လပ်တဲ့ နိုင်ငံရေးအနေအထားကိုသာ ရပ်ခံကြတယ်။ ဒီလိုအနေအထားနဲ့ ရပ်တည်ရေးဟာလဲ အချိန်ကြာလာတာနဲ့အမျှ ထိန်းထားနိုင်ဖို့ ပို၍ပို၍ ခက်ခဲလာနေတယ်။ သူတို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို စစ်အစိုးရက ရှေးရိုးဆုပေးဒါဏ်ပေးစနစ်သုံးပြီး အကြိမ်ကြိမ်အထပ်ထပ် နှိမ်နင်းပစ်ခဲ့တယ်။ ဆု ဆိုတာကတော့ မြက်မြက်ကလေးစားရတဲ့ လိုင်စင်တွေပါမစ်တွေ ဒုစရိုက်စီးပွားရေး လုပ်ခွင့်တွေဖြစ်ပြီး ဒါဏ်ကတော့ စစ်အင်အားနဲ့ ပြောင်ပြောင်တင်းတင်း ခြိမ်းချောက်တာဖြစ်ပါတယ်။ ၁၉၉၈ ခုမှာ အပစ်ရပ်အဖွဲ့ ၄ ဖွဲ့ရဲ့ စီအာပီပီ ထောက်ခံရေးလှုပ်ရှားမှုပေါ်လာတော့ စစ်ဗိုလ်ချုပ်ကြီးများဟာဒေါသတကြီးနဲ့ စီးပွားရေးအခွင့်အရေးတွေ ရုပ်သိမ်းပစ်လိုက်ပြီး စစ်စတိုက်ဖို့ပြင်ခဲ့တယ်။ ထိန်းချုပ်ရေး၊ ကန့်သတ်ရေးနဲ့ ချေမှုန်းရေး ဆိုတဲ့ စစ်အာဏာရှင်တွေရဲ့ စီမံကိန်းထဲက နောက်ဆုံးအဆင့်ကို အကောင်အထည်ဖော်ဖို့ ခြေလှမ်းစခဲ့တယ်။ ရလလဖနဲ့ ကယန်းပြည်သစ်က အရာရှိတချို့ကို နအဖ က ဓါးစာခံအဖြစ်အလစ်အငိုက်ယူဖမ်း နယ်မြေအစိတ်အပိုင်းတချို့ထဲက အပစ်ရပ်တပ်တွေ အတင်းအဓမ္မမောင်းထုတ်ပစ်လိုက်ပြီးနောက် ဒီနိုင်ငံရေးအားသန်တဲ့အဖွဲ့တွေဟာ အညံ့ခံလိုက်ကြပြီး 'ငြိမ်းချမ်းရေးကို ထိန်းသိမ်းလိုက်'တယ်။ 'နိုင်ငံရေးတက်ကြွတဲ့'အဖွဲ့တွေဟာလည်းတကယ်တော့ ပြန်တိုက်နိုင်လောက်တဲ့ စိတ်ဓာတ်အင်အား၊ ရင်းမြစ်အင်အားတွေ မရှိကြတော့ဘဲပျက်ပြားနေကြပြီဖြစ်ပြီး မိမိနယ်မြေလူထုနဲ့ သာသနာဘက်ဆိုင်ရာတွေကပါ သေနတ်သံပြန်မပေါ်ရေးကို အကြီးအကျယ်ဖိအားပေးတာလည်း အရေးပါတဲ့အကြောင်းတရပ်ဖြစ်ပါတယ်။ အဖွဲ့အစည်းတွေရဲ့ အရည်အချင်းကိုသိထားလို့ ပြန်တိုက်လည်းမထူးတာကို အကြောင်းသိနေတဲ့လူထုက ပြည်တွင်းစစ်ဒုက္ခထပ်မခံချင်တော့တာ၊ အဖွဲ့အစည်းတွေတော်လှန်ရေးတွေထက် ဒေါ်အောင်ဆန်းစုကြည်ကိုသာ အားကိုးတော့တာ သဘာဝကျပါတယ်။

ဗမာစစ်တပ်ဟာ အပစ်ရပ်အဖွဲ့အားလုံး၊ သို့မဟုတ် အနိမ့်ဆုံးအားဖြင့် သူတို့နဲ့ ပြေပြေလည်လည်နေတဲ့ အဖွဲ့တွေကို ဗမာ့ 'တပ်မတော်' ထဲ 'နယ်ခြားတပ်များ' ဆိုတဲ့ တပ်အမျိုးအစားသစ်တခုအဖြစ် သွတ်သွင်းပြောင်းလဲပစ်ဖို့ ရေရှည်စီမံချက်ရှိတယ်။ ၁၉၈၈ ခု မတိုင်မီက ရှိခဲ့တဲ့ 'ပြည်သူ့စစ်နှင့်ပြည်သူ့ဆက်ဆံရေး ညွှန်ကြားရေးမှူးရုံး' ကို နဝတ–နအဖခေတ်မှာ 'ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓါတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး' နဲ့ 'ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး'ဆိုပြီးနှစ်ခြမ်းခွဲ ပြန်လည်ဖွဲ့စည်းခဲ့တယ်။ စစ်ဗိုလ်ချုပ်များဟာ အပစ်ရပ်အဖွဲ့တွေကို ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးရဲ့ ချုပ်ကိုင်ကွပ်ကဲမှုအောက် လုံးလုံးလျားလျား သွတ်သွင်းပြီး ပြည်သူ့စစ်အဆင့်ထက် နည်းနည်းသာတဲ့၊ ဗမာ့တပ်မတော်ထက် အများကြီးနိမ့်ကျတဲ့ အနေအထားမှာထားဖို့ ရည်ရွယ်ထားတယ်။ ဟိုးတုန်းက ယူအမ်ပီ၊ လဲဗီးတပ်တွေ ဗမာ့တပ်မ တော်ထဲသွင်းခဲ့တဲ့ ပုံစံလောက်တောင် အဆင့် အတန်းမပေးဖို့ စီမံထားတယ်။ ဒါပေမယ့်လည်း အခုထိတော့ ဒီစီမံကိန်းကို အကောင်အထည် မဖော်နိုင်သေးတာကတော့ နောက်ထပ်ဆွဲဆောင်သိမ်းသွင်းစရာ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေ ကျန်နေသေးတာကတကြောင်း၊ ဒ့ါအပြင် ညီနောင် ၇ ဖော်လိုအပစ်ရပ်အဖွဲ့တချို့က ညစ်ကပ်ကပ်လုပ်နေတာ ကလဲတကြောင်းကြောင့်ဖြစ်ပါတယ်။ ညီနောင် ၇ ဖော်ကို သူရဲကောင်း ၇ ယောက် မဖြစ်အောင်နှိပ်ကွပ်နေရသေးတယ်။

ကရင်နီ နဲ့ အပစ်ရပ်သဘော တူညီချက်ဟာ လုံးဝပျက်ပြားနေပြီဖြစ်ပေမယ့် စစ်အစိုးရဟာ သူ့ကိုအခုထက်ထိ တရားဝင်စာ ဘောတူညီချက်တွေရဲ့ ဝါဒဖြန့်စွမ်းအားကို ဘယ်လောက်တောင် တန်ဖိုးထားတယ်ဆိုတာ သိနိုင်ပါတယ်။ ၁၉၉၄ ခုတုန်းက ကေအင်ဂျီအဖွဲ့ဟာ အချင်းချင်းအသေအကြေ တိုက်ကြခိုက်ကြရာက ခေါင်းဆောင်ပိုင်းတွေအားလုံး နီးနီးပြုတ်ထွက်၊ အင်အားတွေ အဆမတန် လျော့နဲသွားလို့ ကျန်သမျှရဲဘော်လေးတွေက ကိုယ့်အဖွဲ့ကိုယ်ဖျက်သိမ်းဖို့ ဆုံးဖြတ်ခဲ့ကြပေမယ့် စစ်အစိုးရက ဖျက်သိမ်းခွင့်မပေးခဲ့ဘဲ ဆက်လုပ်ခိုင်းပြီး ၁၇ ဖွဲ့စာရင်းထဲ ဆက်ပြနေတယ်။ မူလလက်ဟောင်း အက်စ်အက်စ်အေနဲ့ အက်စ်အက်စ်အင်အေ ရှမ်းအပစ်ရပ်နှစ်ဖွဲ့က တဖွဲ့တည်းအဖြစ် ပေါင်းစည်းဖို့စီစဉ်တာကိုလဲ ခွင့်မပြုခဲ့ပါဘူး။

အများသိကြတဲ့အတိုင်း ဗမာပြည်ရဲ့ အပစ်ရပ်သဘောတူညီချက်တွေဟာ 'လူကြီးလူကောင်းသဘောတူညီချက်'လို့ (နအဖ က) ဆိုတဲ့ဟာမျိုးတွေဖြစ်ပါတယ်။ ဆိုလိုတာက ဘာစာချုပ်စာတမ်းမှ လက်မှတ်ထိုးတာ မရှိပါဘူး၊ ဘယ်အဖွဲ့နဲ့မှမရှိပါဘူး။ အလွန်ဆုံးအားဖြင့် 'ဥပဒေဘောင်အတွင်း ဝင်ရောက်သည့်အခမ်းအနား'လောက်ပဲလုပ်တာရှိပါတယ်။ ၁၉၈၉ ခုတုန်းက ပထမဆုံးအပစ်အခတ်ရပ်စဲရေးတွေဆို အဲသလိုအခမ်းအနားမျိုးတောင် မလုပ်ခဲ့ရရှာပါ။ ဘယ်လိုပဲ အခမ်းအနားတွေလုပ်လုပ်၊ ဘယ်လိုပဲ အသုံးအနှုန်းတွေသုံးသုံး ၁၇ ဖွဲ့စလုံးဟာ တင်းပြည့်ကျပ်ပြည့် ဥပဒေတွင်းမရောက်ဘဲ အူကြောင်ကျား ဥပဒေတပိုင်းအနေအထားကိုသာ ရထားကြပါတယ်။

အပစ်ရပ်အဖွဲ့တွေကို ထိန်းချုပ်ရာမှာ စစ်ဗိုလ်ချုပ်ကြီးများရဲ့ အဓိကလမ်းညွှန်မှုကတော့ "တဖက်အဖွဲ့အစည်းများ လိုက်နာရန် စည်းကမ်းချက်များ"(မျဉ်းသားချက်မှာ စာရေးသူရဲ့ မျဉ်းသားချက်ဖြစ်ပါတယ်) လို့ ခေါင်းစည်းတပ်ထားတဲ့၊ အတော်လေး လျှို့လျှို့ဝှက်ဝှက်ထားတဲ့ စာတမ်းတခုဖြစ်ပါတယ်။ "သဘောတူညီချက် ၁၀ ချက်" လို့လည်းခေါ်တဲ့ ဒီစာတမ်းကို စစ်ထောက်လှမ်းရေးနဲ့ တပ်ပူးပေါင်းရေးဆွဲထားပြီး ၎င်းတို့ဟာ အပစ်ရပ်အဖွဲ့တွေရဲ့ လှုပ်ရှားမှုအားလုံးကို ဒီ ၁၀ ချက်အခြေခံပေါ်ကနေ ကြီးကြပ်ထိန်းချုပ်တာဖြစ်ပါတယ်။ ဒီ ၁၀ ချက်ဟာ အပစ်အခတ်ရပ်စဲရေး ကနဦးစေ့စပ်ဆွေးနွေးပွဲတွေအတွင်း တိုင်းရင်းသားခေါင်းဆောင်တွေဘက်က သဘောတူလက်ခံထားခဲ့သလိုလို ပုံစံမျိုး စစ်ထောက်လှမ်းရေးက ညာဝါးဖြီးဖြန်းနေပေမယ့် တကယ့်လက်တွေ့မှာတော့ ဒီလိုသဘောတူညီထားတယ်လို့ ဘယ်တိုင်းရင်းသားခေါင်းဆောင်မှ မသိခဲ့ကြပါဘူး။ နောက်ပိုင်းကျမှသာ'သိရှိသဘောတူကြောင်း' ဇွတ်အတင်းဖိအားပေး လက်မှတ်ထိုးခိုင်းခံခဲ့ကြရတယ်။ 'လူကြီးလူကောင်း သဘောတူညီချက်' ဆိုတာ အဲသလိုပါ။

စာတမ်းအပြည့်အစုံက အောက်ပါအတိုင်းဖြစ်ပါတယ်။

တဖက်အဖွဲ့အစည်းများ လိုက်နာရန် စည်းကမ်းချက်များ

၁။ သတ်မှတ်နယ်မြေအတွင်း၌သာ တပ်ဖွဲ့များနေထိုင်ရမည်။

၂။ တပ်အင်အားတိုးချဲ့ခြင်း မပြုလုပ်ရ။ [တပ်သားသစ် မစုဆောင်းရ၊ စစ်သင်တန်း မပေးရ]

၃။ ပြည်သူလူထုထံမှ ဆက်ကြေးကောက်ခံခြင်း၊ နာမည်အမျိုးမျိုးဖြင့် အခွန်အကောက်များကောက်ခံခြင်း မပြုရ။

၄။ ပြည်သူလူထုထံမှ ရိက္ခာသီးနှံ ပစ္စည်းများ မကောက်ခံရ။

၅။ နိုင်ငံတော်အုပ်ချုပ်ရေးတွင် ဝင်ရောက် မစွက်ဖက်ရ။ [ဒေသအုပ်ချုပ်ရေး မချရ။ ဒေသရဲ၊ တရားရုံး၊ အကျဉ်းထောင် မထူထောင်ရ။ ပြည်သူ့စစ် မဖွဲ့ရ]

၆။ မြို့များရှိ နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် မဆက်သွယ်ရ။

၇။ မတရားသင်းအဖွဲ့အစည်းများနှင့် မဆက်သွယ်ရ။

၈။ တပ်မတော်ထောက်လှမ်းရေး၏ ကြိုတင်ခွင့်ပြုချက်မရယူဘဲ အခြားငြိမ်းချမ်းရေးအဖွဲ့များနှင့် မဆက်သွယ်ရ။

၉။ မြို့များသို့ ဝင်ထွက်သွားလာရာ၌ လက်နက်ကိုင်ဆောင်ခြင်း၊ ဆက်သွယ်ရေး စက်ဆောင်ယူခြင်း မပြုရ။

၁၀။ မြို့များသို့ ဝင်ထွက်သွားလာရာ၌ စစ်ထောက်လှမ်းရေးအား ကြိုတင်အကြောင်းကြားခွင့်ပြုချက် ရယူရမည်။

ဒါဟာ 'ဥပဒေတွင်းဝင်ရောက်ခြင်း'ကို စစ်အစိုးရရဲ့ အရှင်းလင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်ပါဘဲ။

အထက်မှာပြောခဲ့တဲ့ အပစ်ရပ်အဖွဲ့တွေအပြင် အစိုးရထံခြွင်းချက်မရှိ လက်နက်ချထားတဲ့ သင်းကွဲအုပ်စုလေးတွေလဲ အများအပြား ရှိပါသေးတယ်။ စစ်အစိုးရရဲ့ တရားဝင် ၁၇ ဖွဲ့စာရင်းထဲထည့်ထားတဲ့ လက်နက်ချနှစ်ဖွဲ့( အမ်တီအေ နဲ့ ရခိုင်ဗကပ) ကိုရော၊ တခြားလက်နက်ချ ခွဲထွက်အပဲ့အရွဲ့တွေအားလုံးကိုပါ စစ်အစိုးရက ပြန်လည်စုစည်းဖွဲ့စည်း၊ တချို့ကို 'အထူးဒေသ'ဆိုတဲ့ အမြီးလေးတပ်ပေးပြီး လက်နက်တွေ ပြန်တပ်ဆင်ပေးခဲ့ပါတယ်။ လက်နက် အရေအတွက်တော့ လက်နက်မချခင်ကထက် လျော့ထားတာနဲ့ ကန့်သတ်တာတွေ လုပ်လိုက်သေးတယ်။ ဒီလိုနဲ့ အမ်တီအေ အဖွဲ့ဝင်ဟောင်းတွေရဲ့ အထူးဒေသ အနည်းဆုံး ၆ ခု၊ ဒီကေဘီအေ မပါ ကေအင်ယူအဖွဲ့ဝင်ဟောင်းတွေရဲ့ အထူးဒေသ အနည်းဆုံး ၄ ခု၊ ကရင်နီအဖွဲ့ဝင်ဟောင်းတွေရဲ့အထူးဒေသ အနည်းဆုံး ၃ ခုနဲ့ အထူးဒေသ အမြီးတပ်မထားတဲ့ အဖွဲ့ပေါင်းစုံပေါ်လာခဲ့ပြီး တရားဝင်ရော တရားမဝင်ရောစီးပွားရေးလုပ်ပိုင်ခွင့်တွေ၊ အာဏာသုံးခွင့်တွေနဲ့သောင်းကျန်းကြတော့တယ်။

တရားဝင်အားဖြင့် 'သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့'(သကဆဖ)လို့ ဗမာစစ်

စာမျက်နှာ( )ကော်လံ ( )သို့ ❍

# စီရင်ချက်.. ၂၀၀၄

## ရဲထွဋ်

၂၂ ဇွန် ၂၀၀၄

၂၀၀၄ခုနှစ် မေလအတွင်းကျင်းပခဲ့တဲ့ အိန္ဒိယနိုင်ငံ (၁၄)ကြိမ်မြောက် ရွေးကောက်ပွဲမှာ လက်ရှိအာဏာရဟိန္ဒူ အမျိုးသားရေး ပါတီဖြစ်တဲ့ ဘီဂျေပီပါတီဟာ မမျှော်လင့်ဘဲ ကွန်ဂရက်ပါတီကို ရှုံးနိမ့်ခဲ့ပြီး ဘတ်ချ်ပါရီ ခေတ်ကို အဆုံးသတ်ခဲ့ရပြီ ဖြစ်ပါတယ်။ ဇွန်လ(၄)ရက်နေ့ထုတ် (Front Line) ရှေ့တန်းမဂ္ဂဇင်းရဲ့ အယ်ဒီတာ့အာဘော်မှာ တော့၊ လူထုသဘောထား မေးမြန်းကောက်ခံ တဲ့ ဘယ်သူကမှ ဒါမဟုတ် ဘယ်နိုင်ငံရေး ခေါင်းဆောင်မှ ကွန်ဂရက်ပါတီဟာ အကြီး ဆုံး အနိုင်ရပါတီဖြစ်လာလိမ့်မယ်လို့ မမျှော် လင့်ခဲ့ဘူး၊ ကွန်ဂရက်ဦးဆောင်တဲ့ မဟာမိတ် တွေက ဘီဂျေပီနဲ့ အပေါင်းအပါတွေကို အမတ်နေရာ(၃၀)နဲ့ အသာရမယ်လို့ မထင် ခဲ့ဘူး၊ လက်ဝဲပါတီတွေက ကွန်ဂရက်ရဲ့ အမတ် နေရာစုစုပေါင်း(၅၃၄)နေရာအနက် (၁၃၆) နေရာအနိုင်ရပြီး အစိုးရသစ်ရဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ အခြား နိုင်ငံရေးပေါ်လစီ သတ် မှတ်ရာမှာ ဩဇာတိက္ကမကြီးလာပြီး၊ အမျိုး သားနိုင်ငံရေးအခန်းကဏ္ဍမှာ အရေးပါအရာ ရောက်လာလိမ့်မယ်လို့ မထင်ခဲ့ဘူးလို့ အံ့သြ တကြီး ထောက်ပြထားပါတယ်။

မှန်ပါတယ်၊ မေလ(၁၄)ရက်နေ့ ရွေး ကောက်ပွဲ ထုတ်ပြန်ကြေညာချက်များအရ ဆိုရင်ကွန်ဂရက်ပါတီက (၁၄၅)နေရာ ကွန်ဂရက်ရဲ့ မဟာမိတ်အဖွဲ့များက(၇၂) နေရာ၊ ဘီဂျေပီက(၁၃၈)နေရာ၊ ဘီဂျေပီ ရဲ့မဟာမိတ်များက(၄၈)နေရာနဲ့ လက်ဝဲ ပါတီများက(၁၃၆)နေရာ အသီးသီးအနိုင် ရရှိခဲ့ပါတယ်။ ၁၉၉၉ ရွေးကောက်ပွဲကာလ တုန်းကဆိုရင်တော့ ကွန်ဂရက်က (၁၁၄)နေ ရာ၊ ကွန်ဂရက်မဟာမိတ်အဖွဲ့များက(၂၃) နေရာ၊ ဘီဂျေပီက(၁၈၂)နေရာ၊ ဘေဂျေစီရဲ့ မဟာမိတ်အဖွဲ့များက(၁၁၈)နေရာနဲ့ လက်ဝဲ



“မကြာသေးခင်ကထုတ်ပြန်တဲ့ FAO ရဲ့ အစီရင်ခံစာများအရဆိုရင် အိန္ဒိယလူမျိုး ငါးပုံတပုံဟာ နာတာရှည်ငတ်မွတ်မှုဒဏ် ခံစားနေရတယ်လို့ ဆိုပါတယ် ...”

ပါတီက(၁၀၆)နေရာ ရရှိခဲ့ပါတယ်။ သည် ကိန်းဂဏာန်းများကို နှိုင်းယှဉ်ကြည့်ခြင်း အားဖြင့်၊ အိန္ဒိယနိုင်ငံရေးချိန်ခွင်များဟာ (၁၈၀)ဒီဂရီလှည့်ပြောင်းသွားရတာမို့ ရွေး ကောက်ပွဲရလဒ်ဟာ အိန္ဒိယနိုင်ငံရေးသမား များအပါအဝင် ကမ္ဘာအရေးလေ့လာသူများ အတွက် အံ့သြသင့်စေရုံသာမက ဘာကြောင့် ဒီလိုဖြစ်စေရတာလဲဆိုတဲ့အချက်ကိုလည်း အလုအယက် ရှာဖွေနေကြဆဲဖြစ်ပါတယ်။

အသက် ၇၉ နှစ်ရှိပြီဖြစ်တဲ့ဝန်ကြီးချုပ် ဘတ်ချ်ပါရီ(Vajpayee)ဟာ သူပါတီသာ လျှင် ရွေးကောက်ပွဲမှာအနိုင်ရလိမ့်မယ်လို့ မျှော်လင့်ထားသူဖြစ်တယ်။ သူတင်မက အိန္ဒိယ တနိုင်ငံလုံးကလည်း သည်လိုပဲထင်ကြပါတယ်။ သည်ထင်မြင်ချက်ကို အထောက်အကူပြုနေ တဲ့အချက်တွေထဲက အဓိကအချက်ကတော့ ၂၀၀၃ ခုနှစ်နောက်ဆုံး (၄)လပတ်မှာ အိန္ဒိယရဲ့စီးပွားရေးတိုးတတ်မှုဟာ ၁၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ရှိခဲ့တဲ့အချက်ဖြင့်ပါတယ်။ ဒါ့အပြင် ဘတ်ချ်ပါရီ လက်ထက်မှာ ဥရောပ နဲ့ အမေရိကန်က ကတောင် အိုင်တီလုပ်ငန်း တွေကို သူတို့ဆီကနေဆွဲထုတ်သွားတယ်လို့ စွပ်စွဲပြောဆိုရလောက်အောင်ကို အိန္ဒိယမှာ အိုင်တီလုပ်ငန်းတွေ ကြီးထွားလာပြီး၊ လူလတ် တန်းစားတရပ်ကို မွေးဖွားပေးခဲ့ပါတယ်။ နိုင်ငံရေးဘက်မှာဆိုလည်း နှစ်နိုင်ငံကြား စစ် ပွဲနှစ်ကြိမ်ဖြစ်လာရလောက်အောင် အငြင်း ပွားခဲ့ရတဲ့ ကတ်ချ်မီးယားပြဿနာ ဖြေရှင်း ရေးဟာ ကျင်းပနေဆဲငြိမ်း ချမ်းရေးဆွေး နွေးပွဲများ ခရီးရောက်နေချိန်မို့ အလား အလာကောင်းနေချိန်ဖြစ်ပါတယ်။ မကြာ သေးခင်ကပဲ အိန္ဒိယခရစ်ကတ်အသင်းက ပါကစ္စတန်အသင်းကို နိုင်လိုက်ပါသေး တယ်။ အားလုံးက အိန္ဒိယရဲ့အနာဂတ် ဟာဝင်းလက်တောက်ပနေတယ်လို့ ပြောဆိုတဲ့ အချိန်ပါ။ ဒါဖြင့် ဘာကြောင့် ဘီဂျေပီပါတီ ရှုံးနိမ့်ခဲ့ရသလဲ တနည်းအားဖြင့် ကွန်ဂရက် ပါတီ ဘာကြောင့်နိုင်ရတာလဲ။

သည်မေးခွန်းရဲ့ အဖြေကိုတော့ အန္ဒိယ ရဲ့တောင်ပိုင်းပြည်နယ်များဖြစ်တဲ့ အင်န်ဒရာ ပရာဒေ့ချ် (Andhra Prndesh)နဲ့ ကာနာ တာကာ(Karnataka) ပြည်နယ်များရဲ့ဖြစ် ရပ်များမှာ တစွန်းတစတွေ့နိုင်ပါတယ်။ ဒီ ပြည်နယ်များရဲ့မြို့တော်များဖြစ်တဲ့ ဟိုက်ဒ ရာဘတ်(HYDERABAD)နဲ့ဘန်ဂလို (Bangalore)တို့ဟာ၊ ကမ္ဘာ့အိုင်တီ လုပ်ငန်းမှာ အိန္ဒိယရဲ့ ပါဝင်ပတ်သက်မှုကဏ္ဍ ကို တစိတ်တပိုင်းဖော်ပြနေတဲ့ ပြယုဂ်သင်္ကေတ များဖြစ်ပါတယ်။ အထူးသဖြင့် အိန္ဒိယရဲ့ ဂလို ဘယ် လိုက်ဇေးရှင်းဖြစ်စဉ် နမိတ်ပုံများလို့ တင်စားရင်လဲမမှားပါ။ ဒီပြည်နယ်နှစ်ခုစလုံး မှာ ပြည်နယ်ဝန်ကြီး ချုပ်နှစ်ဦးစလုံးဟာ ရွေးကောက်ပွဲမှာ အကြီးအကျယ်ရှုံးနိမ့်ခဲ့ရပါ တယ်။ အင်ဒရာပရာဒေ့ချ်ရဲ့ပြည်နယ်ဝန်ကြီး ချုပ် (N.Chandrababu Naidu) မစ္စတာ ချန်ဒရာဘာဘူနိုက်ဒူးရဲ့ပါတီဟာ ပါလီမန် ရွေးကောက်ပွဲမှာ (၂၉)နေရာ ရရှိထားရာ ကနေ (၅)နေရာပဲအနိုင်ရခဲ့ပြီး၊ ပြည်နယ် လွှတ်တော်မှာတော့ နေရာ(၁၈၀)ကနေ (၄၅)နေရာအထိ ပါတီကိုယ်စားပြုမှုကျဆင်း သွားခဲ့ပါတယ်။ ကာနာတာကာ ပြည်နယ်မှာ ဆိုရင်လဲ ပြည်နယ်ဝန်ကြီးချုပ် ကရစ်ရှနား (S.M Krichina)ဟာ ပါလီမန်အမတ်နေရာ (၂၈)နေရာကနေ (၈)နေရာအထိ ကျဆင်း ခဲ့ရပြီးပြည်နယ်ပါလီမန်မှာလဲ ယခင်ရွေး ကောက်ပွဲ (၁၉၉၉)ကနဲ့စာရင် လေးပုံတပုံ သာ အနိုင်ရတော့တာမို့ ပြည်နယ်ဝန်ကြီး ချုပ်အဖြစ်က နှုတ်ထွက်ပေးခဲ့ရပါတယ်။ သည် ပြည်နယ်နှစ်ခုရဲ့ ရွေးကောက်ပွဲရလဒ် ဟာ ပါတီနိုင်ငံရေးနဲ့ မပတ်သက်ပါ။ ဘာ ကြောင့်ဆို နာဒူးဟာဘီဂျေပီရဲ့ မဟာမိတ် Telugu Desarm တလာဂူဒက်ဆမ်ပါတီရဲ့ ခေါင်းဆောင်ဖြစ်ပြီး၊ ကရစ်ရှနာကတော့ ကွန်ဂရက်ပါတီက ဖြစ်နေလို့ပါ။ ဒါပေမယ့် ဟိုက်ဒရာဘတ်နဲ့ ဘန်ကလိုမှာ စီးပွားရေး လုပ်ငန်းတွေ ကြီးထွားအားကောင်းလာပြီး၊ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ လက္ခဏာတွေဖြစ် တဲ့ အင်တာနက်ကဖီးတွေ၊ ကောစင်တာ(Call Center)တွေ ခေတ်ကောင်းနေချိန်မှာ ပြည် နယ်အစိုးရများရဲ့ပေါ်လစီဟာ အိန္ဒိယမဲဆန္ဒ ရှင်အများစုကြီးရဲ့ လိုအင်ဆန္ဒကို မဖြည့်စွမ်း နိုင်ခဲ့ပါဘူး။ ကျေးလက်နဲ့ မြို့ပြကြား မညီမျှမှု များအပေါ် မကျေနပ်မှုများဟာ နက်ရှိုင်း သထက်နက်ရှိုင်းလာပြီး၊ ဝင်ငွေကွာဟမှုဟာ ဆိုရင်လည်း ကြောက်စရာလန့်စရာဖြစ်နေ ပါတယ်။ Ecomomic Time သတင်းစာရဲ့ အဆိုအရ Dhirubhai Ambaris ဆိုတဲ့ အမှု ဆောင်အရာရှိချုပ်တဦးဆိုရင် တနှစ်ကို ရူပီး (၉)ကုဋေ လစာယူထားတယ်လို့သိရပါတယ်။ သာမန် မြေမဲ့ယာမဲ့ စိုက်ပျိုးရေးလုပ်သား တဦးရဲ့ တနှစ်ဝင်ငွေဟာ အများဆုံး ရူပီး ၃,၀၀၀ သာရှိတာမို့ အဆ ၃၀,၀၀၀ ကွာခြားနေတာ ဖြစ်ပါတယ်။ စာရင်းကောက် ယူချက်များအရ ဆော့ဖ်ဝယ်ရာ ကျွမ်းကျင် သူများနဲ့ ထိပ်တန်းရုံးအရာရှိကြီးများက တပြည်လုံးစားသုံးမှုရဲ့ ၁၂ ရာခိုင်နှုန်းကို လက်ဝါးကြီးအုပ် စားသုံးနေချိန်မှာ ဆင်းရဲ ငတ်မွတ်မှုကို ပြင်းပြင်းထန်ထန် ကြုံတွေ့ နေရတဲ့ လယ်သမားများကတော့ ကိုယ့်ကို ကိုယ် သတ်သေနေကြတာ မထူးဆန်းတဲ့ဖြစ် စဉ်တခုပါ။ အင်ဒရာပရာ ဒေ့ချ်ပြည်နယ် ဈေးမြို့တမြို့ဖြစ်တဲ့ Anantapur အင်နတာ ပူရာ မြို့တမြို့ထဲမှာတင်ပဲ ၁၉၉၇ ခုနှစ်က ကိုယ့်ကိုကိုယ် သတ်သေတဲ့အမှုပေါင်း ၂၀၀၀ ရှိပါတယ်။ အိန္ဒိယရဲ့ အရှေ့မြောက်ပြည်နယ် တွေဟာ စီးပွားရေးတိုးတက်မှုရှိတဲ့ အနောက်



ငတ်မွတ်မှုဒဏ်ကြောင့် မိမိကိုယ်ကိုယ့်ကိုယ် အဆုံးစီရင်သွားသူ မိသားစုတစု၏ ဈာပန

တောင်ဘက် ပြည်နယ်တွေနဲ့စာရင် ပျမ်းမျှ ဝင်ငွေဆယ်ဆမျှ လျော့နည်းနေပါတယ်။ ဒါ့ အပြင် အိန္ဒိယရဲ့အလုပ်လုပ်နိုင်တဲ့ အင်အား ၃၆၃ သန်းအနက် ၃၅ သန်း အလုပ်လက်မဲ့ ဖြစ်နေခဲ့ပြီး၊ လူဦးရေ ၈၃ သန်းရှိတဲ့ အိန္ဒိယ ရဲ့အဆင်းရဲဆုံးပြည်နယ် ဘီဟား(Bihar) မှာ ပြည်နယ်လူဦးရေ တဝက်ကျော်ကျော်က စာမရေးတတ် မဖတ်တတ်ဖြစ်နေတဲ့အပြင် တနိုင်ငံလုံးလူဦးရေရဲ့ လေးဆယ်ရာနှုန်းဖြစ် တဲ့ တခြားအိန္ဒိယ လူမျိုးသန်းပေါင်း ၃၇၀ ဟာ တနေ့မှာ US တဒေါ်လာအောက် ဝင် ငွေနဲ့ နေထိုင်နေရတဲ့ အခြေအနေဆိုးတွေက ဘီဂျေပီအစိုးရခေတ်မှာ အိုင်တီစက်မှုလုပ်ငန်း ကနေ အိန္ဒိယလူမျိုးရှစ်သိန်းကို အလုပ်ပေး ထားနိုင်တယ်ဆိုတဲ့အချက်ကို သေးနုတ်သိမ် ဖျဉ်းစေတာ ဖြစ်ပါတယ်။

စီးပွားရေး ပညာရှင်များကတော့၊ အလုပ်လက်မဲ့ပြဿနာနဲ့ ဝင်ငွေမညီမျှမှုဟာ အိန္ဒိယကို အနှိပ်စက်ဆုံး ပြဿနာကြီးများ ဖြစ်တယ်လို့ ဝေဖန်ထောက်ပြကြပါတယ်။ တနှစ်မှာ လူသန်း ၂၀ နှုန်း (စုစုပေါင်းလူဦး ရေရဲ့ ၂ ရာခိုင်နှုန်း) နဲ့ လူဦးရေတိုးပွား နေတဲ့ အချိန်မှာ နောက်ထပ် ၇ နှစ်အတွင်း အလုပ်အကိုင်သစ် ၇၅ သန်းကနေ သန်း ၁၅၀ အထိ ဖန်တီးနိုင်မှသာ လက်ရှိအလုပ် လက်မဲ့နှုန်းထားကို ထိန်းထားနိုင်မယ်လို့ ကျွမ်းကျင် သူတွေကဆိုကြပါတယ်။ တနှစ်ကို အနဲဆုံး GDP ၁၀ ရာခိုင်နှုန်းတိုးဘို့ လိုအပ် တယ်လို့လဲဆိုကြပါတယ်။

အိန္ဒိယ ထုတ်ကုန်လုပ်ငန်း စုစုပေါင်းရဲ့ (၉၂ရာခိုင်နှုန်း)ဟာ လယ်သမားများ၊ လမ်း ဘေးဈေးသည်များ၊ ထရပ်ကားဒရိုင်ဘာများ၊ ကုန်သည်လေးများကို ကိုယ်စားပြုပါတယ်။ ဆော့ဖ်ဝယ်ရာ အင်ဂျင်နီယာတွေ၊ ဝန်ဆောင် မှုလုပ်ငန်းများနဲ့ ပညာတတ်အလုပ်သမား များအား အလုပ်သမားဦးရေ သန်း ၄၀၀ နီးပါးအနက်က တသန်းခန့်ကိုသာ ကိုယ်စား ပြုတာဖြစ်ပါတယ်။ အလုပ်လက်မဲ့ဦးရေဟာ ကြောက်ခမန်းလိလိ တိုးပွားနေတာဖြစ်တယ်။ ပြီးခဲ့တဲ့ ၂၀၀၃ နိုဝင်ဘာလအတွင်းက၊ အိန္ဒိယပြည်ရဲ့ အရှေ့မြောက်ပြည်နယ်မြို့ကြီး တမြို့ဖြစ်တဲ့ ဂွါတီ(Guwarti)မှာ မီးရထား ဌာနက အစေအပါး အလုပ်နေရာ ၂,၇၀၀ လျှောက်လွှာခေါ်ယူတဲ့အခါမှာ လျှောက်လွှာ ပေါင်း(၆)သိန်းရရှိပြီး၊ လျှောက်လွှာတင်တဲ့ အထဲမှာ ယူနီဘာစီတီဘွဲ့ရ ပညာတတ်တွေ အင်ဂျင်နီယာတွေ ပါနေတယ်လို့ ဆိုပါတယ်။ အလုပ်လက်မဲ့ ဦးရေဟာ တရားဝင်စာရင်း များအရ (၈)ရာခိုင်နှုန်း ရှိတယ်ဆိုပေမယ့်၊ ဆင်းရဲမွဲတေမှု နှုန်းထားက (၂၀) ရာခိုင်နှုန်း ရှိတဲ့တိုင်းပြည်မို့၊ ဒီစာရင်းဟာ မမှန်ကန်ဘူး၊ သည်ထက်ပိုများမယ်လို့ တွက်ချက်ကြပါတယ်။ အိန္ဒိယရဲ့ အကြီးမားဆုံး မဟာလက်ဝါးကြီး အုပ် ကုမ္ပဏီကြီးဖြစ်တဲ့ (Tata) တာတာ ကုမ္ပဏီက သူ့ရဲ့ဝန်ထမ်းဦးရေကို ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း ၃၂၀,၀၀၀ ကနေ ၂၂၀,၀၀၀ အထိ လျှော့ချခဲ့တာကိုလည်း ထောက်ပြပြော ဆိုကြပါတယ်။

စီးပွားရေးတိုးတက်မှုနှုန်း တိုးနေတယ် ဆိုပေမယ့်၊ အလုပ်အကိုင်ဖန်တည်းနိုင်မှုက ကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ် အတွင်းက စီးပွားရေးတိုးတက်မှုနှုန်း တနှစ် ကို ပျမ်းမျှ ၅ ဒသမ ၂ ရာခိုင်နှုန်းရှိပေမယ့်၊ အလုပ်အကိုင်ဖန်တည်းနိုင်မှုက ၂ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ယခုဆယ်စုနှစ်

စာမျက်နှာ(၁၁)ကော်လံ (၁)သို့ ❍

# နိုင်ငံတကာ

## သတင်းတိုထွာ

### အီရတ်စစ်ပွဲအတွင်း အကျအဆုံးစာရင်း

၂၀၀၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့အထိ ကျဆုံးသွားသော အမေရိကန်နှင့်ညွှန့်ပေါင်းတပ်ဖွဲ့များမှ အတည်ပြုပြီး စစ်သားဦးရေမှာ စုစုပေါင်း(၉၇၇)ဦးရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၈၆၀)ဦး၊ ဗြိတိသျှစစ်သား(၆၀)ဦး၊ အီတလီစစ်သား(၁၈)ဦး၊ စပိန်စစ်သား(၁၁)ဦး၊ ဘူဂေးရီးယားစစ်သား(၆)ဦး၊ ယူကရိန်းစစ်သား(၆)ဦး၊ ပိုလန်စစ်သား(၆)ဦး၊ ဆလိုဘက်စစ်သား(၃)ဦး၊ ထိုင်းစစ်သား(၂)ဦး၊ ဒိန်းမတ်စစ်သား(၁)ဦး၊ အက်စ်တိုးနီးယားစစ်သား(၁)ဦး၊ ဟန်ဂေရီစစ်သား(၁)ဦး၊ လတ်ဗီးယန်းစစ်သား(၁)ဦး၊ ဒတ်ချ်စစ်သား(၁)ဦး၊ ဆာဗေးဒိုးစစ်သား(၁)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၅,၃၉၄) ဦးရှိပြီးဖြစ်သည်။ ❖ **[စီအင်န်အင်န်]**

### အီရတ်ရောက် ဂျပန်တပ်ဖွဲ့များ

အီရတ်၌ကြားဖြတ်အစိုးရ အာဏာရယူပြီးနောက်၌လည်း ဂျပန်စစ်သား(၅၀၀)ကျော်အား အီရတ်တောင်ပိုင်းရှိ နိုင်ငံစုံတပ်ဖွဲ့၏ အောက်၌ဆက်လက်လုပ်ကိုင်ရန် အစိုးရအဖွဲ့က မေလ(၁၇)ရက်နေ့တွင် ခွင့်ပြုခဲ့သည်။ ရေသန့်စင်ရေး၊ ကျောင်းဆောက်လုပ်ရေးနှင့် လူမှုရေးအထောက်အကူလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။ စစ်မတိုက်ရေးမူကို ဆက်လက်ကိုင်စွဲထားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကိုအိဇုမိက အခိုင်အမာ ပြောကြားလိုက်သည်။ သို့သော် အတိုက်အခံဥပဒေပြုအမတ်များက ဂျပန်တပ်ဖွဲ့များသည် မိမိတို့၏ အမိန့်ပေးဌာန အောက်တွင်မရှိသည့်အတွက် တိုင်းပြည်၏ငြိမ်းချမ်းရေးအခြေခံဥပဒေကို ချိုးဖောက်ရလိမ့်မည်ဖြစ်ကြောင်းနှင့် နိုင်ငံစုံတပ်ဖွဲ့အနေဖြင့်လည်း တိုက်ပွဲတွင်ပါဝင်ရန် တောင်းဆိုမှုရှိကောင်းရှိနိုင်ကြောင်း ပြောကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်၏အခြေခံဥပဒေသည် နိုင်ငံတကာ အငြင်းပွားမှုများအားဖြေရှင်းရာတွင် အင်အားအသုံးပြုခြင်းကို တားမြစ်ထားသည်။ ၁၉၉၂ ခုနှစ်ဥပဒေအရ ကုလသမဂ္ဂအစီအစဉ်အရ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် ပင်လယ်ရပ်ခြားရှိ တိုက်ခိုက်ရေးဇုံမဟုတ်သည့်နေရာများသို့ စေလွှတ်နိုင်သည်။ ဂျပန်စစ်သည် (၅၅၀)မှာ ဖေဖော်ဝါရီလမှစပြီး အီရတ်သို့ရောက်ရှိနေခြင်းဖြစ်သည်။❖ **[အေပီ]**

### အိန္ဒိယ၊ ပါကစ္စတန်ငြိမ်းချမ်းရေးဆွေးနွေးပွဲ

ပါကစ္စတန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နတ်ဝါဆင်းက ဇွန်လ(၂၃)ရက်နေ့က ဗြိတိန်ခရီးစဉ်၌ အမိဌာန်ပြုပြောကြားလိုက်သည်။ ဇွန်လကုန်တွင် နှစ်နိုင်ငံနိုင်ငံခြားရေး ဝန်ကြီးများသည် ဒေလီ၌မျက်နှာချင်းဆိုင်တွေ့ဆုံရန်စီစဉ်ထားသည်။ ဗြိတိန်နိုင်ငံခြားရေဝန်ကြီး ဂျက်စထရော နှင့်တွေ့ဆုံစဉ် အီရတ်အနာဂတ်နှင့်ပတ်သက်ပြီး အီရတ်ပြည်သူများ၏ အချုပ်အခြာအာဏာ ပြန်လည်တည်ဆောက်ရေးတွင် ပထမဆုံးခြေလှမ်းဖြစ်သည်ဟု ပြောကြားလိုက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့သည်။ မကြာမီတွင် ဗြိတိန်ဒုဝန်ကြီးချုပ် အိန္ဒိယသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း ဂျက်စထရောကပြောကြားခဲ့ပြီး ကွန်ဂရက်ခေါင်းဆောင် ဆိုနီယာဂန္ဒီသည်လည်း ပါကစ္စတန်ခေါင်းဆောင်များနှင့် ဆွေးနွေးရန်အစ္စလမ်မာဘတ်သို့ သွားရောက်လည်ပတ်ရန် မူအရလက်ခံကြောင်း ဆင်းက ပြောကြားခဲ့သည်။❖ **[အေအက်ဖ်ပီ]**

### အီးယူနှင့်ရုရှ

အင်အားကြီးနိုင်ငံတို့၏ ထိပ်သီးဆွေးနွေးပွဲ၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ပြန်လည်ဝင်ရောက်ရန် ရုရှ၏ ကမ်းလှမ်းချက်ကို ဥရောပသမဂ္ဂ(အီးယူ)က ထောက်ခံလိုက်သည်။ ဆိုဗီယက်လွန်ခေတ်တွင် လိပ်ခဲတည်းလည်း ဖြစ်နေသေးသည့် မဟာဗျူဟာကျသည့် ထူးခြားသော ကိစ္စ(၂)ရပ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ရုရှက ထက်ထက်သန်သန်ပါဝင်လိုမှုနှင့် ကျိုတိုစည်းမျဉ်းများပြင်ရန် အီးယူကရုရှအား တောင်းဆိုမှုဖြစ်သည်။ အီးယူက ရုရှ၏ကမ်းလှမ်းချက်ကိုထောက်ခံလိုက်ခြင်းကြောင့် ရုရှကလည်း မကြာခင်တွင် ကျိုတိုစည်းမျဉ်းများကိုပြင်ဆင်ပေးရန် ထုတ်ဖော်ပြောဆိုလာခဲ့သည်။❖**[အေပီ]**

### တောင်ကိုရီးယားစစ်သည်စေလွှတ်မှု

တောင်ကိုရီးယားနိုင်ငံသည် ဩဂုတ်လမှစပြီး အီရတ်သို့ စစ်သည်(၃၀၀၀) စေလွှတ်တော့မည်ဖြစ်ရာ အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များပြီးလျှင် အီရတ်ရှိအမေရိကန်ဦးဆောင်သည့် ညွှန့်ပေါင်းတပ်ဖွဲ့များတွင် တတိယအင်အားအကြီးမားဆုံး ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံသားတဦး ပြန်ပေးဆွဲခံရပြီး ခေါင်းဖြတ်သတ်ခံလိုက်ရသည်။ အီရတ်တွင် တောင်ကိုရီးစစ်သည် (၆၆၀)ရှိနှင့်ပြီးဖြစ်သည်။ အားလုံးမှာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရန်နှင့် တိုက်ခိုက်ရေးတွင်မပါဝင်ရန် အမိန့်ထုတ်ထားကြောင်းသိရသည်။❖

**[အေအက်ဖ်ပီ]**

### ဥရောပသမဂ္ဂစွပ်စွဲချက်

ဧပြီလ(၂)ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပါလီမန်ရွေးကောက်ပွဲများတွင် ၎င်းတို့ကိုယ်စားလှယ်များ အနိုင်ရရှိရန်အတွက် သီရိလင်္ကာ တမီးလ်ကျားအဖွဲ့သည် အကြမ်းဖက်ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြောင်း ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက စွပ်စွဲခဲ့သည်။ ရွေးကောက်ပွဲတွင် တမီးလ်ကျားအဖွဲ့၏ကိုယ်စားလှယ် (၂၂)ဦး အနိုင်ရရှိခဲ့သည်။ တမီးလ်ကျားများ၏ အကြမ်းဖက်မှုများကြောင့် နိုင်ငံရေးပါတီများသည် ဒေသအသီးသီး၌ အထူးသဖြင့် အရှေ့ပိုင်းနှင့်မြောက်ပိုင်းဒေသများတွင် ရွေးကောက်ပွဲအတွက် လွတ်လွတ်လပ်လပ် စည်းရုံးခွင့်မရရှိကြ၍ အလယ်အလတ်လမ်းစဉ်ကျင့်သုံးသည့် တမီးလ်ပါတီများ၏ ညွှန့်ပေါင်းအဖွဲ့ဖြစ်သည့် တမီးလ်အမျိုးသားမဟာမိတ်အဖွဲ့က မဲအများအပြားရရှိကာ ပါလီမန်တွင်အများစုဖြစ်ခဲ့သည်။ အောက်လွှတ်တော်တွင် အမတ်(၂၂၅) နေရာရှိသည့်အနက် တမီးလ်အမျိုးသား မဟာမိတ်အဖွဲ့ပါဝင်သည့် ပေါင်းစည်းထားသော အတိုက်အခံများက အစိုးရထက် အမတ်နေရာ ပိုမိုများပြားစွာ ရရှိခဲ့သည်။❖

**[အေပီ]**

## ကိုရီးယားကျွန်းဆွယ် အနုမြူဖျက်သိမ်းရေး၊ (၆)နိုင်ငံဆွေးနွေးပွဲအောင်မြင်စွာပြီးဆုံး

**[ဆင်ဟွာနက်]**

ကိုရီးယားကျွန်းဆွယ် အနုမြူဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး (၆)နိုင်ငံပါဝင်သည့် (၄) ရက်ကြာ တတိယအကျော့ ဆွေးနွေးပွဲကို တရုတ်ပြည် ပီကင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဇွန်လ(၂၆)ရက်နေ့က အောင်မြင်စွာပြီးဆုံးခဲ့သည်။

၎င်းဆွေးနွေးပွဲက အနုမြူဖျက်သိမ်းရေးပန်းတိုင်သို့ ရောက်ရှိရေးအတွက် ခြေလှမ်းသစ်များချမှတ်လိုက်ပြီး နယ်ပယ်(၅)ရပ်တွင် တိုးတက်မှုများရရှိခဲ့သည်ဟု တရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝမ်ရီကပြောကြားလိုက်သည်။ ဆွေးနွေးပွဲတွင် တရုတ်ပြည်၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ အမေရိကန်၊ ရုရှနှင့် ဂျပန်နိုင်ငံတို့ တက်ရောက်ကြသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏အနုမြူလက်နက်များနှင့် ဆက်စပ်သည့် အစီအစဉ်အားလုံးကို ရှင်းရှင်းလင်းလင်း စွန့်လွှတ်ရန် ဖော်ပြခဲ့ပြီး၊ ပထမခြေလှမ်းအနေဖြင့် အနုမြူစီမံကိန်းများ ထိန်းချုပ်ရေးနှင့် စစ်ဆေးကြည့်ရှုခြင်းများ ကို လက်ခံမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် မြောက်ကိုရီးယားက ပထမဆုံးအကြိမ် အနုမြူစီမံကိန်းထိန်းချုပ်မှု စတင်ရေးနှင့်ပတ်သက်ပြီး သီးသန့်စီမံကိန်း တင်ပြခဲ့သည်။ အမေရိကန်ပြည်ထောင်စုကလည်း မြောက်ကိုရီးယားအပေါ်ရန်လိုသည့် ပေါ်လစီများကို ချမှတ်လုပ်ဆောင်လိမ့်မည် မဟုတ်ကြောင်း ထပ်ခါတလဲလဲ ပြောကြားခဲ့ပြီး အနုမြူကိစ္စကို နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းရေးအတွက် အလုံးစုံအဆိုပြုချက်ကို ပထမဆုံးအကြိမ် ကမ်းလှမ်းခဲ့သည်။

အလားတူ ဂျပန်နိုင်ငံကလည်း အနုမြူထိန်းချုပ်ရေး အခြေအနေတစုံတရာ တိုးတက်လာပါက မြောက်ကိုရီးယားသို့ စွမ်းအင်ဆိုင်ရာအထောက်အကူများ ပေးမည်ဟုပြောကြားခဲ့သည်။ ထို့ပြင် (၆)နိုင်ငံစလုံးကကိုရီးယားကျွန်းဆွယ် အနုမြူကင်းစင်သည့်ဒေသ ဖြစ်ရေး ပထမအဆင့်စီမံကိန်းနှင့် ပတ်သက်ပြီး တခဲနက် သဘောတူညီခဲ့ကြပြီး ၂၀၀၄ ခုနှစ် စက်တင်ဘာလကုန်တွင် စတုတ္ထအကျော့ဆွေးနွေးပွဲကျင်းပရန်ကိုလည်း မူအရသဘောတူခဲ့ကြသည်။ ❖

## အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလမ်းပြမြေပုံ

**[အေအက်ဖ်ပီ]**

ဂျော်ဂျီယာနိုင်ငံ၌ ကျင်းပမည့် စက်မှု(၈)နိုင်ငံ ထိပ်သီးဆွေးနွေးပွဲတွင် မအောင်မြင်သည့်အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလမ်းပြမြေပုံကို ပြန်လည်အသက်ဝင်ရန် ကြိုးပမ်းကြလိမ့်မည်ဟု ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ ပြောရေးဆိုခွင့်ရှိသူက ဇွန်လ (၉) ရက်နေ့က ပြောကြားခဲ့သည်။ သံခင်းတမန်ခင်းဆိုင်ရာ လေးဖွဲ့ဖြစ်သည့် ကုလသမဂ္ဂ၊ အမေရိကန်၊ ရုရှနှင့် ဥရောပသမဂ္ဂက ဂါဇာကမ်းမြောင်ဒေသမှ ပြန်လည်ဆုတ်ခွာပေးမည့် အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရှရွန်၏ စီမံကိန်းအား ထောက်ခံလိုက်ခြင်းနှင့် ပါလက်စတိုင်းက မည်သည့်ဖြေရှင်းမှုကိုမဆို စေ့စပ်ဆွေးနွေး ဖြေရှင်းမည်ဖြစ်ကြောင်း အာမခံလိုက်ခြင်းများက လမ်းပြမြေပုံအား ပြန်လည်ရှင်သန်စေခဲ့သည်။



အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရှရွန်

(၂၀၀၅)ခုနှစ်တွင် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေး မျှော်လင့်ချက်ဖြစ်သည့် လမ်းပြမြေပုံသည် ပြီးခဲ့သည့်နှစ် ဇွန်လတွင် ဘက်အသီးသီးမှ အတည်ပြု ထောက်ခံလိုက်ချိန်မှစ၍ တိုးတက်မှုမရှိဘဲ ရပ်တန့်နေသည်၊ လူထုဆန္ဒခံယူပွဲ၌ လက်ယာဂိုဏ်း လီကွတ်ပါတီက ကန့်ကွက်နေသော်ငြားလည်း ကြိုးလေးကြိုး ထောက်ခံမှုကြောင့် စီမံကိန်း ပြန်လည်အသက်ဝင် လာခဲ့သည်။ အစ္စရေးဘက်မှ ခေါင်းမာသည့်လူများက ဂါဇာဒေသအား ပါလက်စတိုင်းများလက်သို့ ပြန်ပေးခြင်းကို ဆန့်ကျင်ကန့်ကွက်ကြသည်။ ❖

## အိုင်ယာလန်ပြည်သူများ၏ဆန့်ကျင်မှု

**[အေပီ]**

ထောင်ပေါင်းများစွာသောလက်ဝဲ တက်ကြွသူများသည် ဥရောပသမဂ္ဂ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်အိုင်ယာလန်သမတနိုင်ငံသို့ရောက်ရှိလာသည့် အမေရိကန်သမတဂျော့ဘုရှ်အား ဆန့်ကျင်ကန့်ကွက်ရန်အတွက် မြို့တော်ဒဗ္ဗလင်သို့ ဇွန်လ(၂၅)ရက်နေ့က စုရုံးချီတက်လာခဲ့ကြသည်။ ဘုရှ်အား စစ်ဘီလူးအဖြစ်ရှု့ချလိုက်ပြီး ရှန်နွန်လေဆိပ်မှ အမေရိကန်စစ်လေယာဉ်များ ပျံတက်နေခြင်းကို အဆုံးသတ်ရန်တောင်းဆိုလိုက်ကြသည်၊ ၎င်းလေဆိပ်သည် အမေရိကန်၏မဟာဗျူဟာကျသည့် ဆီဖြည့်တင်းရေးနေရာဖြစ်ပြီး အမေရိကန်စစ်သည် ထောင်ပေါင်းများစွာတို့က အသုံးပြုနေသည်။

❖

# နိုင်ငံတကာ

## ပါကစ္စတန်ဝန်ကြီးချုပ်နှုတ်ထွက်၊ အစိုးရအဖွဲ့ဖျက်သိမ်း



ပါကစ္စတန်ဝန်ကြီးချုပ်
ဇဖာဖူလာခန်ဂျမာလီ

[အေအက်ဖ်ပီ]

အစိုးရအဖွဲ့ဖျက်သိမ်းပြီး၊ ဝန်ကြီးချုပ်ရာထူးမှ နှုတ်ထွက်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ် ဇဖာဖူလာခန်ဂျမာလီက ဇွန်လ (၂၆)ရက်နေ့တွင် ကြေညာခဲ့သည်။ ဝန်ကြီးချုပ်နှင့် စစ်အာဏာရှင်သမတ မူရှာရတ်ဖ်တို့အကြား ဆက်ဆံရေးမှာ အေးစက်စက်ဖြစ်နေပြီဆိုသည့် ကောလာဟလများ ပြန့်လွင့်နေသည်မှာ လပေါင်းများစွာ ကြာပြီဖြစ်သည်။ အကဲခတ်သမားများ အဆိုအရ ဇွန်လ(၁၉)ရက်နေ့က ဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့အပြီး သမတ ဗိုလ်ချုပ်ကြီး မူရှာရတ်ဖ်သည် ဝန်ကြီးချုပ်အပေါ်တွင် အတိုက်အခံ ဥပဒေပြုအမတ်များအား ထိန်းချုပ်နိုင်စွမ်း မရှိခြင်းနှင့် အစိုးရအနေဖြင့် ထိရောက်စွာ လုပ်ဆောင် နိုင်စွမ်းမရှိခြင်းတို့နှင့် ပတ်သက်၍ တစတစ သည်းခံနိုင်ခြင်း မရှိတော့ကြောင်း သိရှိရသည်။

၎င်းလုပ်ဆောင်ချက်က အမေရိကန် ဦးဆောင်သည့် အကြမ်းဖက် ဆန့်ကျင်ရေးစစ်ပွဲအား ပါကစ္စတန်၏ထောက်ခံမှုနှင့် အိန္ဒိယနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအပါ နိုင်ငံခြားရေးပေါ်လစီအပေါ် ထူးထူးခြားခြား သက်ရောက်နိုင်ဖွယ်မရှိကြောင်းလည်း ပြောဆိုသည်။ သို့သော် ဗိုလ်ချုပ်ကြီး မူရှာရတ်ဖ်စစ်တပ်အာဏာသိမ်းပိုက်ပြီးနောက်ပိုင်း (၅)နှစ်အကြာတွင် တိုင်းပြည်ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုအသစ်များ ထွက်ပေါ်လာခဲ့သည်။ ❖

## ကမ္ဘာ့ဒုက္ခသည်ဦးရေလျော့ကျလာ

[အေပီ]



ဆူဒန်ဒုက္ခသည် ကလေး နှစ်ဦး

အခြေမဲ့အနေမဲ့ ဒုက္ခရောက်နေသူများအား နိုင်ငံတကာမှ ကြိုးပမ်းကူညီမှုကြောင့် တကမ္ဘာလုံးရှိ ဒုက္ခသည်ဦးရေမှာ (၉)သန်း(၇)သိန်းအထိ ကျဆင်းလာပြီဟု ကုလသမဂ္ဂ ဒုက္ခသည်အေဂျင်စီက ဇွန်လ (၁၇)ရက်နေ့တွင် ထုတ်ပြန်ပြောကြားသည်။ ၎င်းကဲ့သို့ ကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ အာဖဂန် ဒုက္ခသည် (၁)သန်း(၁)သိန်းကျော် ရှိသည့် အနက်မှ တဝက်ကျော် ပြန်သွား၍ဖြစ်သည်။ အလားတူ အင်ဂိုလာ၊ ဘူရွန်ဒီနှင့် အီရန်မှ ဒုက္ခသည်အများအပြားလည်း ၎င်းတို့နေရပ်ရင်းသို့ ပြန်သွားကြပြီဖြစ်သည်။ နိုင်ငံတကာတွင် ခိုလှုံခွင့်တောင်းခံသူများထဲတွင် အာဖဂန်ဒုက္ခသည်များမှာ အများဆုံး ဖြစ်သည်။ အာဖဂန် (၂)သန်း(၁)သိန်းသည် နိုင်ငံ(၇၄)နိုင်ငံတွင် ခိုလှုံခွင့်ရရန် ရှာဖွေနေသည်။ ဒုတိယမှာ ဆူဒန်၊ တတိယမှာ ဘူရွန်ဒီများဖြစ်သည်။ ပါကစ္စတန်သည် အာဖဂန်ဒုက္ခသည်(၁)သန်း(၁)သိန်းကို လက်ခံထားပြီး အီရန်၊ ဂျာမဏီ၊ တန်ဇန်နီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် အာဖဂန်ဒုက္ခသည် (၄၅၂,၅၀၀)ရှိသည်။ လွန်ခဲ့သည့် (၂)နှစ်အတွင်း ဒုက္ခသည် (၃)သန်း(၅)သိန်းသည် နေရပ်ရင်းသို့ ပြန်သွားကြသည်။ အများစုမှာ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည်များဖြစ်သည်။

ဆူဒန်၊ လိုက်ဘေးရီးယား၊ ဗဟို အာဖရိက သမတနိုင်ငံ၊ ကွန်ဂို၊ အိုင်ဗရီကို့စ်နှင့် ဆိုမာလီယာ နိုင်ငံများမှ ဒုက္ခသည် (၈၀၇,၀၀၀)သည် နိုင်ငံ(၁၄၁)နိုင်ငံသို့ ဒုက္ခသည်အဖြစ်ခိုလှုံရန် လျှောက်ထားကြသည်။

ဆူဒန်တနိုင်ငံထဲမှပင် ဒုက္ခသည် (၁၁၂,၀၀၀)ခန့် ထွက်ပြေးခဲ့ပြီး ဆူဒန်အနောက်ပိုင်းမှ ချဒ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။

လွန်ခဲ့သည့် အပတ်ကလည်း ကွန်ဂိုအရှေ့ပိုင်းတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားလာမှုကြောင့် ကွန်ဂိုဒုက္ခသည် (၂၂၀၀၀)ကျော်မှာလည်း အိမ်နီးချင်း ဘူရွန်ဒီနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ❖

## စစ်အင်အားတိုးချဲ့ဖြည့်တင်းရန် တောင်ကိုရီးယား သံဓိဋ္ဌာန်ပြု

[အေပီ]



ခေတ်မီလက်နက်များတပ်ဆင်ထားသော တောင်ကိုရီးယားတပ်မတော်

အမေရိကန်စစ်တပ်သည် ၎င်း၏အင်အား (၃၇,၀၀၀)အနက် (၁၂,၅၀၀) လျှော့ချရေးကို အပြီးသတ်ရေးဆွဲခြင်း မရှိသေးကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ချိုယုံကီက ပြောကြားလိုက်ပြီး နယ်ခြားစည်းတလျှောက်တွင် လုံခြုံရေးလစ်ဟာချက် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေစဉ်တွင် မိမိတပ်ဖွဲ့များ တိုးချဲ့ဖြည့်တင်းရန်လည်း အာမခံခဲ့သည်။

မေလ(၁၅)ရက်နေ့ကပြီးဆုံးခဲ့သည့် (၂)ရက်ကြာဆွေးနွေးပွဲ၌ အမေရိကန်တပ်ဖွဲ့များ ပြန်လည်နေရာချထားရန် တောင်ကိုရီးယားမှ မြေဧရိယာ မည်ရွေ့မည်မျှပေးမည်ဆိုသည့် သီးခြားကိစ္စရပ်အပေါ်တွင် နှစ်ဖက်စလုံး သဘောတူညီမှု မရခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေဝန်ကြီးဌာန မူဝါဒရေးရာတာဝန်ခံ ဒုဗိုလ်ချုပ်ကြီး ကွမ်အန်ဒူက ပြောကြားခဲ့သည်။ နောင်နှစ်အကုန်တွင် တနိုင်ငံလုံး၌ အမေရိကန်စစ်သားဦးရေ (၁၂,၅၀၀) လျှော့ချရန် အမေရိကန်က အဆိုပြုထားသည်။ (၁၉၉၀) ခုနှစ်ကလည်း မဟာမိတ်တပ်ဖွဲ့ (၇,၀၀၀)လျှော့ချခဲ့သည်။ တောင်ကိုရီးယားတွင် အမေရိကန်တပ်များ တပ်စွဲထားသည်မှာ ကိုရီးယားစစ်ပွဲ ပြီးချိန်ကတည်းက ဖြစ်သည်။ ကိုရီးယားစစ်ပွဲသည် အပစ်အခတ် ရပ်စဲမှုဖြင့် အဆုံးသတ်ခဲ့ခြင်းသာဖြစ်ပြီး ယခုထိ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားခြင်း မရှိခဲ့ချေ။ တောင်ကိုရီးယားတပ်မတော်သည် ခေတ်မီလက်နက်များ တပ်ဆင်ထားသည့် စစ်သည်အင်အား (၆၅၀,၀၀၀) ရှိပြီး အသင့်ပြင်ထားသည့် အင်အားအများစုကို နယ်စပ်နှင့် ဆိုးလ်မြို့အနီးတွင် စုစည်းထားရှိသည်။ မြောက်ကိုရီးယား၌ ဒုံးပျံများနှင့် စစ်သည်တသန်း(၁,၀၀၀,၀၀၀) ကျော်ရှိသော်လည်း လောင်စာဆီ မလုံလောက်မှုနှင့် စစ်လက်နက်အရန်ပစ္စည်းများ ချို့တဲ့မှုနှင့် ကြုံတွေ့နေရသည်။

အမေရိကန်ပြည်ထောင်စုကလည်း ၎င်း၏တပ်ဖွဲ့များ တကမ္ဘာလုံးအတိုင်းအတာ ခေတ်မီတိုးတက်စေရေးအတွက် နောက်(၅)နှစ်အတွင်း ဒေါ်လာ (၁၁)ဘီလျံ သုံးစွဲမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ❖

## ရုရှနိုင်ငံ၌ အစွန်းရောက်ဝါဒနှင့် နိုင်ငံခြားသားမုန်းတီးသည့် စိတ်ဓာတ်များပေါ်ထွက်လာနေ

[အေပီ]

ရုရှနိုင်ငံသည် အာဖရိကတိုက်သားများ၊ အာရှတိုက်သားများ (သို့မဟုတ်)ကော့ကေးရှန်းများအတွက် ရန်လိုတိုက်ခိုက်သည့် ဒေသဖြစ်လာနေသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း၌ နိုင်ငံခြားသားအများစုထဲတွင် အမေရိကန်မရိန်းတပ်သားများသည် ပစ်မှတ်ဖြစ်လာခဲ့သည်။ ၁၉၉၇ခုနှစ်က ရုရှဈေးတခုတွင် အမေရိကန်မရိန်းတပ်သားတဦး ဆိုးဝါးစွာ အရိုက်ခံရသည်။ ပြီးခဲ့သည့်လအနည်းငယ်က ဗိုရိုနက်မြို့လယ်၌ ဂီနီဘစ်ဆော ကျောင်းသားတဦး ဓားထိုးခံရခြင်း၊ မော်စကို၌ ဒုက္ခသည်အဖြစ် ခိုလှုံသူအာဖဂန်တဦး အသတ်ခံရခြင်းနှင့် စိန့်ပီတာဘတ်တွင် (၉)နှစ်ရွယ် တာဂျစ်မိန်းကလေး အသတ်ခံရခြင်းစသည်တို့ အဆက်မပြတ် ဖြစ်ပွားခဲ့သည်။ လွန်ခဲ့သည့်(၂)နှစ်က လေ့လာမှုများအရ ရုရှတွင် ခေါင်းတုံးဂိုဏ်းသားပေါင်း (၅)သောင်းခန့် ရှိသည်။ လွန်ခဲ့သည့်နှစ်မှစပြီး ၎င်းကဲ့သို့ တိုက်ခိုက်မှုများကြောင့် နှစ်စဉ် လူ(၂၀၊ ၃၀)ခန့် သေဆုံးခဲ့ရသည်။ နှစ်စဉ်လည်း ၎င်းကဲ့သို့ ရာဇဝတ်မှုမျိုးများ တနှစ်လျှင်(၃၀)ရာခိုင်နှုန်း တိုးပွားလာ နေသည်။ အစွန်းရောက်စိတ်ဓာတ်များ တိုးပွားလာခြင်းသည် ဒေသအတော်များများ၌ အလုပ်လက်မဲ့နှုန်းမြင့်မားလာခြင်း၊ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားပြီး ဆင်းရဲသည့် ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများမှ ထောင်သောင်းများစွာသော ရွှေ့ပြောင်းသူများသည် ရုရှသို့အလုပ်ရှာဖွေရန် ဝင်ရောက်လာခြင်းများ အပါအဝင် ရုရှစီးပွားရေးပြဿနာများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ပြင် မွတ်ဆလင် အများစုနေထိုင်သည့် ချက်ချင်ညာဒေသ တွင် ဆယ်စုနှစ်နီးပါးကြာ ဖြစ်ပွားသည့် စစ်ရေးပဋိပက္ခကလည်း လူမျိုးစုတင်းမာမှုများကို မီးထိုးပေးသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ပါလီမန်မဲပေးမှုများ၌လည်း နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများက အပြင်မှဝင်ရောက်လာသူများ မောင်းထုတ်ရေးနှင့် ရုရှသည် ရုရှလူမျိုးများအတွက်သာဖြစ်ရေးဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များကို ပြောင်ပြောင်ဖော်ပြခဲ့ကြသည်။ ၎င်းကဲ့သို့တောင်းဆိုသည့် ပါတီနှစ်ခုသည် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ ❖

## ကမ္ဘာလုံးဆိုင်ရာစစ်သုံးစရိတ်များ တဟုန်ထိုးမြင့်တက်

[အေပီ]

(၂၀၀၃)ခုနှစ်အတွင်း ကမ္ဘာ့စစ်သုံးစရိတ်မှာ ဒေါ်လာ (၉၅၆)ဘီလျံထိ ရောက်ရှိခဲ့ပြီး ကြောက်ခမန်းလိလိ မြင့်တက်ခဲ့ရာ ထိုအထဲတွင် တဝက်နီးပါးခန့်မှာ အမေရိကန်ပြည်ထောင်စုက အီရတ်စစ်ပွဲ၊ အာဖဂန်စစ်ပွဲနှင့် အကြမ်းဖက်တိုက်ဖျက်ရေး စစ်ပွဲများတွင် သုံးစွဲခဲ့သည့် စစ်စရိတ်များဖြစ်ကြောင်း ဥရောပအကြံပေးအဖွဲ့တဖွဲ့က မေလ(၁၆)ရက်နေ့က ပြောကြားခဲ့သည်။ ၎င်းအဖွဲ့၏ သတ်မှတ်ချက်အရဆိုလျှင် စစ်သုံးစရိတ်(၁၁)ရာနှုန်းမြင့်တက်ခြင်းသည် "ထူးခြားသည့် တိုးပွားမှု" ဖြစ်ပြီး၊ (၂၀၀၁)ခုနှစ်မှ စတင်ရေတွက်လျှင် (၁၈)ရာခိုင်နှုန်းထိ မြင့်တက်မှုရှိခဲ့သည်။ စတော့ဟုမ်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့ (SIPRI)၏ နှစ်စဉ်အစီရင်ခံစာအရ ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ် ဒေါ်လာ(၉၅၆)ဘီလျံသည်ကမ္ဘာ့စုစုပေါင်းထုတ်ကုန်တန်ဖိုး၏ (၂.၇%)ဖြစ်သည်။ ၎င်းအသုံးစရိတ်မှာ(၁၉၈၇)ခုနှစ်စစ်အေးကာလကအမြင့်ဆုံးသို့ ရောက်ရှိခဲ့သည့်စရိတ်နီးပါးဖြစ်ကြောင်း ၎င်းအစီရင်ခံစာအား ပူးတွဲရေးခဲ့သူ(SIPRI)၏ သုတေသနမှူး အလ်လိဇဘက်စကိုယင်က ပြောကြားခဲ့သည်။

ထို့ပြင် (SIPRI) က ဇီဝနည်းပညာ သုတေသနလုပ်ငန်း၊ အထူးသဖြင့် လူသားမျိုးဗီဇ သုတေသနလုပ်ငန်းက ဇီဝလက်နက်ဆန်းများအထိ ရောက်ရှိနိုင်ကြောင်း စိုးရိမ်ပူပန်စွာ သတိပေး ပြောကြားခဲ့သည်။ ကာကွယ်ရေးစရိတ် သုံးစွဲရာတွင် အမေရိကန်ပြည်ထောင်စုသည် (၄၇%)ဖြင့် ကမ္ဘာပေါ်တွင် ရှေ့ဆုံးရောက်နေပြီး ၎င်းနောက်တွင် ဂျပန်က(၅%)၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်က (၄%)စီဖြင့် နောက်မှလိုက်ပါနေသည်။ ❖

# ဥပဒေသာ အမြင့်ဆုံး

**မင်းလွင်**

ယခုအမှုတွင် ခရိုင်ဥပဒေအရာရှိသည် နိုင်ငံတော်ကိုယ်စား နစ်နာသူအား ကုစားခွင့်ပေးရမည့်အစား အမှုကိုပိတ်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းသည် မိမိအားပေးအပ်ထားသည့် အခွင့်အာဏာကို လိုသည်ထက်ပို၍ သုံးစွဲဆုံးဖြတ်ထားသည်ကို တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ဥပဒေရုံးအဆင့်ဆင့်သည် စုံစမ်းထောက်လှမ်းသော ပြစ်မှုဆိုင်ရာအမှုနှင့် စပ်လျဉ်း၍ လီဆယ်မှု၊ မှားယွင်းမှုကြောင့် ပိတ်သိမ်းရန်တင်ပြလာလျှင်–

(ခ)ခရိုင်တာဝန်ခံ ဥပဒေအရာရှိသည် ပြစ်မှုဆိုင်ရာဥပဒေနှင့် အထူးဥပဒေတရပ်ရပ်အရ ထောင်ဒဏ်(၇)နှစ်အထက်မှ(၁၀)နှစ်အထိ ချမှတ်နိုင်သည့်ပြစ်မှုများနှင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေအရ အရေးယူသည့် ပြစ်မှုများကိုစိစစ်၍ ပိတ်သိမ်းရန်သင့်မသင့်ဆုံးဖြတ်ရမည်။ မိမိပိတ်သိမ်းရန်ဆုံးဖြတ်ခွင့်မရှိသော ပြစ်မှုဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် ပြည်နယ်၊ တိုင်း ဥပဒေရုံးသို့ တင်ပြရမည်။

(၅)အမှန်တရား ပေါ်ပေါက်ရေး အတွက် နစ်နာသူ၊ မတရားပြုကျင့်ခံရသူတို့က တရားစီရင်ရေး အာဏာပိုင်အဖွဲ့အစည်းများဖြစ်သည့် ရဲစခန်းနှင့် တရားရုံးတို့ကို အားကိုးအားထားပြုကြစမြဲဖြစ်သည်။ ယခုကဲ့သို့ အမှန်တရားပေါ်ပေါက်အောင် စစ်ဆေးစီရင်ခြင်း မပြုရသေးမီအဆင့်တွင် နစ်နာ၍တိုင်တန်းလာသူ၏တိုင်တန်းချက်ကို အလေးမပြုဂရုမမူဘဲ၊ လွယ်လင့်တကူ အမှုကို ပိတ်သိမ်းရန်ဆုံးဖြတ်ခြင်းသည် လွန်စွာမှပင် သံသယဖြစ်ဖွယ်ဖြစ်လာသည်။ ရပ်ကွက်ကျေးရွာအေးချမ်းသာယာရေးကောင်စီ၏ ဥက္ကဋ္ဌ မဟုတ်ဘဲ သာမန်လူတဦးတယောက်သာဖြစ်ခဲ့ပါက အကျင့်စာရိတ္တပျက်ပြားရေးကို ဦးတည်စေသည့်အမှု။

အများပြည်သူတို့၏ အသက်စည်းစိမ်၊ အိုးအိမ်ကို အန္တရာယ်ဖြစ်စေသော အမှုများ၊ ငယ်ရွယ်သူနှင့် မိန်းကလေးများ၏ အကျင့်စာရိတ္တနှင့် ကာယိန္ဒြေပျက်ပြားအောင် နည်းအမျိုးမျိုးဖြင့်ဖျက်ဆီးမှုများ စသဖြင့် အကြောင်းအမျိုးမျိုးပြ၍ အမှုကိုရုပ်သိမ်းခွင့်၊ ပိတ်ခွင့်ပေးလိမ့်မည် မဟုတ်ပေ။ ယခုအမှုတွင်မူ ကျူးလွန်သူက ရပ်ရွာအေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌဖြစ်နေသည့်အတွက် တရားစွဲအဖွဲ့အစည်းအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့ကိုကျော်လွန်၍ ဆုံးဖြတ်နိုင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

တဖန် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ နှင့် ၃၈၈ တို့ဖြင့် မူလတရားလိုအဖြစ် တိုင်ကြားခဲ့သည့် မစမ်းစမ်းအေးနှင့် မအေးမိစံတို့အား တရားစွဲဆိုရန် ခရိုင်ဥပဒေအရာရှိဖြစ်သူ ဦးဟန်ငြိမ်းကပင် ညွှန်ကြားခဲ့သည့်အတွက် ကျုံကိုးရဲစခန်းမှ ၎င်းတို့(၂)ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း ထင်ရှားစွာတွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ ၏ ပြဋ္ဌာန်းချက်မှာ အခြားသူတဦးတယောက် နစ်နာစေခြင်းငှာ၊ ပြည်သူ့ဝန်ထမ်းအား ဥပဒေအရ အာဏာကိုအသုံးပြုစေရန် ကြံရွယ်၍ မမှန်သတင်းပေးခြင်း၊

မည်သူမဆို ........

(က)သတင်းတခုနှင့်စပ်လျဉ်း၍ အကြောင်းခြင်းရာ အမှန်များကို အကယ်၍ သိခဲ့လျှင်၊ ပြည်သူ့ဝန်ထမ်းအား ပြုစေရန် သို့တည်းမဟုတ် ပျက်ကွက်ထိုက်သည် မဟုတ်သော ပျက်ကွက်မှုကိုပြုစေရန် သို့တည်းမဟုတ်။ (ခ)လူတဦးတယောက်ကို နစ်နာစေခြင်းငှာ၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုပြည်သူ့ဝန်ထမ်းသို့ မမှန်ကြောင်း၊ မိမိသဘော၊ သို့တည်းမဟုတ် မိမိယုံကြည်သော သတင်းကိုပေးလျှင်၊ ထိုသူကို (၆)လအထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ၊ (၁,၀၀၀)ထိ ငွေဒဏ်ဖြစ်စေ၊ ၂ ရပ်လုံးဖြစ်စေ၊ ချမှတ်ရမည်။

လူတဦးတယောက်အား ပုဒ်မ ၁၈၂နှင့် တရားစွဲဆိုခဲ့လျှင် လိုအပ်သည့်သက်သေခံများ၊

(၁) ပြည်သူ့ဝန်ထမ်းသို့သတင်းပေးကြောင်း၊

(၂) အဆိုပါသတင်းကိုပြည်သူ့ဝန်ထမ်းက ပေးကြောင်း၊

(၃) အဆိုပါသတင်းသည် မဟုတ်မမှန်သတင်းဖြစ်ကြောင်း၊ တရားခံသိကြောင်း သို့တည်းမဟုတ် ယုံကြည်ကြောင်း၊

(၄) ထိုမှန်မကန်သတင်းနှင့် ပတ်သက်၍ ထိုပြည်သူ့ဝန်ထမ်း၏ပြုလုပ်မှု ပျက်ကွက်မှုများကြောင့် အခြားသူတဦး နစ်နာစေခြင်း၊ စိတ်ငြိုငြင်ခြင်းဖြစ်ရကြောင်းများ ထင်ရှားအောင်ပြသရမည်။

ယခုအမှုတွင် တရားခံများအဖြစ် ဖမ်းဆီးအပြစ်ပေးခြင်းခံရသည့် မစမ်းစမ်းအေးနှင့်မအေးမိစံတို့ကို ကျုံကိုးရဲစခန်းမှ ဒုရဲအုပ်စခန်းမှူး စိုင်းမြင့်အေးက အမှုဖွင့် အရေးယူခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရသည်။ မစမ်းစမ်းအေးနှင့် မအေးမိစံတို့က တိုင်တန်းသည့် မုဒိမ်းမှုကို အမှုတွဲနံပါတ် ၅၈၆ (၂၀၀၂) ဖြင့်ရေးဖွင့်၍ ပထမသတင်းပေးတိုင်ချက် ရယူခဲ့ပြီးအမှုကို ဖျာပုံမြို့နယ်တရားရုံးသို့ စွဲဆိုတင်ပို့နိုင်ရန် ခရိုင်ဥပဒေရုံးသို့ ဥပဒေထင်မြင်ချက်တောင်းခံခဲ့သူ ဖြစ်သည်။ အထက်ပါအမှုကို လက်ခံစစ်ဆေးရာတွင် တရားခံများလာရောက်တိုင်တန်းချက် မှန်ကန်ကြောင်းကိုလည်း ယုံကြည်ထားသူတဦးဖြစ်သည့်အတွက် အမှုမှန် ပေါ်ပေါက်အောင်ဆောင်ရွက်ခဲ့ခြင်းကြောင်းကို အောက်ပါအတိုင်းတွေ့ရှိရသည်။

“တကယ် လက်ခံယုံကြည်လို့ မိမိကိုယ်တိုင်စစ်ဆေးထားသည့်အမှုကို အထက်အဖွဲ့အစည်းကို အကြံပေးချက်တောင်းသည့်အခါမှာ ခရိုင်ဥပဒေရုံးနှင့် ခရိုင်ရဲမှူးရုံးတို့က’ ဒီအမှုဟာ ပြစ်မှုမမြောက်ဘူး ပြောသည့်အတွက် အမှုကိုပိတ်လိုက်တာလားဆိုလျှင် ဟုတ်ပါတယ်”ဟု ဖျာပုံမြို့နယ် တရားရုံး၊ တရားသူကြီးဦးမြင့်ဆွေ လက်ခံစစ်ဆေးနေသည့်တရားခွင်တွင် ဖြေဆိုခဲ့ပါသည်။

ယခုကဲ့သို့ဖျာပုံမြို့နယ် တရားရုံးမှ တရားခံများကို အပြစ်ပေးဆုံးဖြတ်လိုက်ခြင်းသည် နောင်တွင်ရဲစခန်းသို့လာရောက် အမှုဖွင့်တိုင်ကြားခြင်းကို ပင်ပိတ်ပင်လိုက်သည့်သဘောသက်ရောက်နေပါသည်။ ရဲစခန်းနှင့် တရားရုံးတို့သည် အမှန်တရားကိုရှာဖွေရာ၊ အမှန်တရားကိုဖော်ထုတ်ရာ အဖွဲ့အစည်းများအဖြစ် ပြည်သူတို့ကလည်း ယုံကြည်အားထားတော့မည် မဟုတ်ပါ။ တရားစီရင်ရာတွင် အမှန်တရားကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့ အမှတ်တရားဆုံးဖြတ်ကြောင်း အများပြည်သူမြင်စေရာသည်။ **(ပြည်ထောင်စုမြန်မာနိုင်ငံနှင့်မောင်ရွှေပါ ၂၊ ၁၉၆၆ခု မြန်မာနိုင်ငံစီရင်ထုံး စာ–၆၁၆)**ဆိုသည့်တရားစီရင်ရာတွင် လိုက်နာရမည့်မူနှင့် ကင်းကွာလျက်ရှိသည်ကို တွေ့ရသည်။

ပုဒ်မ ၃၈၈။ သေဒဏ်၊ တကျွန်းပို့ဒဏ် ထိုက်သင့်မည့်ပြစ်မှုနှင့် စွပ်စွဲမည်ဟု ခြိမ်းခြောက်ပြီးနောက် ခြောက်လှန့်၍ ပစ္စည်းတောင်းယူမှု။

ခြောက်လှန့်မှုအတွက် တရားစွဲဆိုသည့်အခါ တရားခံအပေါ်တွင် အောက်ပါအချက်များထင်ရှားအောင် သက်သေပြရမည်။

(က) လူတဦးတယောက်ကိုဖြစ်စေ၊ အခြားသူကိုဖြစ်စေ၊ အကျိုးပျက်စီးနစ်နာစေမည်ကို ကြောက်ထိတ်စိုးရွံ့အောင် တမင်ပြုလုပ်ခြင်း၊

(ခ) ၎င်းလူက ပစ္စည်းတစုံတရာ အဖိုးတန်ဆာ လက်မှတ်တစုံတရာ ပေးအပ်စေရန် မရိုးဖြောင့်သောသဘောဖြင့် ဖြားယောင်းသွေးဆောင်ခြင်းများ ပြုလုပ်ခြင်း၊

ခြောက်လှန့်၍ ပစ္စည်းတောင်းယူမှုတွင် လိုအပ်သည့်အင်္ဂါရပ်၊

(၁) တဦးတယောက်သောသူသည် အခြားလူတဦးတယောက်ကိုသော်လည်းကောင်း၊ ကြောက်အောင်ပြုရမည်။ ဆိုလိုသည်မှာ ထိုသူကို သို့မဟုတ် အခြားသူကို ဥပဒေနှင့်ဆန့်ကျင်၍ ကိုယ်၊ စိတ်၊ ဂုဏ်သရေ၊ ပစ္စည်းနှင့်ပတ်သက်၍ ကြောက်အောင်ပြုလုပ်ခြင်းကို ဆိုသည်။ ကိုယ်ထိလက်ရောက် အကြမ်းဖက်ပြုလုပ်ရန် မလိုပေ။

(၂) လူတဦးတယောက်သို့ ခြောက်လှန့်ခြင်းမှာ တမင်ဖြစ်ရမည်။

(၃) ပစ္စည်းပေးအပ်ခြင်းရှိရမည်။

အမှု၏နောက်ကွယ်မှ ဖြစ်ရပ်များ

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၈ အရ စွဲဆိုခဲ့သည့်အမှုတွင် တရားခံများဖြစ်သော မစမ်းစမ်းအေးနှင့် မအေးမိစံတို့က ကျုံကိုးရဲစခန်းတွင် မုဒိမ်းမှုဖွင့်လှစ်ထားစဉ်ကာလအတွင်း တရားခံဖြစ်သူ ကျေးရွာအေးချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ ဦးစံနက်ကျော်၏ သမီးဖြစ်သူက အမှုကိစ္စကို ကြေအေးရန် ကျူးလွန်ခံရသည့် မစမ်းစမ်းအေးနှင့် မအေးမိစံတို့ကို လျော်ကြေးငွေ(၂၅)သိန်း ပေးခဲ့သည်။ ထိုသုံးလေးလအတောအတွင်းတွင် ဦးစံမြတ်ကျော်က ထိုအမှုပြီးသွားရန် ကြိုးစားခဲ့သည်။ ထိုသို့ကြိုးစားခြင်းကြောင့်လည်း ခရိုင်ဥပဒေတာဝန်ခံ ဦးဟန်ညိမ်းက မုဒိမ်းမှုကို ပြန်ပိတ်ပေးသင့်သည်ဆိုသည့် မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့အမှုပိတ်ပြီးမှ မစမ်းစမ်းအေးနှင့် မအေးမိစံတို့ကို ခြိမ်းခြောက်ပြီး ငွေတောင်းသည်ဟုဆိုကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ပုဒ်မ ၃၈၈ နှင့် တရားစွဲပြီး အောက်တိုဘာလ(၂၀)ရက်နေ့တွင် ထိုအမျိုးသမီးငယ်(၂)ဦးအား ဖျာပုံမြို့နယ်တရားရုံးက ထောင်ဒဏ်(၄)နှစ်အပြစ်ပေးခဲ့ခြင်းဖြစ်သည်။

ဥပဒေရုံးနှင့် တရားစွဲအဖွဲ့အစည်းတို့၏လွဲမှားမှုများ၊

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၅၁၁ သည် ရဲအရေးပိုင်သည့် အမှုဖြစ်သည့်အပြင် ကျေးအေးနိုင်သည့် အမှုမဟုတ်ပါ။ စွပ်စွဲခံရသည့်တရားခံဖြစ်သူအား သံသယကင်းရှင်းစေရန် အမှုကိုတရားရုံးတွင် ရင်ဆိုင်ဖြေရှင်းစေသင့်သည်။ သက်သေအထောက်အထားမခိုင်လုံကြောင်း ပေါ်ပေါက်ခဲ့ပါက တရားခံဖြစ်သူအား စွဲချက်မတင်မီ အဆင့်တွင်ဖြစ်စေ၊ မည်သည့်အဆင့်တွင် မဆိုတရားရုံးက တရားရှင်ဖြင့်သော်လည်းကောင်း၊ တရားသေဖြင့်သော်လည်းကောင်း၊ တစုံတရာမှတ်ချက်ဖြင့်သော်လည်းကောင်း လွှတ်ပေးနိုင်သည်။ ထိုသို့ပြုလုပ်ခဲ့ပါက ယခုကဲ့သို့ဖြစ်လာတော့မည်မဟုတ်ပါ။ အများပြည်သူတို့အနေဖြင့်တရားရုံး၊ ဥပဒေရုံးနှင့် ရဲစခန်းတို့ကို သံသယကင်းရှင်းစွာဖြင့် ယုံကြည်အားကိုးမှုပြုလာမည် ဖြစ်သည်။ သို့သော် ယခုအမှုတွင်ထိုကဲ့သို့မဟုတ်၊ ခရိုင်ဥပဒေအရာရှိဖြစ်သူကလည်း ပြည်သူလူထု၏ အကျင့်စာရိတ္တပျက်ပြားမှုကို ထိခိုက်စေနိုင်သည့် ပြစ်မှုဖြစ်ပါလျက်နှင့် အမှုကိုပိတ်ခွင့်ပြုခဲ့ခြင်းသည် အများပြည်သူတို့ကို ပိုမိုသံသယပွားစေသည်။ မုဒိမ်းမှုကျူးလွန်ပြီးနောက် နစ်နာသူမိန်းကလေးအား နစ်နာကြေးပေးရုံဖြင့် အမိန့်ကိုပိတ်ခွင့်ပြုခဲ့ခြင်းသည် နောင်တွင် မသိနားမလည်သည့်သူများ၊ ရိုးသားသည့် တောသူတောင်သားများအပေါ် အနိုင်ကျင့်၊ ဗိုလ်ကျလိုသူတို့အတွက် အခွင့်အလမ်း ဖန်တီးပေးသလိုဖြစ်ပေလိမ့်မည်ဆိုသည့်အချက်ကို ထည့်သွင်းမစဉ်းစားခဲ့ပေ။ ထို့အပြင် နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ရှိသူများထဲတွင်ပါဝင်သည့် နိုင်ငံတော်အစိုးရ၏ကိုယ်စား လိုက်ပါဆောင်ရွက်ရမည့်သူများက ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေနိုင်သည်။ ကျူးလွန်ခံရသည့် အမျိုးသမီးငယ်များကကျေနပ်သည်ဆိုရုံမျှဖြင့် အမှုကို ပိတ်ခွင့်၊ ဆက်လက်မဆောင်ရွက်သင့်ဟု မှတ်ချက်ကို အလွယ်တကူ မပေးသင့်ပေ။ မစမ်းစမ်းအေးသည် အသက်(၁၈)နှစ် မပြည့်သေးသည့်သူတဦးဖြစ်သည်။ သို့သော် မစမ်းစမ်းအေးအား ကလေးသူငယ်ခုံရုံးဖြင့်သီးသန့်စစ်ဆေးစီရင်ခဲ့ကြောင်းကို ယခုအမှုတွင် မတွေ့ရပေ။

အမှန်တရား ပေါ်ပေါက်စေရေးကို အဟန့်အတားပြုသည့် ဦးစံနက်ကျော်ကိုပင် သက်သေအထောက်အထားများ ဖျောက်ဖျက်ရန်ကြိုးစားခြင်း၊ မတရားသြဇာလွှမ်းမိုးခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း စသည့်ပြစ်မှုများဖြင့် ထပ်မံအရေးယူ ဆောင်ရွက်ရမည် ဖြစ်သည်။ သို့သော် ယခုအမှုတွင် ပေးတာကိုယူ၊ ပြောတဲ့အတိုင်းလုပ်ပေးလိုက်၊ ဇာတ်တူသားတို့မစားဆိုသည့် အထက်အာဏာပိုင်များ၏ ဖိအားပေးမှုများအတိုင်း လိုက်ပါဆောင်ရွက်ပေးခဲ့သည်ကို အထင်အရှား တွေ့ရှိရသည်။ တရားဥပဒေစိုးမိုးရေးဆိုတာကို ပြောသာပြောနေတာ ငါတို့ရဲ့အာဏာတည်မြဲရေးကို ထိပါးလာမယ်ဆိုရင် ဘာကိုမှကြည့်မနေနဲ့ အပြတ်သာနှံ၊ တရားဥပဒေရဲ့ထက်မှာ ငါတို့ အုပ်ချုပ်သူလူတန်းစားတရပ် ရှိနေတယ်ဆိုတာကို အတိအလင်း အသိပေးလိုက်ကြောင်းပါခင်ဗျား။ ❖

> “တရားဥပဒေစိုးမိုးရေးဆိုတာ ပြောသာပြောနေတာ ငါတို့ရဲ့အာဏာတည်မြဲရေးကို ထိပါးလာမယ်ဆိုရင် ဘာကိုမှကြည့်မနေနဲ့အပြတ်သာနှံ၊ တရားဥပဒေရဲ့ထက်မှာ ငါတို့ အုပ်ချုပ်သူလူတန်းစားတရပ် ရှိနေတယ်ဆိုတာကို အတိအလင်း အသိပေးလိုက်ကြောင်းပါ။”

**(Footnotes)**

၁။ ရွှေနေချုပ်နည်းဥပဒေအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁ နည်းဥပဒေပုဒ်မ ၃၄

၂။ ရွှေနေချုပ်နည်းဥပဒေအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁ နည်းဥပဒေပုဒ်မ ၃၅

၃။ ရွှေနေချုပ်နည်းဥပဒေအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁ နည်းဥပဒေပုဒ်မ ၃၆

၄။ ရွှေနေချုပ်နည်းဥပဒေအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁ နည်းဥပဒေပုဒ်မ ၅၇(ခ)

၅။ ရွှေနေချုပ်နည်းဥပဒေအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၁ နည်းဥပဒေပုဒ်မ ၆၄(ခ)

# ရန်ကုန်ဘူတာကြီးတွင် နှစ်ရက်ဆက်တိုက် ဗုံးပေါက်ကွဲမှုများဖြစ်ပွား

ယခုလ (၂၆)ရက်နှင့် (၂၇)ရက်နေ့များတွင် ရန်ကုန်ဘူတာကြီးအနီး၌ ဗုံးပေါက်ကွဲမှု (၂)ရက်ဆက်တိုက် ဖြစ်ပွားခဲ့ကြောင်း နအဖအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

(၂၆)ရက် စနေနေ့နံနက်ပိုင်း ၃း၀၀ နာရီအချိန်ခန့်က ရန်ကုန်ဘူတာကြီးအနီးတွင်ချိန်ကိုက်ဗုံး (၃)လုံးပေါက်ကွဲခဲ့ကြောင်း၊ နအဖ စစ်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်မှူးချုပ်ကျော်သိန်းက နိုင်ငံခြားသတင်းဌာနများကိုပြောကြားခဲ့ပြီး ပေါက်ကွဲမှုများကြောင့် သေဆုံးဒဏ်ရာရသူမရှိဟုဆိုခဲ့သည်။

(၂၇)ရက် တနင်္ဂနွေနေ့ နံနက် ၆း၀၀ ခန့်တွင်လည်း ဗုံးပေါက်ကွဲမှု နောက်တကြိမ်ထပ်မံဖြစ်ပွားခဲ့ကြောင်း ရဲအရာရှိကြီးတဦးက ပြောဆိုခဲ့သည်။

ယခုလို ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်ကျော်သိန်းက ပြည်ပရောက် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်၏ လက်ချက်ဖြစ်ကြောင်း စွပ်စွဲပြောဆိုလိုက်ပြီး အမျိုးသားညီလာခံကို ဖျက်ဆီးရန်ဖြစ်သည်ဟုဆိုခဲ့သည်။

သို့ရာတွင် နအဖ၏စွပ်စွဲပြောဆိုချက်များမှာမှန်ကန်မှုမရှိကြောင်း ဦးမောင်မောင်က ငြင်းဆိုထားပြီး ယခုဗုံးပေါက်ကွဲမှုများသည် နအဖစစ်ထောက်လှမ်းရေးများ၏ လက်ချက်သာဖြစ်ကြောင်း ပြန်လည်ချေပပြောဆိုခဲ့သည်။

နအဖသည် ယမန်နှစ်ကဖြစ်ပွားခဲ့သည့် တော်လှန်ရေးနေ့ ဗုံးပေါက်ကွဲမှုအပါအဝင် ဗုံးပေါက်ကွဲမှုများတွင် ကေအဲန်ယူနှင့် ကျောင်းသားတပ်မတော်၏ လက်ချက်ဖြစ်ကြောင်း ပုံမှန်စွပ်စွဲ ပြောဆိုခဲ့သော်လည်း ယခုတကြိမ်တွင် ဦးမောင်မောင်ကို စွပ်စွဲပြောဆိုခဲ့ခြင်းဖြစ်သည်။

ယခုလိုစွပ်စွဲပြောမှုများအပေါ် နိုင်ငံရေးအကဲခတ်သူများကဝေဖန်ခဲ့ရာတွင် ဦးမောင်မောင်သည် အဖွဲ့ချုပ်ခေါင်းဆောင် တဦးဖြစ်သူ ဦးညွန့်ဝေ၏သားဖြစ်နေသည့်အတွက် အဖွဲ့ချုပ်ကိုအပြစ်ဖို့ရန် နအဖက အကြောင်းရှာနေပုံရကြောင်းယူဆကြသလို ကျင်းပဆဲဖြစ်သည့် ညီလာခံတွင် တိုင်းရင်းသားအဖွဲ့များ၏ အာဏာခွဲဝေမှုနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် အာမခံချက်မပေးနိုင်သည့်အတွက်ညီလာခံကို ရပ်ပစ်လိုကရပ်ပစ်နိုင်ရန်ကြံစည်နေပုံရ ကြောင်းယူဆနေကြသည်။❖

# ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းဖြန့်ဝေ၍ ဖမ်းဆီးခံရသည့် လူငယ် (၉)ဦး ပြန်လည်လွတ်မြောက်

ဒီပဲယင်းအကြမ်းဖက်မှုဖြစ်ပွားသည့် မေ(၃၀)နှစ်ပတ်လည်နေ့တွင် ရန်ကုန်မြို့လည်နေရာအနှံ့အပြား လူစည်ကားရာနေရာများတွင် ကုလသမဂ္ဂ၏လူ့အခွင့်အရေးကြေညာစာတမ်းများ လိုက်လံဖြန့်ဝေခဲ့သည့်အတွက် ဖမ်းဆီးခြင်းခံခဲ့ရသည့် အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်(၉)ဦးတို့ကို အာဏာပိုင်များက ရက်ပိုင်းအတွင်းပြန်လည်လွှတ်ပေးလိုက်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က အတည်ပြုပြောကြားခဲ့သည်။

ယခုလို ပြန်လည်လွတ်မြောက်လာသူများမှာ ရွှေပြည်သာမြို့နယ် အဖွဲ့ချုပ်လူငယ်များဖြစ်သည့် ကိုနေစိုး၊ ကိုမျိုးမင်းဝေ၊ ကိုမြင့်ကျော်ဦးနှင့် ကိုမျိုးသန်းထက်(တာမွေ)၊ ကိုမျိုးမင်းစိုး(ကမာရွတ်)၊ ကိုမျိုးမင်း(မရမ်းကုန်း)၊ ဒဂုံမြို့သစ်မှ ကိုကျော်ကျော်၊ ကိုသန်းဝင်းအောင်နှင့် ကွမ်းခြံကုန်းမှ ကိုမျိုးမင်းမောင်တို့ဖြစ်ကြပြီး ၎င်းတို့ကို အင်းစိန်ထောင်တွင် ဖမ်းဆီးထားခဲ့ပြီးမှ ဇွန်(၇)ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုလို စာရွက်စာတမ်းဖြန့်ဝေမှုမျိုးကို ယခင်က အရေးပေါ်စီမံချက်ဥပဒေ ပုဒ်မ ၅/ည ဖြင့်အရေးယူ၍ ထောင်ဒဏ်(၇)နှစ်မှ (၂၁)နှစ်အထိချလေ့ရှိသော်လည်း ၎င်းတို့ကို ရက်ပိုင်းအတွင်းပြန်လည်လွှတ်ပေးခဲ့ခြင်းသည် စစ်အုပ်စုအနေဖြင့် နိုင်ငံတကာဖိအားတွေကို လျှော့ချဖို့ကြိုးစားနေရခြင်းကြောင့်ဖြစ်နိုင်ကြောင်း နိုင်ငံရေးသုံးသပ်သူများက ဝေဖန်ခဲ့ကြသည်။ သို့ရာတွင် အဆိုပါနေ့က ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်လွှတ်ပေးရန် တကိုယ်တော်ဆန္ဒပြခဲ့သူ တာမွေ ကျိုက္ကဆံ ရဲရိပ်သာတွင်နေထိုင်သည့် ရဲဝန်ထမ်းတဦး၏ သမီးဖြစ်သူ မလှစုဆိုသူကို အာဏာပိုင်များက စိတ္တဇဝေဒနာရှင်ဟု စွပ်စွဲဖမ်းဆီး၍ ဆေးရုံသို့ပို့ထားကြောင်း သိရသည်။ ❖


BINA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာ** ခင်လွှန်း
**နိုင်ငံတကာသတင်း အယ်ဒီတာ** ဗလ
**အပြင်အဆင်** မောင်မောင်ဦး

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com


# နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးပြုပြင်ရေး ဒေသခံများကို အဓမ္မလုပ်အားစေခိုင်း အိန္ဒိယအစိုးရအကူအညီငွေယူထားပြီး အဓမ္မခိုင်းစေခြင်းဖြစ်နိုင်ဟုသုံးသပ်နေကြ



လမ်းဖောက်လုပ်ရေးလုပ်ငန်းတခုတွင် လုပ်အားပေးနေရသည့် ကလေးငယ် (၂)ဦး

အဓမ္မလုပ်အား ခိုင်းစေမှုများ ရပ်တန့်သွားရေးအတွက် နအဖစစ်အုပ်စုကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)က သတိပေးပြောဆိုနေသော်လည်း ချင်းပြည်နယ်အတွင်း ဒေသခံအာဏာပိုင်များက ဆက်လက်ခိုင်းစေနေဆဲဖြစ်ကြောင်း အိန္ဒိယ မြန်မာနယ်စပ်မှ လာသည့် သတင်းများအရ သိရသည်။

ချင်းပြည်နယ်၊ တီးတိန်မြို့မှ အိန္ဒိယနယ်စပ်အထိ ဖောက်လုပ်ထားသည့် ကားလမ်းချဲ့ထွင်ရေးတွင် အနီးတဝိုက်ရှိ ဒေသခံများအား ချင်းပြည်နယ်အခြေစိုက် ခလရ(၂၆၇)က ခိုင်းစေနေခြင်းဖြစ်ပြီး အိမ်ခြေ(၅၀၀)ခန့်ရှိသည့် တီးတိန်မြို့နယ်၊ လွိုင်သီးကျေးရွာ အပါအဝင် ကားလမ်းတလျှောက်ကျေးရွာများမှ ရွာသားများ တအိမ်တယောက်နှုန်းဖြင့် နေ့စဉ်လုပ်အားပေးလိုက်နေရသည်မှာ (၁) လနီးပါးရှိနေပြီဖြစ်ကြောင်း ဒေသခံတို့အဆိုအရ သိရသည်။

ထို့အပြင် ကလေးမြို့အကျဉ်းထောင်မှ အကျဉ်းသားများကိုပါ သံခြေကျင်းခတ်၍ ထိုလမ်းဖောက်လုပ်ရာတွင် ထည့်သွင်းခိုင်းစေနေသည်ဟုလည်း ဒေသခံများက ဆိုသည်။

ထိုသို့ လုပ်အားစေခိုင်းမှုများကြောင့် ဒေသခံကျေးရွာသားများ ကိုယ့်အလုပ်ကိုယ်မလုပ်နိုင်သဖြင့် စားဝတ်နေရေးအခက်အခဲများရင်ဆိုင်နေရရာသည့်ကြားထဲ လမ်းမြေဖို့ရန်သတ်မှတ်ထားသည့် တအိမ်တကျင်းနှုန်းမြေကျင်းကိုမပေးနိုင်ပါက ဒဏ်ငွေကျပ်(၄၈၀၀) ထည့်နေရသေးကြောင်း သိရသည်။

ယခုဖောက်လုပ်နေသည့် အိန္ဒိယ မြန်မာနယ်စပ်ကုန်သွယ်ရေးလမ်းသည် အိန္ဒိယအစိုးရက ကူညီဖောက်လုပ်ပေးရန် ယခုနှစ်ဆန်းပိုင်းက နှစ်နိုင်ငံအစိုးရအရာရှိများ သဘောတူညီခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နအဖအာဏာပိုင်များက အိန္ဒိယအစိုးရပေးသည့် လမ်းပြင်စရိတ်ငွေကိုယူပြီး ဒေသခံများအား ယခုလိုအဓမ္မ လုပ်အားစေခိုင်းနေခြင်းဖြစ်နိုင်ကြောင်း အိန္ဒိယ မြန်မာနယ်စပ်အခြေစိုက် အကဲခတ်များက သုံးသပ်နေကြသည်။❖

# အမျိုးသားညီလာခံ၏အခြေအနေ မပေါက်ကြားရန် နအဖက ညွှန်ကြားချက်များ ထုတ်ပြန်ထား

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းတွင်ကျင်းပနေသည့် နအဖ၏ အမျိုးသားညီလာခံသို့ တက်ရောက်နေသည့် အစုအဖွဲ့(၈)ခုမှ ကိုယ်စားလှယ်များ၏ ပြည်တွင်းပြည်ပဆက်သွယ်မှု လှုပ်ရှားမှုများအား စုံစမ်းဖော်ထုတ်ရန် နအဖ က ယခုလ(၈)ရက်နေ့တွင် ညွှန်ကြားစာ ထုတ်ပြန်လိုက်သည်။

လွန်ခဲ့သည့် စနေ၊ တနင်္ဂနွေနေ့များက ညီလာခံကိုယ်စားလှယ်များအား အပြင်ထွက်ခွင့်ပေးခဲ့ပြီးသည့်နောက် ညီလာခံသတင်းများအပြင်သို့ ပေါက်ကြားမှုရှိခဲ့သည့်အတွက်ကြောင့်ဖြစ်ကြောင်း အဆိုပါ ညွှန်ကြားချက်တွင်ဖော်ပြထားသည်ဟု အာဏာပိုင်များနှင့်နီးစပ်သည့် သတင်းများအဆိုအရ သိရသည်။

ထို့အပြင် ညီလာခံတက်ရောက်နေသူ အချို့ကိုယ်စားလှယ်များသည် ညီလာခံတွင် ရှေ့ဆက်ဆွေးနွေးမည့် အကြောင်းအရာများကို အပြင်ထွက်ခွင့်ရခိုက်တွင် ပြည်တွင်းပြည်ပနှင့် တိုင်ပင်ညှိနှိုင်းမှုများရှိခဲ့ကြောင်း အဆိုပါညွှန်ကြားချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ရန်ကုန်ရှိ အကဲခတ်များ အဆိုအရ အဆိုပါညွှန်ကြားချက်သည် မည်သူဟု တိကျစွာဖော်ပြထားခြင်းမရှိသော်လည်း အပစ်အခတ်ရပ်စဲရေးအဖွဲ့အချို့မှ ကိုယ်စားလှယ်များအား ရည်ညွှန်းထားခြင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အမည်မဖော်လိုသူ အပစ်အခတ်ရပ်စဲရေးအဖွဲ့မှကိုယ်စားလှယ်တဦးက ၎င်းတို့မှာညီလာခံတက်ရောက်နေရသော်လည်း ဆုတ်လည်းစူး၊ စားလည်းရူးရမည့် အခြေအနေရောက်နေကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံသို့ ပြောကြားသွားခဲ့သည်ဟု သိရသည်။ ❖

ဇွန် (၆) စိတ်ဓာတ် ... မှ

"နေဝန်းနီနီ"စီးရီးနဲ့ ထုတ်ထားပါတယ်။ မူရင်းစာသားတချို့တော့ ပြောင်းထားပါတယ်။ "ဒို့များတပ်ဦးက တပ်လှန့်နိုးလိုက်ပါသည်"ဆိုတဲ့အပိုဒ်ရဲ့ မူရင်းစာသားကတော့ "ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုအောက်မှာအတည်"ဆိုတဲ့ စာသားလေးပါပဲ။ ကျွန်တော့အထင်ကတော့ "ကွန်မြူနစ်"တဲ့ စကားလုံးကြီးက တချို့လူတွေအတွက် တစ္ဆေသရဲကြီးတကောင်လို ကြောက်နေပုံရသလားလို့။ ကျွန်တော်တို့ ကျောင်းသားတစုကတော့ ဒီသီချင်းစာသားအတိုင်း ထားချင်ပါတယ်။ ကွန်မြူနစ်ကို ဘာလို့ ကြောက်ရမှာလဲ။ ပြည်သူတွေအပေါ် မဟုတ်တာလုပ်တဲ့ လုပ်ရပ်မှန်သမျှ ရှေ့ဆုံးက တိုက်ပွဲဝင်ကာ ခေတ်အဆက်ဆက် ကျောင်းသားတွေပါဖြစ်တာမို့ ကွန်မြူနစ် မဟုတ်တာလုပ်လာရင်လည်း ကျွန်တော်တို့ကျောင်းသားတွေက တိုက်ဦးမှာပဲ။

ဂျွန်(၆)တိုက်ပွဲဟာ ကျွန်တော်တို့ မြန်မာအလုပ်သမားထုကြီးထဲက မဆလပါတီကို ပထမဦးစွာ တော်လှန်လိုက်တဲ့ အလုပ်သမားတိုက်ပွဲသမိုင်းဖြစ်ပါတယ်။ ဂျွန် အလုပ်သမားသပိတ်ရဲ့ ရဲရင့်တက်ကြွအနစ်နာခံမှု စွန့်လွှတ်တိုက်ပွဲဝင်မှုတွေဟာ နောက်ဆက်တွဲ ကျောင်းသားလှုပ်ရှားမှုတွေကို ရဲရင့်ပြောင်မြောက်အောင် တွန်းအားပေးတဲ့ ခွန်အားတွေဖြစ်လာစေတာဆိုတာ ကျွန်တော်တို့ ဝန်ခံရင်းနဲ့ ဂျွန်(၆)စိတ်ဓာတ်အဓွန့်ရှည်စေကြောင်း ဟစ်ကြွေးလိုက်ပါတယ်။

ဂျွန်(၆)စိတ်ဓာတ်

ခြေဆင်း .... ဖက်ဆစ်လှိုင်းတံပိုးကြားမှ ....အလုပ်သမားတိုက်ပွဲခေါ်သံသည် .... ရှန်းထွက်လွှန့်လူး ....လေမှာမြူးခဲ့ပြီ။

– အလုပ်သမားတို့တိုက်ပွဲခေါ်သံသည် မြန်ပြည်မက ကမ္ဘာမြေအနှံ့ပျံ့လွင့်ခဲ့ပြီ။

– စစ်ဖိနပ်အောက်ဒူးမထောက်ခဲ့ပြီ ငတ်ရင်းဖြင့်အသေမခံ တိုက်ရင်းသာအသေခံမည် ဘာမထီ ဇာနည်စိတ်ဓာတ်မွေးခဲ့ပြီ။

– အာဏာရူးစစ်အစိုးရသည် ပေးစရာဆန်အစား 'သနားမညှာ' ကျည်ဆံများ ပေးခဲ့လေပြီ။

– အလုပ်သမားတို့သွေး မြေခခဲ့ပြီ။

– အစုလိုက်အပြုံလိုက်ညှဉ်းကာ ထောင်မှာသွင်းအကျဉ်းချလေပြီ ဖိနှိပ်မှုကမ်းကုန်အစွမ်းကုန် ရက်စက်ခဲ့တော့သည်။

– နီမောင်းတဲ့ အလုပ်သမားတို့ သွေးနဲ့ စတေးကာ ဂုဏ်ပြောင်တဲ့သမိုင်းစာ မျက်နှာဖွင့်ခဲ့လေပြီ။

– ပြည်သူတို့နိုးကြားခဲ့ပြီ ပြည်သူအားလုံးနိုးကြားခဲ့ပြီ။

– ကွန်မြူနစ်ပါတီရဲ့ဦးဆောင်မှုအောက်မှာ အတည်။

– အလုပ်သမား လယ်သမား ကျောင်းသားများလက်တွဲညီညီ။

– သမိုင်းကြွေးကို သွေးနဲ့ဆပ်မည် အဓိဋ္ဌာန်ကာရည်

– အာဏာရူးစစ်အစိုးရသည် မုချမသွေ ကျဆုံးရစေမည်။

မြင့်မြတ်တဲ့တိုက်ပွဲ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ပါစေ။

နီမောင်းတဲ့ အလုပ်သမားသွေးသမိုင်း ကမ္ဘာတည်သ၍ အဓွန့်ရှည်ပါစေ။

ဂုဏ်ပြောင်တဲ့ ဂျွန်(၆)စိတ်ဓာတ် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ပါစေ။

အထောင်အသောင်းသော တိုက်ပွဲဝင်ကမ္ဘာ့အလုပ်သမားများညီ [illegible]❖

# ဂုဏ်ထူးဆောင် ပြင်သစ်နိုင်ငံသားအဖြစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ချီးမြှင့်ခံရ

မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ပြင်သစ်နိုင်ငံ၏ ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် ပါရီမြူနီစပယ်ကောင်စီလူကြီးများက ယခုလ(၈)ရက်နေ့က ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းအရ သိရသည်။



မြန်မာ့ဒီမိုကရေစီခေါင်းဆောင်
ဒေါ်အောင်ဆန်းစုကြည်

အဆိုပါဆုကို ရွေးချယ်ရန် ဂရင်းပါတီဝင်များက အဆိုပြုခဲ့ကြခြင်းဖြစ်ပြီး ဆိုရှယ်လစ်မြူနီစပယ်များက ထောက်ခံကာ ဇွန်လ(၁၉)ရက်နေ့တွင်ကျရောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ အသက်(၅၉)နှစ်ပြည့် မွေးနေ့တွင် အဆိုပါဘွဲ့ကို ချီးမြှင့်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယခုဆုသည် ၂၀၀၄ ခုနှစ်အတွင်း ဒုတိယမြောက်ရရှိခဲ့သောဆုဖြစ်ပြီး ပြီးခဲ့သည့်လက တောင်ကိုရီးယားနိုင်ငံ၏ ချီးမြှင့်သည့် ဂွမ်ဂျူးလူ့အခွင့်အရေးဆုကို ရရှိခဲ့သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် ယခုချီးမြှင့်ခံရသည့် ပြင်သစ်နိုင်ငံ၏ ဂုဏ်ထူးဆောင်နိုင်ငံသားဆု အပါအဝင် ၁၉၇၉ ခုနှစ်မှစ၍ ယနေ့အချိန်အထိ(၁၉၉၁)ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုနှင့် အခြားဂုဏ်ထူးဆောင်ဘွဲ့များ(၇၀)နီးပါးကို ရရှိပြီးဖြစ်သည်။ ❖

# အနာဂတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခွင့်ပြုမည်ဆိုသည့် နအဖဝန်ကြီး၏စကား အတည်ပြုဖွယ်မရှိ

ဇွန်လနောက်ဆုံးပတ်က အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်တွင် အာစီယံနိုင်ငံခြားရေးဝန်ကြီးများ၏နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ ထိုအစည်းအဝေးတွင် နအဖနိုင်ငံခြားရေးဝန်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးသွားပါက လာမည့်အနာဂတ်ရွေးကောက်ပွဲများတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဟု ပြောကြားသွားရာ အဆိုပါပြောဆိုချက်အပေါ် အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင်က ဦးဝင်းအောင်သည် နအဖ စစ်အုပ်စု၏ ပြောခွင့်ရပုဂ္ဂိုလ်မဟုတ်ဟု ချေပပြောဆိုလိုက်သည်။

ဦးဝင်းအောင်က လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီးပါက ထိုဥပဒေအရ မြန်မာနိုင်ငံ၏ အနာဂတ်ရွေးကောက်ပွဲများတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆမ်ဝီရာယုဒကို ဇွန် (၃၀)ရက်နေ့တွင် ပြောကြားခဲ့သည်ဟု ဆိုသည်။

နအဖနိုင်ငံခြားရေးဝန်ကြီး၏ ပြောဆိုချက်နှင့်ပတ်သက်၍ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင်က ဦးဝင်းအောင်သည် နိုင်ငံခြားရေးဝန်ကြီးဖြစ်သော်လည်း နအဖစစ်အုပ်စု၏ ပြောခွင့်ရပုဂ္ဂိုလ်မဟုတ်ကြောင်း ချေပပြောဆိုခဲ့သည်။ ထို့အပြင် နအဖက ရေးဆွဲရန်ပြင်ဆင်နေသော ဖွဲ့စည်းအုပ်ချုပ်ပုံသည် မည်သူ၏ သဘောတူညီချက်မျှ မရသေးကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲခြင်းမှာ လွယ်လွယ်နှင့်မရသလို ပြည်သူ့ဆန္ဒခံယူ၍ အတည်ပြုရဦးမည်ဖြစ်ကြောင်း ပြန်လည်ထောက်ပြခဲ့သည်။



ဟာဆမ်ဝီရာယုဒ နှင့် ဦးဝင်းအောင်

အဆိုပါအစည်းအဝေးတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြန်လည်လွတ်ပေးရေး၊ မြန်မာ့ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့အတွက် တစုံတရာထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ အနာဂတ်ရွေးကောက်ပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခွင့်ပြုမည်ဆိုသည့် ဦးဝင်းအောင်၏ပြောကြားချက်ကို တိုးတက်မှုတရပ်အဖြစ် ဝီရာယုဒက ပြောဆိုသွားခဲ့သည်။

အစည်းအဝေးအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဆင်ပြေချောမွေ့စေရန် နိုင်ငံရေးပါတီများကလည်း ဆက်လက်ကြိုးပမ်းသင့်ကြောင်း ဖော်ပြထားသည်။ ❖

# နအဖ အမျိုးသားညီလာခံနှင့်ပတ်သက်၍ အပစ်အခတ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အမြင်သဘောထား

၂၀၀၄၊ မတ်လ (၁၁) ရက်

၁။ အမျိုးသားညီလာခံ၏ နိုင်ငံရေးဦးတည်ချက်များမှ နံပါတ်(၆)သည် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီ၊ လူထုဆန္ဒ သဘောထားနှင့် မကိုက်ညီသည့်အတွက် ဆွေးနွေးညှိနှိုင်းပြင်ဆင်ခွင့်ရှိရန်။

၂။ ယခင်ချမှတ်ထားသောအခြေခံမူ (၁၀၄)ချက်အနက် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီသော အချက်အလက်များကို ပြန်လည်ဆွေးနွေးပြင်ဆင်ခွင့်ရှိရန်။

၃။ အမျိုးသားညီလာခံကျင်းပနေစဉ်အတွင်း ပြည်ထောင်စုကြီး၏ကောင်းကျိုးအတွက် အကြံဉာဏ်ကောင်းပေးနိုင်မည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့်မဆို လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးနိုင်ခွင့်ရှိရန်။

၄။ အမျိုးသားညီလာခံကျင်းပနေစဉ်အတွင်း အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မိမိတို့၏သက်ဆိုင်ရာမိခင်အဖွဲ့အစည်းနှင့် လွတ်လပ်စွာ ဆက်သွယ်တွေ့ဆုံ၍ အကြံဉာဏ်ရယူဆွေးနွေးနိုင်ခွင့်ရှိရန်။

၅။ ၁၉၉၀–ခုနှစ်တွင် ပြည်သူလူထုတရပ်လုံးက တခဲနက်ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များ အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိရန်။

၆။ အပစ်အခတ်ရပ်ဆဲပြီး တိုင်းရင်းသားပြည်သူများကို အမှန်တကယ် ကိုယ်စားပြုသောအဖွဲ့အစည်းများ၊ အပစ်အခတ်မရပ်စဲသေးသည့် အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေးအမြန်ရယူပြီး အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိရန်။

၇။ ၁၉၉၆ ခုနှစ် ဇွန်လ (၇)ရက်နေ့တွင်ထုတ်ပြန်ထားသော ဥပဒေအမှတ်(၅/၉၆)သည် ယခင် (၁၉၉၃/၉၆) အမျိုးသားညီလာခံကို အကာအကွယ်ပေးထားသည့် ဥပဒေဖြစ်နေခြင်းကြောင့် ၎င်းဥပဒေကို ရုပ်သိမ်းပေးရန်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖွဲ့

ကချင်ပြည်နယ်လွတ်လပ်ရေးအဖွဲ့ (KIO)
ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO)
မွန်ပြည်သစ်ပါတီ (NMSP)
ရှမ်းပြည်တပ်မတော် (SSA)ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)
ကယားပြည်သစ်ပါတီ (KNLP)
ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူလွတ်မြောက်ရေးအဖွဲ့ (SNPLO)
ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF)

# တစည က စစ်တပ်၏ ၂၅ ရာခိုင်နှုန်း ပါဝင်ခွင့်လက်ခံ အမျိုးသားညီလာခံနှင့် စပ်လျဉ်း၍ အကောင်းဘက်မှ ရှုမြင်




ညီလာခံတက်ရောက်နေသည့် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ

၁၉၆၂ မှ ၁၉၈၈ ခုနှစ်ထိ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သည့် (ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတဖြစ်လဲ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် လက်ရှိ နအဖကကျင်းပနေသောအမျိုးသားညီလာခံကို အကောင်းဖက်မှ ရှုမြင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပြီးစစ်တပ်၏ လွှတ်တော်တွင်၂၅%ပါဝင်ခွင့်တောင်းဆိုမှုကိုသဘောတူလက်ခံကြောင်းနှင့်၊ နောင်တွင် စစ်တပ်၏ပါဝင်မှု အချိုးအစားကို နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများပေါ်မူတည်၍ တဖြည်းဖြည်း လျှော့ချသွားသင့်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

တစည စည်းရုံးရေး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးခင်မောင်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr Jean Michel Lacombe တို့ ၂၈–၄–၂၀၀၄ ရက်နေ့က တစည ဌာနချုပ်၌ တွေ့ဆုံရာတွင် ဦးခင်မောင်ကြီးက ယခုကဲ့သို့ ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဦးခင်မောင်ကြီးက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုကဏ္ဍကို လျှော့ကျစေသည့် အသုံးအနှုန်းများကို ပြင်သစ်သံအမတ်ကြီးအား ပြောဆိုခဲ့ကြောင်းနှင့် အဲန်အယ်လ်ဒီမှ အမျိုးသားညီလာခံ မတက်ရောက်ပါက အခွင့်အရေးဆုံးရှုံးမည်ဟု ပြောဆိုခဲ့သည်ကိုလည်း NCGUB မှ ထုတ်ပြန်သော သတင်းများအရ သိရှိရသည်။ ❖

# ၁၇၊ ၅၊ ၀၄ နအဖ အမျိုးသား ညီလာခံတက်ရောက်သော ကိုယ်စားလှယ်အစုအဖွဲ့ များမှ ကိုယ်စားလှယ်အရေအတွက်

| စဉ် | ကိုယ်စားလှယ်အစုအဖွဲ့ | အရေအတွက် | | မှတ်ချက် |
|---|---|---|---|---|
| | | ယခု | ယခင် | |
| ၁ | အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အစုအဖွဲ့ | ၅၆ | ၃၅ | |
| ၂ | တောင်သူလယ်သမား ကိုယ်စားလှယ်အစုအဖွဲ့ | ၉၃ | ၉၃ | တိုင်း၊ ပြည်နယ်(၁၄)ခု |
| ၃ | အလုပ်သမား ကိုယ်စားလှယ်အစုအဖွဲ့ | ၄၈ | ၂၉ | |
| ၄ | နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်အစုအဖွဲ့ | ၁၀၉ | ၉၀ | |
| ၅ | နိုင်ငံရေးပါတီ ကိုယ်စားလှယ်အစုအဖွဲ့ | ၂၉ | ၄၈ | (၇)ပါတီ |
| ၆ | တိုင်းရင်းသား ကိုယ်စားလှယ်အစုအဖွဲ့ | ၆၃၃ | ၂၁၂ | |
| ၇ | အရွေးချယ်ခံ ကိုယ်စားလှယ်အစုအဖွဲ့ | ၁၅ | ၉၉ | |
| ၈ | အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်အစုအဖွဲ့ | ၁၀၅ | ၈၁ | |
| | စုစုပေါင်း | ၁,၀၈၈ | ၆၈၇ | |